# မြဝတီ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်**

လျှာသည် ချိုချဉ်ခါးဖန် အငန်အပေါ့စသော ဟင်း၏ အရသာကို လျင်မြန်စွာ သိသကဲ့သို့ အလိမ္မာဉာဏ်ရှိသောသူသည် တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်ရမူ လျင်မြန်စွာ သူတော်ကောင်းတရားကို သိလေ၏။

ဗာလဝဂ်(ဓမ္မပဒ-၆၅)


၁၃၈၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်၊ သောကြာနေ့။ Friday, 13 October 2023 ၁၁၂၄၇


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ အစည်းအဝေး(၁/၂၀၂၃)တွင် အမှာစကားပြောကြားစဉ်။

# အထူးစီးပွားရေးဇုန်များ ပိုမိုဖွံ့ဖြိုးတိုးတက်လာမှသာ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်သည့်အပြင် ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ၊ လူနေမှုအဆင့်အတန်းများ တိုးတက်မှုရရှိလာမည်

## အထူးစီးပွားရေးဇုန်များ အောင်မြင်တိုးတက်အောင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ယခုထက် ပိုမိုကြိုးပမ်းဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၂**

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ အစည်းအဝေး (၁/၂၀၂၃)ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ သီလဝါ၊ ကျောက်ဖြူနှင့် ထားဝယ်အထူးစီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်တို့က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိနိုင်ငံအပါအဝင် နိုင်ငံတကာရှိ

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**




ကြေးမုံ

# ငြိမ်းချမ်းရေးတည်ဆောက် ပဋိပက္ခများချုပ်ငြိမ်း

ပြီးခဲ့သည့်ရက်သတ္တပတ်က အစ္စရေးနိုင်ငံ၏ အားလပ်ရက်တစ်ရက်တွင် ဂါဇာကမ်းမြောင်ဒေသမှ အစ္စရေးနိုင်ငံအတွင်းသို့ ဟားမားစ်တို့က ဒုံးကျည်ဖြင့် တိုက်ခိုက်မှုကြောင့် အစ္စရေး ၁၀၀ ကျော်သေဆုံးပြီး ၉၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်။ ထိုသို့တိုက်ခိုက်ပြီး နှစ်နာရီအကြာတွင် ဂါဇာကမ်းမြောင်ဒေသသို့ အစ္စရေးတို့က လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၁၉၈ ဦးထက်မနည်းသေဆုံးပြီး ၁၆၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်။

အစ္စရေး-ပါလက်စတိုင်းတို့၏ သမိုင်းကြောင်းနှင့်ချီသည့် အပြန်အလှန်တိုက်ခိုက်မှုများသည် မတူကွဲပြားသောလူမျိုးနှစ်ခုအကြား အမုန်းတရားများကြီးမားမှု၏ရလဒ်များကို နှစ်ဖက်ပြည်သူများ အသက်သေဆုံး၊ ဒဏ်ရာရမှုများက သက်သေပြလျက်ရှိပြီး ရှည်လျားသော မငြိမ်းချမ်းသည့် ပဋိပက္ခကာလများအတွင်း ပြည်သူများ၏ ဘဝများစွာပေးဆပ်ခဲ့ရသည်။ အလားတူ ရုရှား-ယူကရိန်း ရှည်ကြာလာသည့် ပဋိပက္ခကြောင့် နှစ်ဖက်ပြည်သူသောင်းသိန်းချီ၍ ထိခိုက်သေဆုံးခဲ့ရပြီးဖြစ်သည်။ အမုန်းတရားကို အခြေခံသည့် လက်နက်ကိုင်ပဋိပက္ခများ၏ ရလဒ်များမှာ ဝမ်းနည်းကြေကွဲစရာဖြစ်သည်။

ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခဖြစ်ပွားခဲ့သည်မှာ နှစ်ပေါင်း ၅၀ ကျော်ကြာမြင့်ခဲ့ပြီး ပြည်သူပေါင်း နှစ်သိန်းခွဲကျော်အသက်သေဆုံးခဲ့ရသည့် တောင်အမေရိကတိုက်ရှိ ကိုလံဘီယာနိုင်ငံပြည်တွင်းစစ်ကို လေးနှစ်ကျော်ကြာဆွေးနွေးညှိနှိုင်းပြီး ငြိမ်းချမ်းရေးရယူခဲ့သည်။ နှစ်ဖက်သဘောတူငြိမ်းချမ်းရေးစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ကိုလံဘီယာနိုင်ငံတွင် နှစ်ပေါင်းရှည်ကြာဖြစ်ပွားခဲ့သည့် လက်နက်ကိုင်ပဋိပက္ခကို အဆုံးသတ်နိုင်ခဲ့သည်။ တစ်ဖက်နှင့်တစ်ဖက် မည်သို့ပင်ရန်လိုမုန်းဖက်သော်လည်း ငြိမ်းချမ်းလိုသည့် စိတ်ရင်းအမှန်ဖြင့် ညှိနှိုင်းဖြေရှင်းကြပါလျှင် ငြိမ်းချမ်းရေးသည် မလွဲဧကန်ရရှိမည်မှာ အမှန်ဖြစ်သည်။

ယနေ့ကမ္ဘာပေါ်ရှိ နိုင်ငံအချို့တွင် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကို အနည်းနှင့်အများ ရင်ဆိုင်ကြုံတွေ့နေရဆဲဖြစ်သည်။ ကမ္ဘာကြီး ငြိမ်းချမ်းသာယာဝပြောရေးအတွက် ကုလသမဂ္ဂအဖွဲ့အစည်းအပါအဝင် နိုင်ငံအဖွဲ့အစည်းများက ကြိုးပမ်းနေကြသော်လည်း ဘက်လိုက်မှု၊ တရားမျှတမှုမရှိမှု၊ မရိုးသားမှုများကြောင့် ပြဿနာအဖြေရှာနိုင်ရေးမှာ အလှမ်းမနီးဘဲ ပိုလို့ပင်ကြီးထွားလာနေသည်ဟုပင် ထင်မြင်ရဖွယ်ရှိသည်။ ထို့ကြောင့် ပြည်တွင်းငြိမ်းချမ်းရေးကို ပြည်တွင်းအားဖြင့်ပင် အဖြေရှာ၍ ကာယကံရှင်များကိုယ်တိုင် အားလုံးငြိမ်းချမ်းကြပါစေဆိုသည့် စိတ်ကောင်းစေတနာဖြင့် ငြိမ်းချမ်းရေးခရီးလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းကြရန်လိုအပ်သည်။

မြန်မာနိုင်ငံတွင်လည်း နှစ်ပေါင်း ၇၀ ကျော်ကြာမြင့်ခဲ့ပြီဖြစ်သည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ၏ အကျိုးဆက်များအဖြစ် တိုင်းရင်းသားပြည်သူများ၏ ဘဝများ၊ အသက်များ များစွာပေးဆပ်ခဲ့ရပြီးဖြစ်သည်။ ထိုဒေသများမှာ လက်နက်ကိုင်ပဋိပက္ခများကြောင့် ဖွံ့ဖြိုးတိုးတက်မှုနှင့်အလှမ်းဝေးပြီး အဘက်ဘက်တွင် တိုးတက်မှုနှေးကွေးနိမ့်ကျနေသည့်အခြေအနေများကို ပြည်သူများပင် ခံစားနေကြရသည်။ ဤသို့မငြိမ်းချမ်းသောအခြေအနေများကို မည်သူမျှမလိုလား မနှစ်မြို့သဖြင့် အဆုံးမသတ်နိုင်သည့်အခြေအနေများကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် နှစ်ပေါင်းများစွာ ကြာမြင့်နေပြီဖြစ်သည့် ပဋိပက္ခဆိုးမွေကို အဆုံးသတ်ရန် ၂၀၁၁ ခုနှစ်တွင် ငြိမ်းချမ်းရေးဆွေးနွေးရန် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆွေးနွေးမှုများ အကြိမ်များစွာပြုလုပ်ခဲ့သည်။ လေးနှစ်အကြာတွင် နိုင်ငံတကာအသိသက်သေများရှေ့မှောက်၌ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့က တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) တွင် သဘောတူလက်မှတ်ရေးထိုးခဲ့သည်။ ထို့နောက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နှစ်ဖွဲ့ ထပ်မံလက်မှတ်ရေးထိုးသဖြင့် NCA လက်မှတ်ရေးထိုးပြီး ၁၀ ဖွဲ့ရှိလာသည်။ NCA သည် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲခြင်းသာမက ငြိမ်းချမ်းရေးအတွက် ပြီးပြည့်စုံသော ရည်မှန်းချက်များပါဝင်သည်။

ငြိမ်းချမ်းရေးသည် အများအကျိုးစီးပွားကို ရှေးရှုထားခြင်းဖြစ်ပြီး ကိုယ်ကျိုးစီးပွားနှင့်ယှဉ်လျှင် ငြိမ်းချမ်းရေးနှင့်အလှမ်းဝေးနေမည်သာဖြစ်သည်။ ငြိမ်းချမ်းရေးကို တည်ဆောက်ရာ၌ မိမိတို့ခံစားချက်ထက် နိုင်ငံ၏ပကတိအခြေအနေ၊ ဘုံရည်မှန်းချက်နှင့် ငြိမ်းချမ်းရေးကိုလိုလားသည့် စိတ်အခံဖြင့်သာ ချဉ်းကပ်နိုင်မည်ဖြစ်သည်။ ထိုစိတ်ဖြင့် နိုင်ငံများ ငြိမ်းချမ်းရေးရရှိလာကြသည်မှာ ဝမ်းမြောက်စရာဖြစ်သလို အတ္တအကျိုးစီးပွားမုန်းစိတ်များဖြင့် ပဋိပက္ခများဖြစ်ပွားနေသည်မှာ ဝမ်းနည်းဖွယ်ဖြစ်သည်။ အစွဲကင်းကင်း၊ အမြင်ရှင်းရှင်းဖြင့် လက်နက်ကိုင်ပဋိပက္ခဖြစ်ပေါ်ခဲ့သည့်ဆိုးမွေများကို သင်ခန်းစာယူပြီး အနာဂတ်အတွက် ကောင်းသောအမွေပေးဝေမည်ဟူသည့် ခံယူချက်ဖြင့် ငြိမ်းချမ်းရေးကို ရှေးရှုကြရန်လိုအပ်မည်ဖြစ်သည်။

ငြိမ်းချမ်းရေးကို အလိုရှိလျှင် ငြိမ်းချမ်းရေးသည် အနီးလေးဖြစ်ပြီး ငြိမ်းချမ်းရေးကို အလိုမရှိလျှင် ငြိမ်းချမ်းရေးနှင့်ဝေးပြီး အဆိုးသံသရာတွင် ဝဲလည်နေမည်ဖြစ်သည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် နှစ်ပေါင်းများစွာကြာမြင့်နေပြီဖြစ်သည့် ပဋိပက္ခဆိုးမွေကို အဆုံးသတ်၍ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတွင် အားလုံးပါဝင်နိုင်ရန် တိုက်တွန်းအပ်ပါကြောင်း။ ။

---

၂၀၂၃ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့

INTERNATIONAL DAY FOR DISASTER RISK REDUCTION (2023)

**"ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ဖို့၊ မညီမျှမှုတွေ တိုက်ဖျက်စို့"**

**"Fighting Inequality for A Resilient Future"**

**အောက်တိုဘာလ (၁၈) ရက်**

---

## ကန့်ကြီးထောင့်မြို့နယ်၌ စည်ပင်သာယာမြို့မဈေးသစ် တည်ဆောက်မှု ၇၅ ရာခိုင်နှုန်းပြီးစီး

ကန့်ကြီးထောင့် အောက်တိုဘာ ၁၂

ဧရာဝတီတိုင်းဒေသကြီး ကန့်ကြီးထောင့်မြို့နယ် အမှတ်(၁)ရပ်ကွက် ကမ်းနားလမ်းရှိ စည်ပင်သာယာမြို့မဈေးသစ်အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ကြီးကြပ်မှု ကိုယ်ထူကိုယ်ထစနစ်ဖြင့် မေ ၁၂ ရက်မှ စတင်တည်ဆောက်လျက်ရှိကြောင်း သိရသည်။

ကန့်ကြီးထောင့်မြို့နယ် စည်ပင်သာယာမြို့မဈေးသည် ၂၀၂၁ ခုနှစ် ဇွန် ၁ ရက်တွင် မီးလောင်ကျွမ်းခဲ့ပြီး ဈေးဆိုင်ခန်း ၁၉၃ ခန်းရှိသည့်အနက် ၁၇၅ ခန်းမှာ မီးလောင်ဆုံးရှုံးခဲ့ရသည်။ ယခုအခါ ယာယီဈေးအား ကမ်းနားလမ်းတံတားအနီးတွင် ဖွင့်လှစ်ရောင်းချလျက်ရှိသည်။



အဆိုပါ မီးလောင်ကျွမ်းခဲ့သော ဈေးမြေနေရာတွင် ဈေးသူဈေးသားများက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ကြီးကြပ်မှု၊ စည်ပင်သာယာရေးကော်မတီ၊ ကန့်ကြီးထောင့်မြို့မဈေးကော်မတီတို့နှင့်ပူးပေါင်း၍ ယခင်ဈေးနေရာတွင် ဈေးသစ်ဆောက်လုပ်နိုင်ရေး တင်ဒါခေါ်ယူခဲ့ရာ ယှဉ်ပြိုင်ဆွဲဝယ်သည့် ကုမ္ပဏီရှစ်ခုအနက် Grow Success ကုမ္ပဏီက ငွေကျပ် ၄၉၁၅ သိန်းဖြင့် တင်ဒါအောင်မြင်ခဲ့ပြီး ဈေးသစ်တည်ဆောက်ခြင်းလုပ်ငန်းအား မေ ၁၂ ရက်မှ စတင်၍ ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၂ ရက်အထိ ၇၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ထိုသို့ဈေးသစ်တည်ဆောက်ရာတွင် ဆိုင်ခန်းကျသင့်တန်ဖိုးငွေအား အရစ်ကျလေးရစ်ခွဲ၍ ပေးသွင်းသည့်စနစ်ဖြင့် ဆောင်ရွက်ခဲ့ပြီး ဈေးသစ်တည်ဆောက်ပြီးစီးရေးကာလကို ဒီဇင်ဘာလအပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)

---

**သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့**

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၁၂ - ၁၀ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၀၀၀ | ၉,၀၀၀ | ၀ | ၀ |
| MTSH | ၃,၀၀၀ | ၃,၀၀၀ | ၃၀၃ | ၉၀၉,၁၀၀ |
| MCB | ၇,၆၀၀ | ၇,၆၀၀ | ၂ | ၁၅,၂၀၀ |
| FPB | ၁,၇၀၀ | ၁,၇၀၀ | ၂၉၂ | ၄၉၂,၂၀၀ |
| TMH | ၂,၅၅၀ | ၂,၅၅၀ | ၀ | ၀ |
| EFR | ၂,၁၅၀ | ၂,၂၀၀ | ၅၁၁ | ၁,၀၈၀,၃၀၀ |
| AMATA | ၄,၉၀၀ | ၄,၈၀၀ | ၁,၁၉၆ | ၅,၇၅၀,၈၀၀ |
| MAEX | ၁,၈၀၀ | ၁,၈၀၀ | ၈၁၄ | ၁,၄၆၅,၂၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

---

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# အထူးစီးပွားရေးဇုန်များသည် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးအတွက် အထောက်အကူပေးနိုင်သကဲ့သို့ စက်မှုဆိုင်ရာ မူဝါဒများ၏ ဖြစ်ပေါ်တိုးတက်မှုအသစ်များဖြစ်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုလည်း ပိုမိုဆွဲဆောင်နိုင်

☆ ရှေ့ဖုံးမှ

အထူးစီးပွားရေးဇုန်များကို ရင်းနှီးမြှုပ်နှံမှုများဆွဲဆောင်နိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ ပို့ကုန်ပိုမိုတိုးမြှင့်တင်ပို့နိုင်ခြင်း၊ စီးပွားရေးကို ပိုမိုကျယ်ပြန့်လာစေရန် ချိတ်ဆက်ပေးနိုင်ခြင်း၊ ကမ္ဘာ့တန်ဖိုးကွင်းဆက် (Global Value Chain)ကို အထောက်အကူပြုစေခြင်း၊ စက်မှုကုန်ထုတ်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာကာ ထုတ်ကုန်အမျိုးအစားများစွာ ထုတ်လုပ်လာနိုင်ခြင်းများကြောင့် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်သည့်အတွက် ထူထောင်ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း။

**ခွင့်ပြုဆောင်ရွက်ပေးနေ**

အထူးစီးပွားရေးဇုန်များတွင် ငွေကြေးဆိုင်ရာဆွဲဆောင်မှု(Fiscal Incentive)၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများ ပိုမိုလွယ်ကူမြန်ဆန်စွာ ဆောင်ရွက်ခွင့်ရှိသည့် ဆွဲဆောင်မှု(Regulatory Incentive)၊ ရေ၊ မီး၊ လမ်းတံတားစသည့် အခြေခံအဆောက်အအုံများ ပြည့်စုံကောင်းမွန်အောင် ဆောင်ရွက်ပေးသည့် ဆွဲဆောင်မှု (Infrastructure Incentive) စသည်များကို ခွင့်ပြုဆောင်ရွက်ပေးနေခြင်းကို တွေ့ရမည်ဖြစ်ကြောင်း။

၂၀၂၂ ခုနှစ်စာရင်းများအရ နိုင်ငံပေါင်း ၁၄၅ နိုင်ငံ၌ အထူးစီးပွားရေးဇုန် ၇၀၀၀ ခန့်ရှိနေပြီး အလုပ်အကိုင်အခွင့်အလမ်းသန်းပေါင်း ၁၀၀ ကျော်ခန့် ဆောင်ရွက်လျက်ရှိသည်ကို သိရှိရကြောင်း၊ အထူးစီးပွားရေးဇုန်များသည် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးအတွက် အထောက်အကူပေးနိုင်သကဲ့သို့ စက်မှုဆိုင်ရာ မူဝါဒများ၏ ဖြစ်ပေါ်တိုးတက်မှုအသစ်များဖြစ်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုလည်း ပိုမိုဆွဲဆောင်နိုင်သည်ကို တွေ့ရှိရကြောင်း။

**ပိုမိုအလေးထား ဆောင်ရွက်**

ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အထူးစီးပွားရေးဇုန်များတွင် အခြေခံအားဖြင့် ကုန်သွယ်မှုလုပ်ငန်းများ လွယ်ကူချောမွေ့စေနိုင်သည့် လုပ်ငန်းစဉ်များကို ပိုမိုအလေးထား ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ကုန်ထုတ်လုပ်ငန်းများကို ပိုမိုခေတ်မီပြီး တီထွင်ဆန်းသစ်သည့် စက်မှုလုပ်ငန်းများအဖြစ်သို့ တိုးမြှင့်ဆောင်ရွက်နိုင်ရန် ကြိုးပမ်းအကောင်အထည်ဖော်နေကြခြင်းကို တွေ့ရမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်ငန်းများအပြင် ဝန်ဆောင်မှုများပါဝင်သည့် Integrated Zones အဖြစ် ပြောင်းလဲဆောင်ရွက်ခြင်းဖြစ်ခြင်းကို အသိပေးလိုကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အားပေးမြှင့်တင်ဆောင်ရွက်နေသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း။

> ☆ **ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အထူးစီးပွားရေးဇုန်များတွင် အခြေခံအားဖြင့် ကုန်သွယ်မှုလုပ်ငန်းများ လွယ်ကူချောမွေ့စေနိုင်သည့် လုပ်ငန်းစဉ်များကို ပိုမိုအလေးထား ဆောင်ရွက်နေခြင်းဖြစ်**
>
> ☆ **ထိုမှတစ်ဆင့် အသေးစား၊ အငယ်စားနှင့် အလတ်စားကုန်ထုတ်လုပ်ငန်းများကို ပိုမိုခေတ်မီပြီး တီထွင်ဆန်းသစ်သည့် စက်မှုလုပ်ငန်းများအဖြစ်သို့ တိုးမြှင့်ဆောင်ရွက်နိုင်ရန် ကြိုးပမ်းအကောင်အထည်ဖော်နေကြခြင်းကို တွေ့ရမည်**
>
> ☆ **ကုန်ထုတ်လုပ်ငန်းများအပြင် ဝန်ဆောင်မှုများပါဝင်သည့် Integrated Zones အဖြစ် ပြောင်းလဲဆောင်ရွက်ခြင်းဖြစ်ခြင်းကို အသိပေးလို**
>
> ☆ **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အားပေးမြှင့်တင်ဆောင်ရွက်နေသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း များစွာအထောက်အကူပြုမည်ဖြစ်**

**ပြဋ္ဌာန်းနိုင်ခဲ့**

အထူးစီးပွားရေးဇုန်ဥပဒေကို ၂၀၁၁ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့သော်လည်း ပိုမိုပြည့်စုံပြီး ကောင်းမွန်သည့် ဥပဒေအဖြစ် ၂၀၁၄ ခုနှစ်တွင် အသစ်ပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီးဖြစ်ကြောင်း မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ နည်းဥပဒေကိုလည်း ၂၀၁၅ ခုနှစ်တွင် ပြဋ္ဌာန်းနိုင်ခဲ့ကြောင်း။

လက်ရှိနိုင်ငံတော်တွင် အထူးစီးပွားရေးဇုန်(၃)ခုကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး သီလဝါအထူးစီးပွားရေးဇုန်ကို ၂၀၁၃ ခုနှစ်မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ကျောက်ဖြူ အထူးစီးပွားရေးဇုန်နှင့် ထားဝယ်အထူးစီးပွားရေးဇုန်တို့ကို နှစ်အလိုက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ စီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မိမိနိုင်ငံ၏ အကျိုးစီးပွားကို အဓိကထားရမည် ဖြစ်သော်လည်း ဆက်စပ်ဆောင်ရွက်ကြရာတွင် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် နှစ်ဖက်စလုံး၏ အကျိုးစီးပွားဖြစ်ထွန်းမှုများကိုလည်း အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း။

သီလဝါအထူးစီးပွားရေးဇုန်သည် လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်လျက်ရှိသည့် ဇုန်တစ်ခုဖြစ်သည့်အပြင် ဒေသတွင်းနိုင်ငံများအကြားတွင် သတင်းကောင်းနှင့် ရပ်တည်နေသည့် ဇုန်တစ်ခုလည်းဖြစ်ကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ စနစ်တကျ ဆက်လက်ရင်းနှီးမြှုပ်နှံနိုင်ရန် ကုမ္ပဏီအသစ်များနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာရန် လက်ရှိရင်းနှီးမြှုပ်နှံသူများအတွက် လုပ်ငန်းများ ချောမွေ့မြန်ဆန်စွာ လည်ပတ်နိုင်စေရန်အတွက် သက်ဆိုင်သည့် ဝန်ကြီးဌာနများအနေဖြင့် လိုအပ်သည့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ပေးရန် မှာကြားလိုကြောင်း။

သီလဝါအထူးစီးပွားရေးဇုန်အနေဖြင့် ၆၆၇ ဒသမ ၂၇၅ ဟက်တာကျယ်ဝန်းပြီး ဇုန် (A) နှင့် ဇုန်(B) ခွဲကာ Free Zone နှင့် Promotion Zone သတ်မှတ်လျက် ပို့ကုန်လုပ်ငန်းနှင့် ပြည်တွင်းသွင်းကုန်အစားထိုးလုပ်ငန်းများကို စီမံဆောင်ရွက်လျက်ရှိပြီး ရင်းနှီးမြှုပ်နှံသည့် ၂၁ နိုင်ငံမှ လက်ရှိလုပ်ငန်းလည်ပတ်သည့် ကုမ္ပဏီ ၁၁၄ ခုရှိပြီး ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ သန်း ၂၁၉၀ ဒသမ ၇၉၀ ဖြစ်

လုပ်ငန်းများ လည်ပတ်လျက်ရှိပါကြောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တစ်နိုင်ငံလုံး၏ တစ်မျိုးသားလုံး ထုတ်လုပ်မှုတန်ဖိုး၏ ၃ ဒသမ ၆ ရာခိုင်နှုန်း၊ ၂၀၂၂ ခုနှစ် တစ်နိုင်ငံလုံး ပို့ကုန်ပမာဏ၏ ၁ ရာခိုင်နှုန်းနှင့် ပုဂ္ဂလိက ပို့ကုန်ပမာဏ၏ ၃ ရာခိုင်နှုန်းရှိသည်ကို တင်ပြချက်များအရ သိရှိရပါကြောင်း။

**ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ ၂၁၇ ဒသမ ၅၉၈ သန်းရှိ**

သီလဝါအထူးစီးပွားရေးဇုန်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် လုပ်ငန်းဆောင်ရွက်ချက်များကိုကြည့်ပါက ဧပြီလမှ ဇူလိုင်လ လေးလတာ ကာလအတွင်း ပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာ ၅၄ ဒသမ ၉၄၅ သန်း၊ သွင်းကုန်ပမာဏ အမေရိကန်ဒေါ်လာ ၁၆၂ ဒသမ ၆၅၃ သန်းရှိသည့်အတွက် စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၁၇ ဒသမ ၅၉၈ သန်းရှိပြီး အခွန်အရပ်ရပ်အတွက် ကောက်ခံရငွေ မြန်မာကျပ်ငွေ ၂၂ ဘီလီယံ ရရှိခဲ့ပါကြောင်း၊ လေးလတာကာလဖြစ်သည့်အတွက် ယခုဘဏ္ဍာနှစ်အတွင်း ကုန်သွယ်မှုနှင့် အခွန်အရပ်ရပ် ကောက်ခံရရှိမှုကို ယခုထက်ပိုမို တိုးတက်ရရှိရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားစေလိုကြောင်း၊ ထပ်မံပြီး သီလဝါအထူးစီးပွားရေးဇုန်ထဲရှိ Free ဇုန်တွင် ကုမ္ပဏီ (၃)ခု၊ promotion ဇုန်တွင် ကုမ္ပဏီ(၁)ခု တို့ကလည်း အားကစားပစ္စည်းထုတ်လုပ်ခြင်း၊ မော်တော်ယာဉ်၊ ဝိုင်ယာကြိုးနှင့် ဆားကစ်ပြားထုတ်လုပ်ခြင်း၊ ပလတ်စတစ် စက်အစိတ်အပိုင်း ထုတ်လုပ်ခြင်းနှင့် အစားအစာနှင့် အချိုရည်များ ထုတ်လုပ်ခြင်းလုပ်ငန်းများကို အကြောင်းအမျိုးမျိုးကြောင့် စတင်နိုင်ခြင်းမရှိရာမှ စီမံခန့်ခွဲမှုကော်မတီ၏ စည်းရုံးကြိုးပမ်းမှုကြောင့် လုပ်ငန်းများ စတင်နေပြီဖြစ်ကြောင်း သိရှိရသည့်အတွက် အမြန်ဆုံးပြီးစီးရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများမှတစ်ဆင့် ပို့ကုန်လုပ်ငန်းများ အမြန်ဆုံးစတင်နိုင်အောင် ကြီးကြပ်ရေးကော်မတီက လိုအပ်သည်များ ပံ့ပိုးပေးရန် မှာကြားလိုကြောင်း။

သီလဝါအထူးစီးပွားရေးဇုန်အတွင်း ထူးခြားဖြစ်စဉ် ဖြစ်ခဲ့မှုနှင့်ပတ်သက်၍ ဇုန်အတွင်း ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီတစ်ခု၏ အောက်ခြေဝန်ထမ်းများသည် တရားမဝင် ကုန်ပစ္စည်းတင်သွင်းခွင့်ရရှိရေးအတွက် သွင်းကုန်လိုင်စင်ရရှိထားသည့် အခြားကုမ္ပဏီတစ်ခု၏လိုင်စင်များကို အလွဲသုံးပြီး အမေရိကန်ဒေါ်လာ နှစ်သန်းကျော်တန်ဖိုးရှိ ကုန်ပစ္စည်းများ တရားမဝင်တင်သွင်းမှုကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည့်အတွက် ယင်းဖြစ်စဉ်မျိုးထပ်မံမဖြစ်ပွားစေရေး ယခုထက် လိုအပ်သည့် စိစစ်ကြီးကြပ်မှုများ ဆောင်ရွက်သွားရန်လိုကြောင်း၊ အထူးစီးပွားရေးဇုန်များတွင်ရှိသည့် ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုချေးငွေများကို မိခင်ကုမ္ပဏီများက ကိုယ်စားပေးဆပ်ပြီး ပြည်ပချေးငွေစာရင်းမှ ပယ်ဖျက်မည့် ကိစ္စရပ်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်စီမံဆောင်ရွက်ပေးသွားကြရန် မှာကြားလိုကြောင်း၊ ထပ်မံ၍ နိုင်ငံခြားငွေအဖြစ် ထည့်ဝင်မတည်ရင်းနှီးမည့်၊ လာရောက်ရင်းနှီးမြှုပ်နှံမည့် ကုမ္ပဏီအသစ်များ လက်ရှိကုမ္ပဏီများ၏ ထပ်မံရင်းနှီးမြှုပ်နှံမှုငွေများကို အမေရိကန်ဒေါ်လာအပြင် မြန်မာနိုင်ငံခြားကုန်သွယ်မှုဘဏ်နှင့် မြန်မာနိုင်ငံဗဟိုဘဏ်ကနေ ခွင့်ပြုပြီးဖြစ်သည့် မည့်သည့်နိုင်ငံခြား ငွေကြေးနှင့်ဖြစ်စေ ထည့်ဝင် အသုံးပြုနိုင်ရေးကိုလည်း ဆက်လက် ဆောင်ရွက်သွားရန်လိုကြောင်း၊ အခြားမိတ်ဖက်နိုင်ငံများ၏ တရားဝင်ငွေကြေး လဲလှယ်မှု၊ သုံးစွဲမှုများနှင့်လည်း မြန်မာနိုင်ငံဗဟိုဘဏ်မှ ညှိနှိုင်းဆဲဖြစ်သည့်အတွက် သက်ဆိုင်ရာကုမ္ပဏီများကိုလည်း ဆက်သွယ်လာသည့်အချိန်တွင် အသိပေးပြောကြားလိုကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီးပွားရေးဦးတည်ချက် (၃)ရပ်အနက် ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးသည် အရေးကြီးသည့် ဦးတည်ချက်တစ်ခုဖြစ်ကြောင်း။

ထိုရည်မှန်းချက်ကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ လုပ်ထုံးလုပ်နည်း SOP များကို လက်တွေ့ကျကျလုပ်ကိုင်နိုင်ရန်၊ နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဇုန်များတွင် ကောင်းမွန်သည့် ဝန်ဆောင်မှုများ ပေးရန် လိုအပ်ကြောင်း၊ သို့မှသာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ထပ်မံဝင်ရောက်လာရန်အတွက် ဖိတ်ခေါ်နိုင်မည်ဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အထူးစီးပွားရေးဇုန်များကို ကောင်းမွန်စွာ ဦးဆောင်နိုင်ရန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များကို ပြန်လည်ဖွဲ့စည်းပေးခဲ့ပြီးဖြစ်သည့်အတွက် လက်ရှိအခြေအနေထက် ပိုမိုတိုးတက်လာစေရန်အတွက်နှင့်

စာမျက်နှာ ၄ သို့ ☆

> ☆ **မိမိနိုင်ငံအပါအဝင် နိုင်ငံတကာရှိ အထူးစီးပွားရေးဇုန်များကို ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်နိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ ပို့ကုန်ပိုမိုတိုးမြှင့်တင်ပို့နိုင်ခြင်း၊ စီးပွားရေးကို ပိုမိုကျယ်ပြန့်လာစေရန် ချိတ်ဆက်ပေးနိုင်ခြင်း၊ ကမ္ဘာ့တန်ဖိုးကွင်းဆက် (Global Value Chain)ကို အထောက်အကူပြုစေခြင်း၊ စက်မှုကုန်ထုတ်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာကာ ထုတ်ကုန်အမျိုးအစားများစွာ ထုတ်လုပ်လာနိုင်ခြင်းများကြောင့် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်သည့်အတွက် ထူထောင်ဆောင်ရွက်နေကြခြင်းဖြစ်**

☆ စာမျက်နှာ ၃ မှ

☆ **လုပ်ငန်းများဆောင်ရွက်သည့်နေရာတွင် လိုအပ်သည့်ကုန်ကြမ်းပစ္စည်းများကို ပြည်ပမှတင်သွင်းခြင်းသာမက ပြည်တွင်းမှာရှိသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများက ထုတ်လုပ်သည့် အရည်အသွေးမီ ကုန်ကြမ်းပစ္စည်းများကို ချိတ်ဆက်ပြီး တတ်နိုင်သမျှအသုံးပြုအောင် ဆောင်ရွက်**

☆ **ဖွံ့ဖြိုးတိုးတက်ပြီးဖြစ်သည့် နိုင်ငံများတွင် ဘက်စုံပို့ဆောင်ရေးစနစ် (Multimodal Transport) ကို တွင်ကျယ်စွာ အသုံးပြုနေခြင်းဖြစ်သည့်အတွက် မိမိနိုင်ငံတွင်လည်း အထူးစီးပွားရေးဇုန်များနှင့် ဆက်စပ်ပြီး ဘက်စုံပို့ဆောင်ရေးစနစ်(Multimodal Transport) အသုံးပြုနိုင်စေရန် အကောင်အထည်ဖော်ရေး ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်**

ပို့ကုန်တိုးမြှင့်နိုင်စေရန် စီးပွားရေးဇုန်များတွင်ရှိသည့် One Stop Service Center များကို စနစ်တကျဖွဲ့စည်းပြီး ထိရောက်သည့် ဝန်ဆောင်မှုများပေးနိုင်အောင် သက်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီများအနေဖြင့် ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် လုပ်ငန်းများဆောင်ရွက်နေသည့်ကုမ္ပဏီများ ကုန်ထုတ်လုပ်ငန်းများ အဆင်ပြေစေရေးအတွက် အတတ်နိုင်ဆုံး စီမံဆောင်ရွက်ပေးစေလိုကြောင်း။

လုပ်ငန်းများ ဆောင်ရွက်သည့်နေရာတွင် လိုအပ်သည့် ကုန်ကြမ်းပစ္စည်းများကို ပြည်ပမှ တင်သွင်းခြင်းသာမက ပြည်တွင်းမှာရှိသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကထုတ်လုပ်သည့် အရည်အသွေးမီ ကုန်ကြမ်းပစ္စည်းများကို ချိတ်ဆက်ပြီး တတ်နိုင်သမျှအသုံးပြုအောင် ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

**ဘက်စုံပို့ဆောင်ရေးစနစ် အသုံးပြုနိုင်စေရန် ပြင်ဆင်**

ဖွံ့ဖြိုးတိုးတက်ပြီးဖြစ်သည့် နိုင်ငံများတွင် ဘက်စုံပို့ဆောင်ရေးစနစ် (Multimodal Transport)ကို တွင်ကျယ်စွာ အသုံးပြုနေခြင်းဖြစ်သည့်အတွက် မိမိနိုင်ငံတွင်လည်း အထူးစီးပွားရေးဇုန်များနှင့်ဆက်စပ်ပြီး ဘက်စုံပို့ဆောင်ရေးစနစ်(Multimodal Transport)အသုံးပြုနိုင်စေရန် အကောင်အထည်ဖော်ရေး ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်ကြောင်း။

ထို့ပြင် ကျောက်ဖြူအထူးစီးပွားရေးဇုန်အတွက် အထောက်အကူပြုမည့် ကျောက်ဖြူ-မန္တလေး-မူဆယ် ရထားလမ်းစီမံကိန်းကိုလည်း ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံကိန်းနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်စေရေး စီစဉ်ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းများပြီးစီးပါက မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ကုန်စည်စီးဆင်းမှု ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း။

ကျောက်ဖြူ အထူးစီးပွားရေးဇုန်နှင့် ပတ်သက်၍ ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ရေနက်ဆိပ်ကမ်းစီမံကိန်း၏ မူဘောင်သဘောတူညီချက် (Framework Agreement) ရေးထိုးနိုင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် Shareholders' Agreement နှင့် နိုဝင်ဘာလတွင် Concession Agreement ကို နှစ်ဖက်သဘောတူလက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း၊ ယခင်က နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးခဲ့သည့် စာချုပ်များနှင့်ပတ်သက်ပြီး နှစ်ဖက်အဓိပ္ပာယ်ကွဲလွဲယူဆ၍ ရနိုင်သည့်အချက်အချို့ရှိရာ ပြန်လည်ညှိနှိုင်းရမည့် အချက်များကို နိုင်ငံတော်အကြီးအကဲက ဆွေးနွေးညှိနှိုင်းရန် မူအားဖြင့် ခွင့်ပြုထားပြီးဖြစ်၍ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးဆောင်ပြီး တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ညှိနှိုင်းမှုများနှင့် Win Win ဖြစ်အောင် နှစ်ဖက်လုပ်ငန်းအဖွဲ့အချင်းချင်းဆွေးနွေးမှုများ အပြုသဘောဆောင်ပြီး စီမံဆောင်ရွက်သွားကြရန်လိုကြောင်း။

ဆွေးနွေးမှုများ ပြုလုပ်ပြီးပါက ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်းများ အမြန်ဆုံးစတင်နိုင်ရေးအတွက် နှစ်ဖက်ကြိုတင်ဖြည့်ဆည်းရမည့်အချက်များ (Conditions Precedent)ကို ပြီးပြတ်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့အတွက် မိမိတို့ဘက်က ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်အချက်များကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ ကျောက်ဖြူစီမံခန့်ခွဲမှုကော်မတီများအနေဖြင့် လိုအပ်ချက်ပေါ် မူတည်ပြီး ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ကြရန်လိုကြောင်း။

ကျောက်ဖြူအထူးစီးပွားရေးဇုန်၌ ရေနက်ဆိပ်ကမ်းစီမံကိန်းသည် အရေးပါပြီး ဒေသခံများနှင့် နိုင်ငံတော်အတွက် အကျိုးများစွာဖြစ်ထွန်းနိုင်သည့်အတွက် အောင်မြင်အောင် အကောင်အထည်ဖော်ရန်လိုကြောင်း၊ ရေနက်ဆိပ်ကမ်းစီမံကိန်းကို အောင်မြင်စွာဆောင်ရွက်နိုင်ခြင်းဖြင့် မြန်မာ-တရုတ် စီးပွားရေးစင်္ကြံပူးပေါင်းဆောင်ရွက်မှုစီမံကိန်းကို ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်စေနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲအနေဖြင့်လည်း ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံကိန်းများ အချိန်တိုအတွင်း အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရေး လမ်းညွှန်မှုများပြုလုပ်ထားပြီးဖြစ်သည့်အတွက် လိုအပ်သည့် ညှိနှိုင်းဆွေးနွေးမှုများကို အချိန်တိုအတွင်း ပြီးပြတ်အောင် ဆက်လက်လုပ်ဆောင်ပြီး စီမံကိန်းလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်စေရေး ကြိုးပမ်းဆောင်ရွက်ရန် အသိပေးပြောကြားလိုကြောင်း။

**ရင်းနှီးတည်ဆောက်သူအသစ် ထပ်မံဖိတ်ခေါ်နိုင်ရေး**

အလားတူ ထားဝယ်အထူးစီးပွားရေးဇုန်ကို ၂၀၀၈ ခုနှစ်ကတည်းက အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော်လည်း ရင်းနှီးတည်ဆောက်သူအဖြစ် ရွေးချယ်တာဝန်ပေးခဲ့သည့် အီတာလျံ-ထိုင်းကုမ္ပဏီသည် အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းအကောင်အထည်ဖော်မှု ရပ်တန့်လျက်ရှိရာ လုပ်ငန်းရပ်စဲထားပြီးဖြစ်၍ လွှဲပြောင်းလက်ခံခြင်းလုပ်ငန်းများ စနစ်တကျဆောင်ရွက်ရန်နှင့် ရင်းနှီးတည်ဆောက်သူအသစ် ထပ်မံဖိတ်ခေါ်နိုင်ရေး နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်သည့်အတွက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့နှင့် လုပ်ငန်းကော်မတီအဖွဲ့များကလည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအသစ်များရရှိအောင် ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုကြောင်း။

အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီများက မိမိတို့လုပ်ဆောင်ရန်ကိစ္စများကို ဗဟိုလုပ်ငန်းအဖွဲ့သို့ တင်ပြခွင့်ပြုချက်ရယူပြီးမှသာ လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အသုံးစရိတ်များနှင့်ပတ်သက်၍ လိုအပ်သည့် သုံးသင့်သည်ကိုသာ စိစစ်သုံးစွဲကြရန်လိုကြောင်း။

အထူးစီးပွားရေးဇုန်များ ပိုမိုဖွံ့ဖြိုးတိုးတက်လာမှသာ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်သည့်အပြင် ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ၊ လူနေမှုအဆင့်အတန်းများ တိုးတက်မှုရရှိလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အထူးစီးပွားရေးဇုန်များ အောင်မြင်တိုးတက်အောင် သက်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီများအနေဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ယခုထက်ပိုမိုပြီး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့(၁/၂၀၂၂)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့အတွင်းရေးမှူး(၁) ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက လက်ရှိ မြန်မာအထူးစီးပွားရေးဇုန်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍သီလဝါအထူးစီးပွားရေးဇုန်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ထားဝယ်အထူးစီးပွားရေးဇုန်များမှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများက မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ အစည်းအဝေးသို့တင်ပြသည့် အမှာစာများကို ဖတ်ကြားတင်ပြကြပြီးအတည်ပြုချက်ရယူကြသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဦးကိုကိုလှိုင်၊ ဒေါက်တာကံဇော်၊ ဒေါက်တာသီတာဦး၊ ဦးမင်းနောင်၊ ဦးခင်မောင်ရီ၊ ဒေါက်တာချာလီသန်း၊ ဦးမြင့်ကြိုင်၊ ဦးမြင့်နောင်၊ ဦးထွန်းအုံနှင့် ဦးမျိုးသန့်၊ တက်ရောက်လာကြသည့် တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များ၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်နှင့် အထူးစီးပွားရေးဇုန်ဥက္ကဋ္ဌများက အကြံပြုချက်များနှင့် အထူးစီးပွားရေးဇုန်များအလိုက် လုပ်ငန်းဆောင်ရွက်နေမှုဆိုင်ရာ ကိစ္စများနှင့် ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ အတွင်းရေးမှူးက မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့အစည်းအဝေး (၁/၂၀၂၃) အစည်းအဝေးဆုံးဖြတ်ချက်မူကြမ်းကို ဖတ်ကြားတင်ပြ အတည်ပြုချက်ရယူသည်။

ဆက်လက်၍ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်သူများနှင့်တွေ့ဆုံ၍ မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့် စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းကို ယနေ့တွင် ဥတ္တရသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်**

ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းအစီအစဉ်သို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြတ်သိန်း၊ ဇလောင်းကျေးရွာအုပ်စုနှင့် မောင်းရမ်းကျေးရွာအုပ်စုတို့မှ အုပ်ချုပ်ရေးမှူးများ၊ အတွင်းရေးမှူးများနှင့် မဲဆန္ဒရှင်ပြည်သူများ၊ မင်းကုန်းကျေးရွာအုပ်စုနှင့် တောင်ညိုကျေးရွာအုပ်စုတို့မှ အုပ်ချုပ်ရေးမှူးများ၊ အတွင်းရေးမှူးများနှင့် မဲဆန္ဒရှင်ပြည်သူများ တက်ရောက်၍ လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ကြသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြု၍ စမ်းသပ်မဲပေးခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး မဲရုံအဖွဲ့ဝင်များက တာဝန်ယူ ကိုင်တွယ်ဆောင်ရွက်ရသည့် ထိန်းချုပ်စက်ကို မဲဆန္ဒရှင်ပြည်သူများက ကိုယ်တိုင်လက်တွေ့ စမ်းသပ်မဲပေးခြင်းလုပ်ငန်းစဉ်များကို ဆောင်ရွက်ကြသည်။

**လက်တွေ့ဆန္ဒမဲပေး**

ရှင်းလင်းဆွေးနွေးခြင်းနှင့် စမ်းသပ်မဲပေးခြင်းများသို့ နံနက်ပိုင်းတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဇလောင်းကျေးရွာအုပ်စုနှင့် မောင်းရမ်းကျေးရွာအုပ်စုမှ အုပ်ချုပ်ရေးမှူးများ၊ အတွင်းရေးမှူးများနှင့် မဲဆန္ဒရှင်ပြည်သူ ၂၅၀၊ မွန်းလွဲပိုင်းတွင် မင်းကုန်းကျေးရွာအုပ်စုနှင့် တောင်ညိုကျေးရွာအုပ်စုမှ အုပ်ချုပ်ရေးမှူးများ၊ အတွင်းရေးမှူးများနှင့် မဲဆန္ဒရှင်ပြည်သူ ၂၇၀ တက်ရောက်ခဲ့ပြီး မဲပေးစက်ဖြင့် လက်တွေ့ဆန္ဒမဲပေးခဲ့ကြကြောင်း သိရသည်။



**သတင်းစဉ်**

# ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် လေယာဉ်မောင်းသင်တန်းအမှတ်စဉ် (၈၅) ကျောင်းဆင်းတောင်ပံအပ်နှင်းပွဲအခမ်းအနား တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၁၂**

တပ်မတော်(လေ)၏ လေယာဉ်မောင်းသင်တန်း အမှတ်စဉ်(၈၅) ကျောင်းဆင်း တောင်ပံအပ်နှင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာမြို့၌ ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် တက်ရောက် မိန့်ခွန်းပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်က တပ်မတော်(လေ)၏ လေယာဉ်မောင်းသင်တန်းအမှတ်စဉ် (၈၅) ကျောင်းဆင်းတောင်ပံအပ်နှင်းပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

### တက်ရောက်

အဆိုပါ အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦး၊ ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဝင်းမြင့်၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကြည်ခိုင်၊ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ မိတ္ထီလာတပ်နယ်မှ အရာရှိကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများက စစ်ရေးပြကွင်းအတွင်း ချီတက်နေရာယူကြပြီး နိုင်ငံတော်အလံအား အလေးပြုကြသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် ရောက်ရှိလာပြီး ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူ၍ ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများကိုစစ်ဆေးသည်။

ထို့နောက် ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများက ကာကွယ်ရေးဦးစီးချုပ်(လေ)အား အနေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းသို့ တပ်ခွဲများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက် အလေးပြုကြစဉ် နည်းပြလေသူရဲများက အမောင်းသင်လေယာဉ်များ၊ အမောင်းသင်ရဟတ်ယာဉ်များဖြင့် အုပ်ဖွဲ့ပျံသန်း၍ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်အား အလေးပြုကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်က ကျောင်းဆင်း အရာရှိများအား လေသူရဲတောင်ပံများကို တစ်ဦးချင်းအပ်နှင်းသည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်က လေယာဉ်မောင်းသင်တန်းအမှတ်စဉ် (၈၅)မှ စံပြလေသူရဲဆုရ ဗိုလ်အာကာထက်ညီကိုလည်းကောင်း၊ လေယာဉ်မောင်းထူးချွန်ဆုရ ဗိုလ်ရဝေအောင်ကိုလည်းကောင်း၊ စာပေထူးချွန်ဆုရ ဗိုလ်ရဲမာန်ကိုလည်းကောင်း ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် လေယာဉ်မောင်း သင်တန်းအမှတ်စဉ် (၈၅)မှ စံပြလေသူရဲဆုရ လေ ၄၄၈၈ ဗိုလ်အာကာထက်ညီ အား ဆုပေးအပ်ချီးမြှင့်စဉ်။



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် လေယာဉ်မောင်းသင်တန်းအမှတ်စဉ် (၈၅)မှ လေယာဉ်မောင်းထူးချွန်ဆုရ လေ ၄၄၉၀ ဗိုလ်ရဝေအောင် အား ဆုပေးအပ်ချီးမြှင့်စဉ်။



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် လေယာဉ်မောင်းသင်တန်းအမှတ်စဉ် (၈၅)မှ စာပေထူးချွန်ဆုရ လေ ၄၄၉၈ ဗိုလ်ရဲမာန် အား ဆုပေးအပ်ချီးမြှင့်စဉ်။

### သင်တန်းဆင်းမိန့်ခွန်းပြောကြား

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်က သင်တန်းဆင်း မိန့်ခွန်း ပြောကြားရာတွင် လေယာဉ်မောင်းသင်တန်းကာလတစ်လျှောက် ကိုယ်စိတ်နှစ်ဖြာလုံး အပင်ပန်းခံကာ အစွမ်းကုန်ကြိုးပမ်း အားထုတ်ခဲ့ကြသည့်အတွက် ယနေ့တွင် လေသူရဲတောင်ပံကို ဂုဏ်ယူဖွယ် တပ်ဆင်ခွင့် ရခဲ့ကြပြီဖြစ်ပါကြောင်း၊ လေသူရဲ အရာရှိငယ်များဖြစ်လာပြီဖြစ်သည့် ရဲဘော်တို့သည် သက်ဆိုင်ရာ ပျံသန်းရေးအုပ်အသီးသီးတွင် စစ်ဆင်ရေးနှင့် လေ့ကျင့်ရေးအပါအဝင် ပေးအပ်လာသည့် တာဝန်ဝတ္တရား အမျိုးမျိုးကို ထမ်းဆောင်ကြရတော့မည်ဖြစ်သည့်အတွက် ပျံသန်းရေးအုပ်အသီးသီးတွင် ပျံသန်းရေးတာဝန်များသာမက ကွပ်ကဲမှု၊ အုပ်ချုပ်မှုနှင့် အခြားလုပ်ငန်းတာဝန်များကိုလည်း သက်ဆိုင်ရာ တပ်မှူးအဆင့်ဆင့်၏ ကွပ်ကဲကြီးကြပ်မှုနှင့် လက်အောက် အကြပ်စစ်သည်များကို ဦးစီးဦးဆောင်ကာ ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မည်သည့်တာဝန်မျိုးပင် ထမ်းဆောင်ရသည်ဖြစ်ပါစေ စစ်သားကောင်းတစ်ယောက်၊ အရာရှိကောင်းတစ်ယောက် ပီသစွာကွပ်ကဲကြီးကြပ်မှု အနည်းဆုံးနှင့် မိမိကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အကောင်းဆုံးနှင့် အအောင်မြင်ဆုံးဖြစ်အောင် ထမ်းဆောင် သွားရမည်ကို မှာကြားလိုပါကြောင်း။

တပ်မတော် (လေ)သည် တပ်မတော်၏ အဓိကအစိတ်အပိုင်းတစ်ရပ် ဖြစ်သည်နှင့်အညီ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအတွက် အန္တရာယ်အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ရချိန်တိုင်းတွင် ကျရာကဏ္ဍမှ စွန့်လွှတ်စွန့်စားသည့် စိတ်ဓာတ်နှင့် စွမ်းစွမ်းတမံ ပါဝင်ကူညီ ထမ်းဆောင်ပေးလျက်ရှိပါကြောင်း၊ တပ်မတော်၏ အဓိကတာဝန်ကြီး သုံးခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းတာဝန်များကိုလည်း ဆတက်ထမ်းပိုး ကျေကျေပွန်ပွန် သယ်ပိုး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအချိန်တွင် တပ်အသီးသီးရှိ တပ်မတော်(လေ) အရာရှိ/စစ်သည်များသည် လေကြောင်းစစ်ဆင်ရေးတာဝန်များ၊ စစ်ဆင်ရေး အထောက်အကူပြု ပျံသန်းရေးတာဝန်များ၊ နယ်မြေလုံခြုံရေးတာဝန်များ၊ အခြား အထောက်အကူပြု တာဝန်များကို နေ့ညရာသီမရွေး စွန့်စွန့်စားစား ထမ်းဆောင်နေကြသည်ကို ထင်ထင်ရှားရှား တွေ့မြင်ရမည်ဖြစ်ပါကြောင်း။

### အဆင့်မြှင့်တင်ပေးလျက်ရှိ

တပ်မတော် (လေ)ကိုလည်း ခေတ်မီလေတပ်မတော်တစ်ခု ဖြစ်လာစေရန် ရည်ရွယ်ပြီး စွမ်းရည်မြင့်မားသည့် ခေတ်မီလေယာဉ်/ ရဟတ်ယာဉ်များ၊ လက်နက်စနစ်များ၊ စစ်ဆင်ရေး အထောက်အကူပြု စနစ်များ နှစ်စဉ် ဖြည့်တင်းအဆင့် မြှင့်တင်ပေးလျက်ရှိကြောင်း၊ ပြောင်းလဲတိုးတက်နေသည့် စစ်မဟာဗျူဟာ၊ စစ်နည်းဗျူဟာများကိုလည်း မိမိတို့ပကတိအခြေအနေနှင့် လိုက်လျောညီထွေ လက်တွေ့အသုံးချနိုင်ရန် လေ့လာ အဆင့်မြှင့်တင်ကာ လေ့ကျင့်ပေးနေပါကြောင်း၊ ယခုကဲ့သို့ နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက် ပေးနေသည်နှင့်အညီ ရဲဘော်တို့အနေဖြင့်လည်း တိုးတက် ပြောင်းလဲနေသည့် စစ်လက်နက်ပစ္စည်း၊ စစ်အသုံးအဆောင်ပစ္စည်း၊ စစ်နည်းဗျူဟာများနှင့် စက်မှုနည်းပညာများကို ထိရောက်ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုနိုင်ရေးအတွက် စဉ်ဆက်မပြတ် လေ့လာလေ့ကျင့် ကြိုးပမ်းနေရမည်ဖြစ်ကြောင်း သတိပေးမှာကြားလိုပါကြောင်း။

စစ်ဆင်ရေး၊ လေ့ကျင့်ရေး စသည့် ပျံသန်းရေးတာဝန်များကို နေ့ညအချိန်အခါမရွေး နေရာဒေသမရွေး အောင်မြင်ပြီးမြောက်အောင် ထမ်းဆောင်နိုင်ရေးအတွက် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ရေးနှင့် စိတ်ဓာတ်ခိုင်မာမှုတို့သည် များစွာအရေးကြီးကြောင်း၊ ကျန်းမာကြံ့ခိုင်မှုရှိအောင် ကျန်းမာရေးနှင့်ညီညွတ်သည့် စားသောက်နေထိုင်မှုပုံစံအတိုင်း လိုက်နာကျင့်ကြံ နေထိုင်ကြရပါကြောင်း၊ စိတ်ဓာတ်မြင့်မားကောင်းမွန်ရေးနှင့် ယုံကြည်ချက်ခံယူချက် မြင့်မားမှန်ကန်ရေးအတွက် စာကောင်းပေမွန်များ ဖတ်ရှုလေ့လာခြင်းဖြင့် သင်ခန်းစာများစွာ၊ အထောက်အကူများစွာ ရရှိစေနိုင်သည့်အတွက် မိမိကိုယ်တိုင် စာဖတ်ရန်သာမက မိမိ၏ လက်အောက်ငယ်သားများပါ စာဖတ်ရန် တိုက်တွန်းစည်းရုံး လုပ်ဆောင်သွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်သည် ဝေဟင်မှအုပ်ဖွဲ့ပျံသန်း အလေးပြုခဲ့ကြသည့် နည်းပြလေသူရဲများအား ဂုဏ်ပြုနှုတ်ဆက်ကာ ကျောင်းဆင်း အရာရှိများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် သည် လေကြောင်းအတတ်သင် လေတပ် စခန်းဌာနချုပ် လေကြောင်းစစ်ဆင်ရေးသင်တန်းကျောင်းညွှန်ခန်းမ၌ ထူးချွန်ဆုရရှိသည့် ကျောင်းဆင်းအရာရှိများနှင့် မိဘများ တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

### ဆက်လက်တက်ရောက်ရမည်

ယနေ့ လေသူရဲတောင်ပံ အပ်နှင်းခြင်းခံရသူ ကျောင်းဆင်းအရာရှိများအနေဖြင့် သက်ဆိုင်ရာ လေယာဉ်/ ရဟတ်ယာဉ် အမျိုးအစားအလိုက် အဆင့်မြင့် သင်တန်းများ ဆက်လက်တက်ရောက်ရမည်ဖြစ်ကြောင်း သိရသည်။

ညပိုင်းတွင် လေယာဉ်မောင်းသင်တန်းအမှတ်စဉ် (၈၅) ကျောင်းဆင်းတောင်ပံ အပ်နှင်းပွဲ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦး၊ ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဝင်းမြင့်၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ကြည်ခိုင်၊ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ မိတ္ထီလာတပ်နယ်မှ အရာရှိကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲ ကျင်းပနေစဉ် ကျောင်းဆင်းအရာရှိများနှင့် တပ်မတော်(လေ) မိသားစုဝင်များက တပ်မတော်(လေ) တေးဂီတအဖွဲ့နှင့်တွဲဖက်၍ အဆိုအကများဖြင့် ဖျော်ဖြေကြသည်။

ညစာစားပွဲ အခမ်းအနားအပြီးတွင် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်သည် ကျောင်းဆင်း အရာရှိများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဆက်လက်လျှောက်လှမ်းရဦးမည့် ငြိမ်းချမ်းရေးခရီး

မျိုးငြိမ်းငယ်

လူသားနှင့် ပဋိပက္ခသည် ဒွန်တွဲနေတတ်ပါသည်။

ပဋိပက္ခသည် ဘဝ၏အစိတ်အပိုင်းတစ်ခုဟုလည်း ဆိုပါသည်။ အမိတစ်ဝမ်းတည်းမှ မွေးဖွားခဲ့ကြသည့် မိသားစုအတွင်း၌ပင် ပဋိပက္ခများနှင့် မကင်းနိုင်ပါ။ မတူကွဲပြားသည့်သူများနှင့် စုစည်းနေထိုင်ကြလျှင် ပဋိပက္ခများ ပို၍ရှိမည်ဖြစ်သည်။ ပဋိပက္ခရှိသည်ဆိုသော်လည်း အနည်းအများ၊ အတိမ်အနက်တော့ တူချင်မှတူပါမည်။ မည်သို့မတူညီသည်ဖြစ်စေ အများနှင့်စုစည်းနေထိုင်လုပ်ကိုင်လျှင် ယင်းပတ်ဝန်းကျင်၌ ပဋိပက္ခများ ရှိနေပေလိမ့်မည်။ ထိုသို့ ပဋိပက္ခများရှိသည်မှာ ပြဿနာမဟုတ်။ သဘာဝဖြစ်သည်။

အဓိက ပြဿနာမှာ ထိုပဋိပက္ခများကို ကိုင်တွယ်ဖြေရှင်းနိုင်မှုနှင့် နောက်ဆက်တွဲဆိုးကျိုးများသာ ဖြစ်သည်။ ငြိမ်းချမ်း၍ တိုးတက်သည့် လူ့အဖွဲ့အစည်းများတွင် ပဋိပက္ခဖြစ်တတ်သည့် လူ့သဘောသဘာဝသိရှိနားလည်၍ ဖြစ်တည်နေသည့် ပဋိပက္ခများကို ငြိမ်းချမ်းစွာ မည်ကဲ့သို့ စီမံခန့်ခွဲမည်ဆိုသည်က ထိုလူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှုနှင့် စရိုက်လက္ခဏာတစ်ရပ် ဖြစ်ပါသည်။

### မြန်မာ့နိုင်ငံရေး ပဋိပက္ခ

မြန်မာနိုင်ငံ၏ လက်ရှိဖြစ်တည်နေသည့် ပဋိပက္ခများ၏ မြစ်ဖျားခံရာသည် ယခုမှမဟုတ်ပါ။ မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီကပင် စတင်အမြစ်တွယ်ခဲ့ပါသည်။ နိုင်ငံရေးပဋိပက္ခမှတစ်ဆင့် ကျယ်ပြန့်လာသည့် လက်နက်ကိုင်တိုက်ခိုက်မှုများနှင့် ထိပ်တိုက်ရင်ဆိုင်မှုများသည် ငြိမ်းချမ်းရေးနှင့် တဖြည်းဖြည်း အလှမ်းဝေးစေခဲ့သည့်အပြင် ဖြစ်လာသည့် ၎င်း၏ဆိုးကျိုးများကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြီးမားဆုံးအဟန့်အတား ဖြစ်စေလျက်ရှိပါသည်။

ထို့အပြင် နိုင်ငံရေးပဋိပက္ခများ ဖြေရှင်းရာတွင် လက်နက်ကိုင်လမ်းစဉ်ကို တစ်ခုတည်းသောနည်းလမ်းသဖွယ် ကိုင်စွဲကျင့်သုံးနေကြခြင်းသည်လည်း ပဋိပက္ခများကို ပြေလည်စေမှုထက် ရှုပ်ထွေးစွဲပဋိပက္ခများကိုပင် ပိုမိုကျယ်ပြန့်စေလျက်ရှိပါသည်။

မြန်မာနိုင်ငံအတွင်းမှ လက်နက်ကိုင်ပဋိပက္ခများသည် တိုင်းရင်းသားများအကြား ဖြစ်ပွားသည့် နိုင်ငံရေးပြဿနာများသာ ဖြစ်ပါသည်။ သို့သော် ထိုပဋိပက္ခများ၏ နောက်ကွယ်တွင် မီးလောင်ရာလေပင့်စေသည့် အခြားအခြေခံအကြောင်းများနှင့် ဆက်နွှယ်လျက် ရှိပါသည်။ သို့ဖြင့် ပြည်တွင်းနိုင်ငံရေးအကျပ်အတည်းနှင့် လက်နက်ကိုင်ပဋိပက္ခများမှာ နှစ်ကာလပိုမိုကြာရှည်လာပြီး ယင်း၏ အကျိုးဆက်များမှာ မျိုးဆက်အဆင့်ဆင့်သို့ ဆိုးမွေအဖြစ် လက်ဆင့်ကမ်းပေးနေသကဲ့သို့ ဖြစ်ပါသည်။

> ✦ **နိုင်ငံရေးပဋိပက္ခများ ဖြေရှင်းရာတွင် လက်နက်ကိုင်လမ်းစဉ်ကို တစ်ခုတည်းသောနည်းလမ်းသဖွယ် ကိုင်စွဲကျင့်သုံးနေကြခြင်းသည်လည်း ပဋိပက္ခများကို ပြေလည်စေမှုထက် ရှုပ်ထွေးစွဲပဋိပက္ခများကိုပင် ပိုမိုကျယ်ပြန့်စေလျက်ရှိ**
>
> ✦ **မြန်မာနိုင်ငံအတွင်းမှ လက်နက်ကိုင်ပဋိပက္ခများသည် တိုင်းရင်းသားများအကြား ဖြစ်ပွားသည့် နိုင်ငံရေးပြဿနာများသာဖြစ်ပါသည်။ သို့သော် ထိုပဋိပက္ခများ၏နောက်ကွယ်တွင် မီးလောင်ရာလေပင့်စေသည့် အခြားအခြေခံအကြောင်းများနှင့် ဆက်နွှယ်လျက်ရှိပါသည်။ သို့ဖြင့် ပြည်တွင်းနိုင်ငံရေးအကျပ်အတည်းနှင့် လက်နက်ကိုင်ပဋိပက္ခများမှာ နှစ်ကာလပိုမိုကြာရှည်လာပြီး ယင်း၏အကျိုးဆက်များမှာ မျိုးဆက်အဆင့်ဆင့်သို့ ဆိုးမွေအဖြစ် လက်ဆင့်ကမ်းပေးနေသကဲ့သို့ဖြစ်**

### ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

မြန်မာနိုင်ငံ၏ နှစ်ပေါင်းများစွာ ကြာမြင့်နေသည့် ပဋိပက္ခဆိုးမွေများကို အဆုံးသတ်၍ ဖက်ဒရယ်နှင့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ ကြေညာချက်အမှတ် (၁/၂၀၁၁) ဖြင့် ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့တွင် ငြိမ်းချမ်းရေးဆွေးနွေးရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။ ယင်းသည် အသွင်သစ်၊ အမြင်သစ် NCA ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ နိဒါန်းဖြစ်ပါသည်။ ထို့နောက် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား ငြိမ်းချမ်းစွာဖြင့် ဆွေးနွေးမှုပေါင်းများစွာ ပြုလုပ်ခဲ့ကြပါသည်။ အကျိုးဆက်မှာ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့က နိုင်ငံတကာ အသိသက်သေများရှေ့မှောက်တွင် လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။ NCA စာချုပ်တွင် မပါဝင်နိုင်သေးသည့် အဖွဲ့များလည်း ကျန်ရှိနေပါသေးသည်။

ယင်း NCA စာချုပ်သည် ဖက်ဒရယ်နှင့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးတွင် အခြေခံအကျဆုံးဖြစ်သည့်အတွက် ယင်းစာချုပ်တွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးလုပ်ငန်းစဉ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ အခြေခံမူနှင့် နိုင်ငံရေးဆိုင်ရာလုပ်ငန်းစဉ်များ ထည့်သွင်းချုပ်ဆို အတည်ပြုလက်မှတ်ရေးထိုးထားသည်ကို တွေ့ရပါသည်။

NCA ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် အားလုံးပါဝင်မှု၊ ငြိမ်းချမ်းစွာဖြေရှင်းမှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ဒီမိုကရေစီယဉ်ကျေးမှုတို့ကို အခြေခံ၍ ရေရှည်ငြိမ်းချမ်းရေး၊ ဖက်ဒရယ်နှင့် ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ ဦးတည်ရည်ရွယ်ထားသည်ကို တွေ့ရပါသည်။ NCA စာချုပ်၏အခြေခံမူတွင် “မြန်မာနိုင်ငံတွင် သမိုင်းရှည်ကြာဖြစ်ပွားခဲ့သော လက်နက်ကိုင် ပဋိပက္ခများ အဆုံးသတ်နိုင်ရေး ဆွေးနွေးညှိနှိုင်း အဖြေရှာရေး၊ နိုင်ငံရေးပြဿနာကိုစစ်ရေးဖြင့် ဖြေရှင်းခြင်းမပြုဘဲ နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းမည့် နိုင်ငံရေးယဉ်ကျေးမှုသစ်တစ်ရပ် ထူထောင်ပြီး လက်နက်ကိုင်ပဋိပက္ခ အဆုံးသတ်နိုင်ရန် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ဦးစွာဆောင်ရွက်ရန်”ဆိုသည့် အခြေခံမူ ထည့်သွင်းထားပါသည်။ ယင်းအခြေခံမူသည် နိုင်ငံတော်က အသွင်ကူးပြောင်းနေသည့် နိုင်ငံရေးယဉ်ကျေးမှုနှင့်အညီ ဒီမိုကရေစီနည်းလမ်းများဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ချဉ်းကပ်ဆောင်ရွက်ခဲ့ခြင်းဟု ဆိုနိုင်ပါသည်။

### သဘောထားအမျိုးမျိုး

NCA လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မတူညီသော အမြင်များနှင့် သဘောထားများလည်း ရှိခဲ့ကြပါသည်။ မတူညီသောအမြင်နှင့် သဘောထားတို့ကို အပြန်အလှန် လေးစားကြရသည်မှာ ဒီမိုကရေစီယဉ်ကျေးမှုတစ်ရပ် ဖြစ်ပါသည်။ သို့သော် တစ်ဖက်သတ်ဆန်သော အမြင်ကွဲပြားမှုနှင့် သဘောထားများသည် ပဋိပက္ခဆိုင်ရာ သဘောထားကွဲလွဲမှုများ ပိုမိုကွာဟစေခဲ့ပါသည်။ ထို့အပြင် မတူညီသော ရပ်တည်ချက်နှင့် ရှုထောင့်၊ အကျိုးစီးပွားရည်မှန်းချက်၊ နောက်ကွယ်မှ နှောင်ကြိုးနှင့် ဒီမိုကရေစီယဉ်ကျေးမှုတို့တွင် ကွဲပြားမှုကြီးမားနေခြင်းသည်လည်း ငြိမ်းချမ်းရေးတည်ဆောက်မှုကို ခက်ခဲစေနိုင်ပါသည်။ တစ်ဖက်သတ်ဆန်သော သဘောထားများကြောင့် အမျိုးသားရင်ကြားစေ့ရေးမှာ ပို၍အလှမ်းကွာဝေးစေပြီး ငြိမ်းချမ်းရေးကို နှောင့်နှေးစေနိုင်ပါသည်။

ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ပါဝင်ပတ်သက်သူများ၏ ရပ်တည်ချက်နှင့် သဘောထားများ ကွဲပြားနေသည့်တိုင် မိမိနိုင်ငံ၊ မိမိလူမျိုး၊ နိုင်ငံ့အကျိုးစီးပွားဆိုသည့် ဘုံရည်မှန်းချက်နှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်နိုင်ငံ တည်ဆောက်ရေးအတွက် အပြုသဘောချဉ်းကပ်ကြမှသာ ထိရောက်သောရလဒ်များ ရရှိနိုင်ပါသည်။ ပဋိပက္ခဖြေရှင်းခြင်းသည် တစ်ဖက်နှင့်တစ်ဖက် မတူညီသော အမြင်နှင့်သဘောထားများကို စေ့စပ်ညှိနှိုင်း၍ သူနိုင်ကိုယ်နိုင်အဖြေရှာဖွေခြင်း ဖြစ်ပါသည်။ ထိုသို့အဖြေရှာရာတွင် တစ်ဖက်သတ်အမြင်၊ သဘောထားနှင့် အကျိုးစီးပွားများသည် ရင်ကြားစေ့ရန် ခက်ခဲစေပါသည်။ သူ့အကျိုး၊ ကိုယ့်အကျိုး၊ အများအကျိုး မျှတစွာ ဦးတည်မှသာ အားလုံးလိုလားသည့် ရလဒ်များ ရရှိနိုင်မည်ဖြစ်ပါသည်။

### ဖက်ဒရယ်နှင့် ဒီမိုကရေစီအခြေခံ

NCA သဘောတူစာချုပ်သည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ်ဖြစ်သော်လည်း ယင်းစာချုပ်တွင် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ အာမခံချက်အဖြစ် နိုင်ငံရေးလမ်းပြမြေပုံချမှတ်ခြင်း၊ နိုင်ငံရေးတွေ့ဆုံဆွေးနွေးခြင်း၊ အားလုံးပါဝင်သော နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများကျင်းပခြင်းနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအဖြစ် ယုံကြည်မှုတည်ဆောက်ခြင်းစသည့် အချက်များနှင့် ကြားကာလအတွင်း ဆောင်ရွက်ရမည့် အစီအစဉ်များ ပါဝင်ပါသည်။ ယင်းတို့အနက် အားလုံးပါဝင်သည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများကျင်းပခြင်း ကဏ္ဍတွင် “ပြည်ထောင်စုညီလာခံမှ ထွက်ပေါ်လာသော ဆုံးဖြတ်ချက်များအပေါ်အခြေခံ၍ ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် ဥပဒေများကို လိုအပ်သလိုပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် ပယ်ဖျက်ခြင်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ပြုလုပ်ရန် သဘောတူညီသည်” ဟု ထည့်သွင်းသဘောတူထားပါသည်။

ထို့အပြင် NCA စာချုပ်၌ ဖက်ဒရယ်နှင့် ဒီမိုကရေစီကူးပြောင်းရေးအတွက် အသွင်ကူးပြောင်းရေးအဆင့်များ ပါဝင်ပါသည်။ နိုင်ငံရေးအသွင်ကူးပြောင်းမှုသည် အဆင့်လိုက် ကူးပြောင်းရသည်ဖြစ်ရာ နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဒီမိုကရေစီယဉ်ကျေးမှုဆိုင်ရာ ပကတိအခြေအနေ၊ ကမ္ဘာ့နိုင်ငံရေးအခြေအနေ၊ ပထဝီနိုင်ငံရေးတို့နှင့် ဟန်ချက်ညီပြောင်းလဲကြရပါသည်။ နိုင်ငံရေးအကျပ်အတည်းများနှင့် အသွင်ကူးပြောင်းရေးများသည် ရှုပ်ထွေးခြင်း၊ ခက်ခဲခြင်း၊ အချိန်ယူရခြင်း၊ စိတ်ရှည်သည်းခံရခြင်း၊ တစိုက်မတ်မတ်လုပ်ဆောင်ခြင်းတို့ လိုအပ်မည်ဖြစ်ပါသည်။

**စာမျက်နှာ ၇ သို့** ✤

> **“NCA စာချုပ်၌ ဖက်ဒရယ်နှင့် ဒီမိုကရေစီကူးပြောင်းရေးအတွက် အသွင်ကူးပြောင်းရေးအဆင့်များ ပါဝင်ပါသည်။ နိုင်ငံရေးအသွင်ကူးပြောင်းမှုသည် အဆင့်လိုက်ကူးပြောင်းရသည်ဖြစ်ရာ နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဒီမိုကရေစီယဉ်ကျေးမှုဆိုင်ရာ ပကတိအခြေအနေ၊ ကမ္ဘာ့နိုင်ငံရေးအခြေအနေ၊ ပထဝီနိုင်ငံရေးတို့နှင့် ဟန်ချက်ညီပြောင်းလဲကြရပါသည်။ နိုင်ငံရေးအကျပ်အတည်းများနှင့် အသွင်ကူးပြောင်းရေးများသည် ရှုပ်ထွေးခြင်း၊ ခက်ခဲခြင်း၊ အချိန်ယူရခြင်း၊ စိတ်ရှည်သည်းခံရခြင်း၊ တစိုက်မတ်မတ်လုပ်ဆောင်ခြင်းတို့ လိုအပ်မည်ဖြစ်ပါသည်။ ငြိမ်းချမ်းရေးတည်ဆောက်မှုသည် မြန်မာ့အသွင်ကူးပြောင်းရေးကို ပံ့ပိုးပေးနေသည့် အခြေခံအုတ်မြစ်တစ်ခုဖြစ်သည့်အတွက် ငြိမ်းချမ်းရေးရှိမှသာ အသွင်ကူးပြောင်းရေးကို လွယ်ကူချောမွေ့စေမည်”**

# ငြိမ်းချမ်းမှုသာ ပြည်သာယာ လွန်စွာအစွန့်ရှည်လိမ့်မည်

❍ တိုင်းပြည်တစ်ခု တည်မှုဆိုလျှင်
ညီညွတ်ရေးက အဓိကအကျဆုံးပင်
ထို့ကြောင့်သာလျှင် အစဉ်ကြိုးစား
စည်းလုံးညီစေ ဝါးအစည်းမပြေ
ယူလေနမူနာ ထားသည်နှင့်လေး။
❍ တို့တိုင်းရင်းသား စိတ်ထားတူညီ
ပင်လုံစိတ်ဓာတ် မပြတ်ရင်မှာတည်
ကောင်းကျိုးပွားစည် ရည်ရွယ်မျှော်ကိုး
အင်န်စီအေခေါ် စာချုပ်ပေါ်
တူပျော်လက်မှတ် ထိုးသည်နှင့်လေး။
❍ နိုင်ငံအကျိုး မျှော်ကိုးရည်ကာ
သွေးချင်းဆွေတို့ မချို့တူညီညာ
ယမ်းငွေ့ကင်းစွာ ပြည်ရွာအေးကြောင်း
စိတ်တူကိုယ်တူ မငြူစူ
အများပြည်သူ ကောင်းမည်တည့်လေး။
❍ တွက်ရေနှစ်ပေါင်း ပြန်ပြောင်းဆိုမှာ
ရှစ်ခါတိုင်လျက် မပျက်စေရာ
မျိုးချစ်စိတ်သာ ရင်မှာတူထား
ဘယ်သူခွဲစေ မကွဲပေ
မြဲနေရေကို သားသည်သို့လေး။
❍ နွားကွဲခဲ့ငြား ကျားဆွဲမည်သာ
တိုင်းရင်းဆွေတို့ မချို့သိစေရာ
စည်းလုံးမှုသာ နောင်အနာဂတ်
ကောင်းကျိုးဖြာမည် မှန်ပေသည်
မျှော်ရည်ကေန် မြတ်စေဖို့လေး။
❍ ဖက်ဒရယ်စိတ်ဓာတ် ထားအပ်ပေသည်
ငြိမ်းချမ်းမှုလမ်း လျှောက်လှမ်းတူညီ
ဒီမိုကရေစီ တူညီခွင့်ရေး
ခိုင်မြဲတည်စေ အင်န်စီအေ
ကောင်းမွေအနာဂတ် အေးမည်တည့်လေး။
❍ နိုင်ငံတိုးတက်ရေး ချင့်တွေးမျှော်ကာ
မြင့်စေရည်။
❍ အင်န်စီအေအကျိုး ဆတိုးပေါ်လာ
တင့်စေမည်။

ဘိုမျိုး(ရွှေဘို)

(တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (၈) နှစ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုလျက်)

---

✤ စာမျက်နှာ ၆ မှ
ငြိမ်းချမ်းရေးတည်ဆောက်မှုသည် မြန်မာ့အသွင်ကူးပြောင်းရေးကို ပံ့ပိုးပေးနေသည့် အခြေခံအုတ်မြစ်တစ်ခုဖြစ်သည့်အတွက် ငြိမ်းချမ်းရေးရှိမှသာ အသွင်ကူးပြောင်းရေးကို လွယ်ကူချောမွေ့စေမည်ဖြစ်ပါသည်။

**ပဋိပက္ခဖြေရှင်းခြင်း**

ပဋိပက္ခတစ်ရပ်ဖြေရှင်းရန်အတွက် နည်းလမ်းများစွာရှိပါသည်။ မိမိရွေးချယ်ကျင့်သုံးသည့် နည်းလမ်းကိုလိုက်၍ ကောင်းကျိုး၊ ဆိုးကျိုးရလဒ်များ ကွဲပြားစေပါသည်။ ပြဿနာ၏ အတိမ်အနက်၊ အခြေအနေ၊ ပါဝင်ပတ်သက်သူများ၊ ၎င်းတို့၏ အကျိုးစီးပွားဆက်နွယ်မှုနှင့် ရည်မှန်းချက်တို့ကို လိုက်၍ ပြဿနာဖြေရှင်းရသည့် နည်းလမ်းနှင့် အချိန်ကာလကြာရှည်မှုတို့ ကွာခြားတတ်ကြပါသည်။ အထူးသဖြင့် အမြစ်စွဲနေသည့် ပြဿနာများ၊ အကျိုးစီးပွားပတ်သက်သူ များပြားပါက ကာလရှည်ကြာလေ့ရှိကြပြီး စိတ်ရှည်သည်းခံမှု၊ ညှိနှိုင်းရမှု၊ ကျွမ်းကျင်မှု၊ ယုံကြည်မှု တည်ဆောက်နိုင်မှုနှင့် တစိုက်မတ်မတ် လုပ်ဆောင်မှုဆိုသည့် အခြေခံအချက်များစွာ လိုအပ်မည်ဖြစ်ပါသည်။

ထို့အပြင် ငြိမ်းချမ်းရေးတည်ဆောက်မှုသည် ပါဝင်ပတ်သက်သူများအကြား ဆွေးနွေးမှု၊ ဆက်ဆံရေးတည်ဆောက်မှုနှင့် အဖွဲ့အစည်းပြုပြင်ပြောင်းလဲမှုစသည့် ရှည်လျားသည့် လုပ်ငန်းစဉ်များ ပါဝင်ပါသည်။ ယင်းလုပ်ငန်းစဉ်များတွင် အားလုံးပါဝင်ရန်လိုအပ်ပါသည်။ သို့မှသာ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးကို ရရှိနိုင်ပါသည်။ အားလုံးပါဝင်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ လုပ်ငန်းစဉ်အချိန်ကာလကြာရှည်မှု၊ ရှုပ်ထွေးမှုနှင့် အပြုသဘောထားများ လိုအပ်သော်လည်း ငြိမ်းချမ်းရေးကို ရေရှည်ထိန်းသိမ်းထားနိုင်ပါသည်။

**မြေစာပင်များ**

လူသားနှင့် ပဋိပက္ခကင်းကွာ၍ မရနိုင်သည့်နည်းတူ ငြိမ်းချမ်းရေးသည်လည်း လူသားနှင့်ကင်းကွာ၍ မရနိုင်ပါ။ ငြိမ်းချမ်းရေးသည် လူသားတို့အတွက် အခြေခံလိုအပ်ချက် ဖြစ်ပါသည်။

> “ ငြိမ်းချမ်းမှုမရှိဘဲ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ လုပ်ဆောင်ရန် ခက်ခဲနေပါဦးမည်။ ပဋိပက္ခများ၊ လက်နက်ကိုင်တိုက်ခိုက်မှုများကြောင့် ဖြစ်လာသည့် ဆိုးကျိုးများကို နှစ်ပေါင်းများစွာ ခံစားခဲ့ရပြီးဖြစ်သည်။ ထိုဆိုးကျိုးများကို သားစဉ်မြေးဆက် လက်ဆင့်မကမ်းစေလိုပါ။ ငြိမ်းချမ်းမှုကိုသာ မျိုးဆက်အမွေပေးလိုပါသည်။ မျိုးဆက်အားလုံးအတွက် လိုအပ်နေသည့် အဆိုပါငြိမ်းချမ်းရေးမှာ မိမိတို့လက်တစ်ကမ်းတွင် ရှိနေပါသည်။ ဆက်၍လျှောက်လှမ်းကြရန်သာ လိုပါလိမ့်မည် ”

တစ်ဦးချင်းစီအတွက်သာမက လူ့အဖွဲ့အစည်းအတွက်လည်း ငြိမ်းချမ်းရေး လိုအပ်ပါသည်။ လူ့သမိုင်းတစ်လျှောက် ပဋိပက္ခများနှင့် အစဉ်အဆက်တွေ့ကြုံခဲ့ရပြီး ယနေ့ထက်တိုင်လည်း ရင်ဆိုင်နေကြရဆဲဖြစ်သည်။ အကြီးမားဆုံးပဋိပက္ခများအဖြစ် ကမ္ဘာစစ်ကြီး နှစ်ကြိမ်ဖြစ်ပွားခဲ့သဖြင့် လူသန်းပေါင်းများစွာ သေကျေပျက်စီးခဲ့ရသည်။ ယင်း၏အကျိုးဆက်ကို သားစဉ်မြေးဆက်တိုင် ခံစားခဲ့ကြရသည်။

လွန်ခဲ့သည့် ၁၀ နှစ်အတွင်း ကမ္ဘာအနှံ့၌ ပဋိပက္ခများ တဖြည်းဖြည်း မြင့်တက်နေသဖြင့် ငြိမ်းချမ်းရေးသည် ယခင်ကထက် ပိုမိုလိုအပ်နေပါသည်။ ၂၀၂၂ ခုနှစ် နှစ်ကုန်က လူဦးရေ ၈၉ သန်းကျော်သည် ပဋိပက္ခများကြောင့် နေအိမ်စွန့်ခွာထွက်ပြေးနေကြရပါသည်။ အကြမ်းဖက်မှုများသည် လူတိုင်းကို ထိခိုက်စေလျက်ရှိပြီး တိုက်ပွဲများ၊ စစ်ပွဲများသည် ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်လျက် ရှိပါသည်။ ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာ့အဆင်းရဲဆုံးလူတစ်ဝက်ကျော်သည် ပဋိပက္ခဖြစ်ပွားနေသည့် နေရာဒေသများ၌ နေထိုင်နေရလိမ့်မည်ဟု ကျွမ်းကျင်သူများက ခန့်မှန်းထားကြပါသည်။

ကမ္ဘာတစ်ဝန်းတွင် ယင်းကဲ့သို့ ပဋိပက္ခများနှင့် တင်းမာမှုများ မြင့်တက်နေသည်မှာ ငြိမ်းချမ်းရေးအတွက် အနုတ်လက္ခဏာများ ဖြစ်ကြပါသည်။ တစ်ဖက်နှင့်တစ်ဖက်အကြား အကျိုးစီးပွားပြိုင်ဆိုင်မှုများကြောင့် ငြိမ်းချမ်းရေးကို မျက်ကွယ်ပြုနေကြသည်ကို ကမ္ဘာ့နေရာအနှံ့ တွေ့နေရပါသည်။

ကိုယ်ကျိုးစီးပွားများအောက်တွင် ငြိမ်းချမ်းရေးတောင်းဆိုသံများ တိမ်မြုပ်နေပါသည်။ ငြိမ်းချမ်းရေးနှင့် ကိုယ်ကျိုးစီးပွားများ၏အလဲအထပ်တန်ကြေးကို အပြစ်မဲ့သူများနှင့် မျိုးဆက်သစ်တို့က ပေးဆပ်နေကြရပါသည်။

**ဆက်လက်လျှောက်လှမ်းရမည့်ခရီး**

နေပူပူအောက်တွင် အရိပ်ကို တမ်းတကြပါသည်။ ပဋိပက္ခဒေသတွင် ငြိမ်းချမ်းရေးကို တမ်းတကြပါသည်။ ထိုငြိမ်းချမ်းရေးသည် တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့အတွက် မဟုတ်ပါ။ ငြိမ်းချမ်းမှုကြောင့် ရရှိလာသည့် အသီးအပွင့်များကို အားလုံးမျှဝေခံစားကြရမည် ဖြစ်ပါသည်။ ထိုငြိမ်းချမ်းမှုဖြင့် တိုးတက်သောဘဝများကို ဖန်တီးနိုင်မည်ဖြစ်သည်။ သို့ဆိုပါလျှင် ငြိမ်းချမ်းရေးကို မည်သို့ဖန်တီးကြမည်နည်း။ အောင်မြင်သော ငြိမ်းချမ်းရေးဖော်ဆောင်မှုနှင့်ပတ်သက်၍ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်က “ငြိမ်းချမ်းရေးကို အန္တိမအထိ ဖော်ဆောင်ရာမှာ အကြမ်းဖက်တာတွေ ထာဝရအဆုံးသတ်ရေးအတွက် ဘက်ပေါင်းစုံက ခိုင်မာတဲ့ ကတိကဝတ်နဲ့ ထူးခြားတဲ့ သတ္တိရှိဖို့ လိုအပ်ပါတယ်” ဟု ဆိုပါသည်။

အောင်မြင်သော ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် မိမိတို့ခံစားချက်ထက် နိုင်ငံ၏ ပကတိအခြေအနေ၊ ဘုံရည်မှန်းချက်နှင့် ငြိမ်းချမ်းရေးကို လိုလားသည့်စိတ်ကို အခြေခံမှသာ လက်တွေ့ကျကျချဉ်းကပ်နိုင်ပါမည်။ ထို့အပြင် အတိတ်မှဖြစ်ရပ်များကို အစွဲကင်းကင်းဖြင့် သင်ခန်းစာယူကြရပါလိမ့်မည်။ အတိတ်ကို သင်ခန်းစာမယူပါက ထိုပဋိပက္ခသံသရာတွင် တဝဲလည်လည် ဖြစ်နေပါလိမ့်မည်။ မြန်မာနိုင်ငံသည် ဖက်ဒရယ်နှင့် ဒီမိုကရေစီနိုင်ငံတည်ဆောက်ရန် ရည်မှန်းထားပြီးဖြစ်သည်။ ထိုရည်မှန်းချက် အောင်မြင်ရန် ငြိမ်းချမ်းရေးသည် အခြေခံလိုအပ်ချက် ဖြစ်ပါသည်။

ငြိမ်းချမ်းမှုမရှိဘဲ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ လုပ်ဆောင်ရန် ခက်ခဲနေပါဦးမည်။ ပဋိပက္ခများ၊ လက်နက်ကိုင်တိုက်ခိုက်မှုများကြောင့် ဖြစ်လာသည့် ဆိုးကျိုးများကို နှစ်ပေါင်းများစွာ ခံစားခဲ့ရပြီးဖြစ်သည်။ ထိုဆိုးကျိုးများကို သားစဉ်မြေးဆက် လက်ဆင့်မကမ်းစေလိုပါ။ ငြိမ်းချမ်းမှုကိုသာ မျိုးဆက်အမွေပေးလိုပါသည်။ မျိုးဆက်အားလုံးအတွက် လိုအပ်နေသည့် အဆိုပါငြိမ်းချမ်းရေးမှာ မိမိတို့ လက်တစ်ကမ်းတွင် ရှိနေပါသည်။ ဆက်၍လျှောက်လှမ်းကြရန်သာ လိုပါလိမ့်မည်။ ။

**ကိုးကား–**

၁။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်၊ ၂၀၁၅

၂။ What is peacebuilding? https://www.c-r.org/ who-we-are/ why-peacebuilding/ what-peacebuilding#: ~:text= Peace-building%20is%20a%20long%2Dterm, putting%20an%20end%20to%20violence.

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၃ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ရိုးရာခြင်းလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်




**နေပြည်တော် အောက်တိုဘာ ၁၂**

၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ရိုးရာခြင်းလုံး ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(A)၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေ၊ ခွန်စံလွင်၊ ဦးရွှေကြိမ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ အသင်းအုပ်ချုပ်သူနည်းပြများ၊ ဝန်ထမ်းမိသားစုများနှင့် ခြင်းလုံးဝါသနာရှင် ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**ကြည့်ရှုအားပေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ၂၀၂၃ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ရိုးရာခြင်းလုံး အမျိုးသား(၆) ပေါက်တန်းပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီး အသင်းတို့၏ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ် နာယက ဦးစိုးတင့်က တက်သစ်စ အမျိုးသမီး အားကစားသမားဆုရ နေပြည်တော်မှ မခင်သန္တာအောင်နှင့် တက်သစ်စ အမျိုးသား အားကစားသမားဆုရ ပဲခူးတိုင်းဒေသကြီးမှ မောင်ဇော်လင်းနိုင်တို့အား ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က အမျိုးသမီး(၄) ပေါက်တန်းပြိုင်ပွဲတွင် တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးရွှေကြိမ်းက ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး အသင်းကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ခွန်စံလွင်က ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး အသင်းကို လည်းကောင်း တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်ဒွဲဘူက ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး အသင်းအား တံခွန်စိုက်ဆုဖလားကို လည်းကောင်း၊ မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသက်လွင်က အမျိုးသမီး အကောင်းဆုံး အားကစားသမားဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မခိုင်သဇင်ဖြိုးနှင့် အမျိုးသား အကောင်းဆုံး အားကစားသမားဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ဇော်လင်းမောင်တို့ကို ဆုတံဆိပ်နှင့် ငွေသားဆုများကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

**ပေးအပ်ချီးမြှင့်**

ယင်းနောက် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အမျိုးသား (၆)ပေါက်တန်း ပြိုင်ပွဲတွင် တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး အသင်းကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာဘရွှေက ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး အသင်းကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာမှုထန်က ပထမဆုရရှိသည့် မန္တလေးတိုင်း ဒေသကြီးအသင်းကို လည်းကောင်း တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပိုးရယ်အောင်သိန်းက ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး အသင်းအား တံခွန်စိုက်ဆုဖလား ပေးအပ်သည်။

**ရင်းရင်းနှီးနှီး နှုတ်ဆက်**

ဆုချီးမြှင့်ပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များသည် ပြိုင်ပွဲဝင်အားကစားသမားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး မြန်မာ့ရိုးရာ ခြင်းလုံးပြိုင်ပွဲကို ကျင်းပခြင်းဖြင့် **“ခြင်းလုံးအစ မြန်မာက”**ဆိုသည့်အတိုင်း ကမ္ဘာသို့တိုင်အောင် ဖော်ဆောင်နိုင်ရေး၊ မြန်မာ့ရိုးရာခြင်းလုံး အားကစား ဖွံ့ဖြိုးတိုးတက် လာစေရေး၊ မျိုးဆက်သစ် ရွက်ပုန်းသီး အားကစားသမားများ ပေါ်ထွက်လာစေရေးနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်တစ်ရပ်အဖြစ် ထိန်းသိမ်းမြှင့်တင်ပြီး မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်လာစေရေး အတွက် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲသို့ အမျိုးသားအသင်း ၁၂ သင်း၊ အမျိုးသမီးအသင်းခြောက်သင်းမှ အားကစားသမားစုစုပေါင်း ၁၈၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပညာရေးဝန်ကြီးဌာန၏ နှစ်အလိုက်စွမ်းဆောင်ရည် ပြန်လည်သုံးသပ်ခြင်းနှင့် နှစ်အလိုက် ဘဏ္ဍာငွေပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ



**နေပြည်တော် အောက်တိုဘာ ၁၂**

ပညာရေးဝန်ကြီးဌာန၏ နှစ်အလိုက်စွမ်းဆောင်ရည် ပြန်လည်သုံးသပ်ခြင်း (Annual Performance Review–APR)နှင့် နှစ်အလိုက် ဘဏ္ဍာငွေပြန်လည်သုံးသပ်ခြင်း (Annual Budget Review–ABR) အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အကောင်အထည်ဖော်**

အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ပညာရေးဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းလုပ်ငန်းများကို လွယ်ကူချောမွေ့စွာ အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ရန် နိုင်ငံတော်က လိုအပ်သည်များကို အဘက်ဘက်မှ ပံ့ပိုးပေးလျက်ရှိပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် ဝန်ကြီးဌာနတစ်ခုလုံး၏ အရည်အသွေးတိုးတက်ကောင်းမွန်မှုကို ပံ့ပိုးပေးသည့် နှစ်အလိုက်စွမ်းဆောင်ရည် ပြန်လည်သုံးသပ်ခြင်းနှင့် နှစ်အလိုက်ဘဏ္ဍာငွေ ပြန်လည်သုံးသပ်ခြင်းလုပ်ငန်းကို နှစ်စဉ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

**ပေါင်းစပ်ညှိနှိုင်း**

ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲတွင် ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ (ခြောက်လ)ဘဏ္ဍာနှစ်နှင့် ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ်တို့အတွက် နှစ်အလိုက် စွမ်းဆောင်ရည် ပြန်လည်သုံးသပ်ခြင်းနှင့် ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ် အတွက် နှစ်အလိုက်ဘဏ္ဍာငွေ ပြန်လည်သုံးသပ်ခြင်း ဆိုင်ရာ လုပ်ငန်းစဉ်များကို ဆွေးနွေးကြမည်ဖြစ်ပါကြောင်း၊ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၂၁–၂၀၃၀) နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းရေးဆွဲခြင်းနှင့် ရသုံးမှန်းခြေငွေစာရင်းပြုစုခြင်း လုပ်ငန်းစဉ်စက်ဝန်း (Annual Planning and Budget Cycle–APBC) တွင် ပါဝင်သော လုပ်ငန်းစဉ်များဖြစ်သည့် စီမံကိန်းရေးဆွဲခြင်း၊ ငွေစာရင်းပြုစုခြင်း၊ လေ့လာဆန်းစစ်အကဲဖြတ်ခြင်း၊ အစီရင်ခံတင်ပြခြင်းတို့ကို ပူးပေါင်းဆောင်ရွက်မှု၊ ပေါင်းစပ်ညှိနှိုင်း မှုတို့ဖြင့် ဆက်သွယ်ဆောင်ရွက်မှသာ စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၃)မှ ဆွေးနွေးရရှိသော အနာဂတ်ပညာရေး ပိုမိုကောင်းမွန်ရေး လုပ်ငန်းအစီအမံများဖြစ်သည့် ကျောင်းနေနှုန်းမြင့်မားရေး၊ တန်းစဉ်ကူးပြောင်းနှုန်း မြင့်မားရေး၊ အမှန်တကယ် စာတတ်မြောက်ရေး၊ လူတိုင်းအကျုံးဝင်ပညာရေး အားပေးရေး၊ ဘွဲ့ရ ပညာတတ်များပေါ်များရေး၊ သင်ယူမှုအခွင့်အလမ်းများ ပိုမိုရရှိစေရေး၊ ဆရာလိုအပ်ချက် ပြည့်မီစေရေး၊ ဆရာ ဆရာမ အရည်အသွေးမြှင့်တင်ရေး၊ နိုင်ငံတကာအတွေ့အကြုံရရှိရေး၊ လုပ်ငန်းခွင်ပျော်ရွှင်စေရေး၊ နိုင်ငံချစ်စိတ်နှင့် မျိုးချစ်စိတ်ရှိသော နိုင်ငံ့သားကောင်းများ မွေးထုတ်ရေး၊ စီမံခန့်ခွဲမှုအရည်အသွေး မြင့်မားရေး၊ အရည်အသွေးရှိသော သုတေသနလုပ်ငန်းများ ထွက်ပေါ်ရေး လုပ်ငန်းစဉ်များကိုလည်း အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁–၂၀၃၀) လုပ်ငန်းစဉ်များနှင့်ချိတ်ဆက်၍ အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၂၁–၂၀၃၀)၏ ရည်မှန်းချက်ပန်းတိုင်ကို ၂၀၂၉–၂၀၃၀ ဘဏ္ဍာနှစ်အကုန်တွင် ပေါက်မြောက်အောင်မြင်စေရန် ဦးစီးဌာနများအလိုက် ဦးတည်ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

**အုပ်စုဖွဲ့ဆွေးနွေး**

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က အလုပ်ရုံဆွေးနွေးပွဲ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်သူများက ဦးစီးဌာနအလိုက် အုပ်စုဖွဲ့ဆွေးနွေးကြသည်။

ယင်းအလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၁၃ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရုပ်ရှင်အနုပညာလုပ်ငန်းများ မြှင့်တင်ရန် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် တွေ့ဆုံ

**ရန်ကုန် အောက်တိုဘာ ၁၂**

ရုပ်ရှင်အနုပညာလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရေးနှင့် ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကုက္ကိုင်းရိပ်သာလမ်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးကြည်စိုးထွန်းနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရုပ်သံလိုင်းများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယနေ့အချိန်တွင် ရုပ်ရှင် အနုပညာလောက၏ အခြေအနေသည် ပုံမှန်အခြေအနေနီးပါးသို့ ရောက်ရှိလာပြီဟု ပြောနိုင်ပါကြောင်း၊ ကိုဗစ် -၁၉ ရောဂါကြောင့် တုံ့ဆိုင်းရပ်ဆိုင်းသွားခဲ့သည့် ရုပ်ရှင်လုပ်ငန်းများ ယခုကဲ့သို့ ပုံမှန်လည်ပတ်နိုင်ရေးအတွက် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့ရပါကြောင်း။

ယခုအခါ ရိုက်ကူးပြီးဇာတ်ကားများ ရုံတင်ပြသနိုင်ရေးအတွက် ဖြစ်ပေါ်နေသည့် အခက်အခဲများနှင့် ကျော်လွှားဖြေရှင်းနိုင်မည့် နည်းလမ်းများကို ဆွေးနွေးအဖြေရှာပေးကြရမည် ဖြစ်ပါကြောင်း၊ ၂၀၁၉၊ ၂၀၂၀၊ ၂၀၂၂ ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးပွဲအခမ်းအနားများကို နိုင်ငံတော်ကဦးစီး၍ ကျင်းပဆောင်ရွက်ပေးခဲ့ပြီး ယင်းအခမ်းအနားနှင့်ပတ်သက်၍ ပြည်သူများထံမှ ကောင်းမွန်သည့်သဘောထား တုံ့ပြန်ချက်များရရှိခဲ့သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူစရာ အခမ်းအနားကြီးတစ်ခုပင် ဖြစ်ပါကြောင်း၊ ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲ အခမ်းအနားကို မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအနေဖြင့် မည်သို့စီမံဆောင်ရွက်သွားမည်ကို ယခုအစည်းအဝေး၌ဆွေးနွေးပေးစေလိုပါကြောင်း။



ထို့ပြင် နိုင်ငံတကာမှ ဖိတ်ခေါ်သည့် ရုပ်ရှင်ပွဲတော်များတွင် မြန်မာ့ရုပ်ရှင်ဇာတ်ကားများ ပြသနိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးရန်လိုအပ်သကဲ့သို့ အရည်အသွေးရှိသည့် ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးထုတ်လုပ်နိုင်ရေးအတွက်လည်း ကူညီပေးစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း (၁၁)ကြိမ်မြောက် အာဆီယံသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၁၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၉ ရက် မှ ၁၃ ရက်အထိ ဗီယက်နမ်နိုင်ငံ ဟွာလောင်းမြို့၌ ကျင်းပလျက်ရှိသည့် (၁၁) ကြိမ်မြောက် အာဆီယံသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေး (ASEAN Ministerial Meeting on Disaster Management–AMMDM) နှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်လျက်ရှိသည်။





ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် “From response to anticipatory action and resilience: ASEAN’s journey to wards global leadership in disaster management” ဆောင်ပုဒ်ဖြင့် ကျင်းပသည့် အာဆီယံ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးနေ့ ပထမပိုင်းအစီအစဉ်သို့ တက်ရောက်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် (၁၁) ကြိမ်မြောက် အာဆီယံသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ အာဆီယံနိုင်ငံများမှ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများ၊ ကိုယ်စားလှယ်များနှင့်အတူ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာဆောင်ရွက်မှုများကို သက်ဆိုင်ရာ နိုင်ငံအလိုက် ဝန်ကြီးများက ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အာဆီယံဒေသတွင်း နိုင်ငံများအနေဖြင့် ဘေးဒဏ်ကြံ့ကြံ့ခံနိုင်သောနိုင်ငံများဖြစ်လာစေရန် နိုင်ငံအလိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ယနေ့အစည်းအဝေး၏ဆောင်ပုဒ်ဖြစ်သော From response to anticipatory action and resilience: ASEAN’s journey towards global leadership in disaster management ကို ကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံသည် Anticipatory Actionကို နိုင်ငံ၏ ပထဝီအနေအထား၊နိုင်ငံ၏လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ပြီးခဲ့သည့်မေ ၁၄ ရက်က မြန်မာနိုင်ငံသို့ဝင်ရောက် တိုက်ခတ်ခဲ့သော အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါနှင့်ပတ်သက်၍ စီမံဆောင်ရွက်ခဲ့မှုများကို သာဓကပြလိုပါကြောင်း။

မိုခါမုန်တိုင်း မဝင်ရောက်မီကပင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှု၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၏ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် လုပ်ငန်းကော်မတီများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အစိုးရအဖွဲ့များ၊ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဆောင်ရန်၊ရှောင်ရန် အချက်အလက်များ ဖြန့်ဝေခြင်း၊ ဇာတ်တိုက် လေ့ကျင့်ခြင်း၊ ကြိုတင်သတိပေးချက်များ အချိန်နှင့်တစ်ပြေးညီထုတ်ပြန်ပေးခြင်း၊ လိုအပ်သည့် စားရေရိက္ခာများ၊ စက်သုံးဆီများ၊ ဆောက်လုပ်ရေးသုံးပစ္စည်းများကို ဘေးကျရောက်နိုင်ခြေများပြားသောဒေသများသို့ ကြိုတင်ပေးပို့စုဆောင်းခြင်း၊ ပြည်သူများ ဘေးလွတ်ရာသို့ ကြိုတင်ရွှေ့ပြောင်းပေးခြင်း၊ သက်ဆိုင်ရာလုပ်ငန်းကော်မတီများ အလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို တိကျစွာလိုက်နာစေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

ထိုသို့ ဆောင်ရွက်မှုများကြောင့် ၂၀၀၈ ခုနှစ်တွင် ဖြစ်ပွားခဲ့သော နာဂစ်မုန်တိုင်းနှင့်နှိုင်းယှဉ်ပါက လူသေဆုံးမှု၊ ထိခိုက်ပျက်စီးမှုများ များစွာ နည်းပါးခဲ့ပါကြောင်း၊ ယခုအခါ ဘေးသင့်ဒေသများကို မူလအနေအထားထက် ပိုမိုကောင်းမွန်သည့် အခြေအနေသို့ရောက်ရှိစေရန် ပြန်လည်ထူထောင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မိုခါမုန်တိုင်းသင့် ဒေသများအတွက် လူသားချင်း စာနာထောက်ထားမှု အကူအညီများ ပေးပို့ကူညီထောက်ပံ့ခဲ့ကြသည့် အာဆီယံနိုင်ငံများနှင့် မိတ်ဆွေနိုင်ငံများကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် AHA Centre တို့က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် အာဆီယံ သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ ရန်ပုံငွေ ရရှိသုံးစွဲမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြသည်။

ဆက်လက်၍ အာဆီယံနိုင်ငံများနှင့် တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံတို့မှ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးများကို သီးခြားစီ ကျင်းပခဲ့ရာ အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်မည့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု လုပ်ငန်းအစီအစဉ်များ၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ပူးတွဲကြေညာချက်များနှင့် စပ်လျဉ်း၍ အပိုင်းအလိုက်၊ အခန်းကဏ္ဍအလိုက် ဆွေးနွေးအတည်ပြုခဲ့ကြသည်။

အဆိုပါအစည်းအဝေး၏ ဆက်စပ်အစည်းအဝေးများဖြစ်သော အာဆီယံ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ (၄၃) ကြိမ်မြောက် အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများကို အောက်တိုဘာ ၉ ရက်မှ၁၂ ရက်အထိ ကျင်းပခဲ့ရာ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့က ပါဝင် တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ၏ သဘာဝဘေးစီမံခန့်ခွဲမှု လုပ်ငန်းများ၊ အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှု အခြေအနေများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မင်္ဂလာဒုံမြို့နယ်၌ စိုက်ပျိုးရေးနှင့် အယ်လ်နီညိုရာသီဥတုအကြောင်း အသိပညာပေး ဟောပြောပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၌ စိုက်ပျိုးရေးနှင့် အယ်လ်နီညိုရာသီဥတုအကြောင်း အသိပညာပေး ဆွေးနွေးဟောပြောပွဲကို ယမန်နေ့နံနက် ၉ နာရီက မင်္ဂလာဒုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်ဆွေက အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် စိုက်ပျိုးရေးကဏ္ဍအပေါ် အကျိုးသက်ရောက်မှုများကို ကြိုတင်စီမံဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ စသည့် အသိပညာပေး အကြောင်းအရာများကို ဟောပြောဆွေးနွေးခဲ့သည်။

အဆိုပါဆွေးနွေးဟောပြောပွဲသို့ မင်္ဂလာဒုံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်းနိုင်နှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေး ကော်မတီအဖွဲ့ဝင်များ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် ရပ်/ကျေး လယ်ယာမြေစီမံခန့်ခွဲရေး ကော်မတီအဖွဲ့ဝင်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ တက်ရောက်ကြပြီး ၎င်းတို့၏ မေးမြန်းဆွေးနွေးချက်များကို မြို့နယ်ဦးစီးမှူးက ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

# ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း၊ ဦးကိုကိုလွင်နှင့် ဒေါက်တာမျိုးသိန်းကျော်တို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ဆဌမအကြိမ်မြောက် ရုရှားစွမ်းအင်ရက်သတ္တပတ် အပြည်ပြည်ဆိုင်ရာဖိုရမ်(၂၀၂၃) (REW-2023 ) သို့ တက်ရောက်

နေပြည်တော် အောက်တိုဘာ ၁၂

ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ရောက်ရှိနေသည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်နှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်တို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ကျင်းပသည့် ဆဌမအကြိမ်မြောက် ရုရှားစွမ်းအင်ရက်သတ္တပတ် အပြည်ပြည်ဆိုင်ရာဖိုရမ် (၂၀၂၃) (REW–2023)သို့ တက်ရောက်ကြသည်။



**တက်ရောက်**

အဆိုပါ Forum သို့ နိုင်ငံပေါင်း ၆၀ ကျော်မှ နိုင်ငံခြားရေးဝန်ကြီးများ၊ ဝန်ကြီးများ၊ သံတမန်များနှင့် CIS မှ လုပ်ဖော်ကိုင်ဖက်များ၊ နိုင်ငံတကာမှ လွှတ်တော်အမတ်များ၊ နိုင်ငံတော်နှင့် ဒေသတွင်းအဖွဲ့အစည်းများ၏ အကြီးအကဲများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဆဌမအကြိမ်မြောက် ရုရှားစွမ်းအင်ရက်သတ္တပတ် အပြည်ပြည်ဆိုင်ရာဖိုရမ် (၂၀၂၃) (REW–2023) တက်ရောက်လာကြသူများသည် ခင်းကျင်းပြသထားသည့် ခေတ်မီပြခန်းများနှင့် ပုံစံငယ်များကို လိုက်လံကြည့်ရှုလေ့လာပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြကာ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မျက်နှာစုံညီအစည်းအဝေး (Plenary Session) တွင် " Technological Sovereignty and Low–Carbon Energy : Looking to Tomorrow " ခေါင်းစဉ်ဖြင့် ဆွေးနွေးမှုအစီအစဉ်သို့ တက်ရောက်ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသူများက စွမ်းအင်ထုတ်လုပ်မှုကြောင့် သဘာဝပတ်ဝန်းကျင်တွင် ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လုပ်နေမှုများနှင့် ကမ္ဘာကြီးပူနွေးလာမှု၊ ၎င်းကာဗွန်ဒိုင်အောက်ဆိုက်များ လျှော့ချနိုင်ရေးအတွက် သန့်စင်သောစွမ်းအင် (Green Energy) များ အသုံးပြုနိုင်မှု၊ နျူကလီးယားနည်းပညာမှ စွမ်းအင်အကျပ်အတည်းကို ဖြေရှင်းနိုင်မှု၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝထိခိုက်မှုမရှိဘဲ နိုင်ငံ၏ စီးပွားရေးတိုးတက်မှုကဏ္ဍတွင် အထောက်အကူပြုပုံနှင့် ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်မှုတို့ကို ဆွေးနွေးကြသည်။

ယင်းနောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် Rosatom ၏ အကြီးအကဲဖြစ်သူ ဥက္ကဋ္ဌ အလက်ဆီလီကာချော့နှင့် သီးခြားတွေ့ဆုံ၍ မြန်မာနိုင်ငံ၏ လျှပ်စစ်ကဏ္ဍနှင့် လူသားအရင်းအမြစ် လေ့ကျင့်သင်ကြားရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ Nuclear Infra–structure အတွက် နားလည်မှုစာချွန်လွှာ (MOU) ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားစွမ်းအင်ရက်သတ္တပတ် အပြည်ပြည်ဆိုင်ရာဖိုရမ် (၂၀၂၃)(REW–2023) ၏ စုံညီအစည်းအဝေးသို့ တက်ရောက်ကြသည်။

ရုရှားစွမ်းအင်ရက်သတ္တပတ် အပြည်ပြည်ဆိုင်ရာဖိုရမ်ကို ၂၀၁၇ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး စွမ်းအင်ကဏ္ဍတွင် အပြင်းထန်ဆုံးသော ပြဿနာများကို ဖြေရှင်းရေး၊ အပြည်ပြည်ဆိုင်ရာအစီအစဉ်၊ ရာသီဥတု၊ သိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေး၊ စက်သုံးဆီနှင့် စွမ်းအင်ကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်းနှင့် REW –2023 ဆွေးနွေးမှုများတွင် ပါဝင်သူများက စွမ်းအင်ထောက်ပံ့မှုနှင့် ကုန်ကြမ်းများအတွက် ကမ္ဘာ့ဈေးနှုန်းများဖွဲ့စည်းပုံ၊ ရေနံလုပ်ငန်းအတွက် အလားအလာနှင့် ရာသီဥတုဆိုင်ရာအစီအစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင် ဦးစီးသည့်အဖွဲ့ ပျဉ်းမနားမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆက်လက်ကွင်းဆင်းဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁၂

နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်းရှိ တောင်ပေါ်ကျေးရွာများအတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်နေသော နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင် ဦးစီးသည့်အဖွဲ့သည် ယနေ့တွင် သစ်တွန်ကျေးရွာအုပ်စု လေးအိမ်စုကျေးရွာအတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ထောက်ပံ့ရေးပစ္စည်းများ ပန်းခင်းစီမံချက်အရ ဆောင်ရွက်ပေးသည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကို ပေးအပ်ခဲ့သည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ နေပြည်တော်ကောင်စီဝင်နှင့်အဖွဲ့သည် ထိန်ပြောင်ကျေးရွာနှင့် လေးအိမ်စုကျေးရွာ လမ်းပိုင်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး ကျေးရွာများသို့ လျှပ်စစ်မီးပေးနိုင်ရေး လျှပ်စစ်မီးကြိုးများ သွယ်တန်းထားရှိမှုအခြေအနေများ၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေး လျာထားဆောင်ရွက်မည့် အခြေအနေများ၊ ကျေးရွာချင်းဆက်လမ်းတစ်လျှောက် သန့်ရှင်းသာယာလှပစေရေး ဆောင်ရွက်ပေးမည့် အစီအမံများနှင့် အခြားလိုအပ်သည်များကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့်အဖွဲ့သည် လေးအိမ်စုကျေးရွာသို့ ရောက်ရှိကြပြီး အခြေခံပညာ မူလတန်းလွန်ကျောင်းသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးကာ ကျောင်းသား ကျောင်းသူများအတွက် စားသောက်ဖွယ်ရာများ ဝေငှပေးသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဝင်နှင့်အဖွဲ့သည် လေးအိမ်စုကျေးရွာ ရွာဦးကျောင်းတိုက်၌ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာခွဲတာဝန်ခံများ၊ ဌာနဆိုင်ရာဝန်ထမ်းများ ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူလူထုများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နေပြည်တော်ကောင်စီအဖွဲ့ဝင်က တောင်ပေါ်ဒေသနေ ပြည်သူလူထု အသိပညာဗဟုသုတပြည့်ဝစွာရရှိပြီး လူနေမှုအဆင့်အတန်းမြင့်မားစွာဖြင့် နေထိုင်နိုင်စေရန် နိုင်ငံတော်အစိုးရအနေဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ဒေသခံပြည်သူလူထုအနေဖြင့်လည်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ပွင့်လင်းစွာ တင်ပြကြစေလိုကြောင်း ပြောကြားသည်။



ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ကျေးရွာအုပ်စုရှိ ဘုန်းတော်ကြီးကျောင်းများ၊ အိမ်ထောင်စုများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ကျောင်းသုံးစာရေးကိရိယာများ၊ ဗဟုသုတရဖွယ် သုတ၊ ရသစာအုပ်များ၊ ဆေးဝါးများ၊ First Aid Kit များနှင့် ပန်းခင်းစီမံချက်(၂)ဖြင့် ဆောင်ရွက်ပေးခဲ့သည့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကို ထောက်ပံ့လှူဒါန်းပေးအပ်ကြရာ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာခွဲတာဝန်ခံများ၊ ကျောင်းအုပ်ဆရာကြီးများ၊ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများနှင့် ပြည်သူ့စစ်တပ်ဖွဲ့ဝင်များက လက်ခံရယူကြသည်။

ယင်းနောက် ဒေသခံတိုင်းရင်းသားပြည်သူများက မိမိတို့ဒေသအတွက် ဆောင်ရွက်ပေးစေလိုသည့် ပညာရေး၊ ကျန်းမာရေးနှင့် အခြားဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအမံများနှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး နေပြည်တော်ကောင်စီအဖွဲ့ဝင်သည် ကျေးရွာအတွင်းရှိ အသက် ၇၀ အရွယ် မသန်စွမ်းသူ အဘိုးအဘွားနှစ်ဦးအား ငွေကျပ်သုံးသောင်းစီ ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူ၍ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီအဖွဲ့ဝင်က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ကြရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ကျေးရွာသူ ကျေးရွာသားများနှင့် ကျောင်းသား ကျောင်းသူများအား ပန်းခင်းစီမံချက် (၂)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားဆောင်ရွက်ပေးခြင်း၊ နေပြည်တော် ကုသရေးဦးစီးဌာနမှ နယ်လှည့်ဆေးကုသရေးအဖွဲ့က လေးအိမ်စုကျေးရွာ ကျေးလက်ကျန်းမာရေးဌာန၌ သံဃာတော်များနှင့် ကျေးလက်နေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ နေပြည်တော် လမ်းဦးစီးဌာနမှ ကျေးရွာအတွင်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရေး မြေပြင်ကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်းနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ကျေးရွာအတွင်း လျှပ်စစ်မီးရရှိနိုင်ရေး လိုအပ်သည်များ ကြည့်ရှုစစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

**သတင်းစဉ်**

**နောက်နှစ်ရက်အတွင်း စစ်တောင်းမြစ်ရေ တောင်ငူမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်**

နေပြည်တော် အောက်တိုဘာ ၁၂

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေကျော် (၆၂ စင်တီမီတာ) တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

# တိုင်းဒေသကြီးဝန်ကြီးချုပ် ပဲခူးမြို့ ရေဘေးရှောင်စခန်းများသို့ သွားရောက်အားပေးခဲ့ပြီး ထောက်ပံ့ရေးပစ္စည်းများပေးအပ်

ပဲခူး အောက်တိုဘာ ၁၂

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ အောက်တိုဘာ ၁၁ ရက် မွန်းလွဲပိုင်းက ပဲခူးမြို့ ရေဘေးရှောင်စခန်းများသို့ သွားရောက်အားပေးခဲ့ပြီး ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့သည် ပဲခူးမြစ်ရေ ပြန်လည်ကျဆင်းနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ပဲခူးမြစ်ရေဝင်ရောက်သည့် မြေနိမ့်ပိုင်းနေရာများရှိ ရေတားတာများအား ပြန်လည်အဆင့်မြှင့်တင်ရန်၊ အများနှင့်သက်ဆိုင်သည့် ဆေးရုံ၊ စာသင်ကျောင်းများ၊ ဘာသာရေးအဆောက်အအုံများနှင့် ရပ်ကွက်များအတွင်းရှိ ရေဝပ်ခဲ့သည့် နေရာများအား ပြန်လည်စုပ်ထုတ်နိုင်ရေး ဦးစားပေးဆောင်ရွက်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။ ၎င်းနောက် အနောက်ရွှေနံ့သာ ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိခဲ့ပြီး ပဓာနနာယကဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ပြီး ရေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားခဲ့ပြီး ရေဘေးသင့်အိမ်ထောင်စု တစ်စုလျှင် အိမ်သုံးပစ္စည်း(၂၄)မျိုးပါ Family Kit တစ်ပုံးစီ၊ ခေါက်ဆွဲခြောက်၊ ရေသန့်နှင့် ကလေးများအတွက် အာဟာရမုန့်များ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် ပဲခူးမြို့ မဂ္ဂတစ်လမ်းတစ်လျှောက် ရပ်ကွက်များအတွင်း ရေများပြန်လည်ကျဆင်းနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တောင်ဘက်ခြမ်း ရပ်ကွက်များအတွင်းသို့ ဝင်ရောက်ခဲ့သည့် ရေများအား အမြန်ဆုံးပြန်လည်ကျဆင်းနိုင်ရေး ဟံသာဝတီ ရှေးဟောင်းကျုံးအတွင်းရှိ အမှိုက်များ၊ ဗေဒါပင်များအား စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကာ ရေထွက်လမ်းတစ်လျှောက် ပိတ်ဆို့နေသည့် အတားအဆီးများအား ဖယ်ရှားရှင်းလင်းသွားရန်နှင့် လိုအပ်ပါက ရေထွက်လမ်းပေါက်များ တစ်ပါတည်းချဲ့ထွင်သွားရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့သည် ပဲခူးမြို့ ကလျာဏီရပ်ကွက် ရေဘေးသင့်ပြည်သူများအား အားပေးစကား ပြောကြားခဲ့ပြီး ရေဘေးသင့်အိမ်ထောင်စု တစ်စုလျှင် အိမ်သုံးပစ္စည်း(၂၄)မျိုးပါ Family Kit တစ်ပုံးစီ၊ ခေါက်ဆွဲခြောက်၊ ရေသန့်နှင့် ကလေးများအတွက်



အာဟာရမုန့်များ ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့သည် ဗုဒ္ဓအသံဓမ္မဗိမာန်တော်ကြီး၌ ဖွင့်လှစ်ထားသည့် တိုင်းဒေသကြီး သဘာဝဘေး ကွပ်ကဲမှုရုံး၌ ယာယီရေဘေးရှောင်ကယ်ဆယ်ရေး စခန်းများတွင် အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိသော အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ စခန်းအလိုက် တာဝန်ခံ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံ၍ သက်ဆိုင်ရာ ယာယီရေဘေးရှောင်စခန်းအလိုက် လိုအပ်ချက်များ အားသာချက်/အားနည်းချက်များအား မေးမြန်းဆွေးနွေးခဲ့ရာ တင်ပြချက်များနှင့် ပတ်သက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပဲခူးမြို့နယ် ဇလပ်ထော်ရေလှောင်တမံ၏ ရေပိုလွှဲအထွက်ဘက်အပိုင်းရှိ ရေကျအဆောက်အအုံထိခိုက်မှု အရေးပေါ်ပြုပြင်ဆောင်ရွက်ပြီးဖြစ်

**နေပြည်တော် အောက်တိုဘာ ၁၂**

မိုးသည်းထန်စွာ ဆက်တိုက်ရွာသွန်းမှုကြောင့် ပဲခူးမြို့နယ်ရှိ ဇလပ်ထော် ရေလှောင်တမံတွင် အောက်တိုဘာ ၁၀ ရက်က ရေပိုလွှဲမှ ရေအမြင့် ၃ ဒသမ ၉ ပေ ကျော်အထိ ရေကျော်စီးဆင်းခဲ့ရာ ပင်မရေပိုလွှဲအထွက်ပိုင်း ရေကျအဆောက်အအုံများ ရေတိုက်စားထိခိုက်မှု ဖြစ်ပေါ်ခဲ့သဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် ဦးဆောင်၍ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများက ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။



ထိုသို့ပြုပြင်ရာတွင် ပင်မရေပိုလွှဲ အထက်ပိုင်း၌ ယာယီရေတားတမံပြုလုပ်၍ ရေပိုလွှဲအောက်ပိုင်းကို လူအင်အား၊ စက်အင်အားများဖြင့် အမြန်ပြုပြင်ပြင်ဆင်ခဲ့ရာ ယနေ့မွန်းလွဲပိုင်းတွင် ပြင်ဆင်မှုပြီးစီး၍ ယာယီချောင်းပိတ်တမံအား ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။

ယခုအခါ ပင်မရေပိုလွှဲမှ ကန်ရေပြည့်အထက်ရှိ ရေများကို ကောင်းမွန်စွာစီးဆင်းလျက်ရှိပြီး ရေမှတ်မှာ ၁၁၃ ပေ ရှိ၍ Spillway အထက် သုံးပေ ရေကျော်စီးဆင်းလျက်ရှိသည်။ သို့ဖြစ်၍ ဇလပ်ထော်ရေလှောင်တမံနှင့် ပြုပြင်ပြီး ပင်မရေပိုလွှဲမှာ မူလအခြေအနေအတိုင်း တည်ငြိမ်စွာရှိနေပြီး စိုးရိမ်ရန်မရှိကြောင်း သိရသည်။

ထို့အပြင် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့နယ်အတွင်းရှိ အလိုင်နီရေလှောင်တမံနှင့် လှည်းကူးမြို့နယ် အတွင်းရှိ လဂွမ်းပြင်ရေလှောင်တမံ ရေဝင်ရောက်မှုနှင့် ရေပိုလွှဲမှ ရေကျော်စီးဆင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ရေလှောင်တမံနှင့် ရေပိုလွှဲများကြံ့ခိုင်ရေး အမြဲစစ်ဆေးရန်၊ ယခုရေကြီးကာလတွင် ရေကင်းများ ၂၄ နာရီချထားရန်နှင့် ရေလှောင်တမံ အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှု (EPP)နှင့်အညီ အဆင့်အလိုက် တုံ့ပြန်မှုအစီအစဉ်များ ဆောင်ရွက်ရန် မှာကြားသည်။

ရေလှောင် တမံများတွင် ထည့်သွင်း တည်ဆောက်ထားသည့် ရေပိုလွှဲများသည် ကန်ရေပြည့် သိုလှောင်နိုင်သည့် ပမာဏထက် ကျော်လွန်ပြီး စီးဝင်လာသောရေများကို မူလမြစ်ချောင်းများအတွင်းသို့ စီးထွက်သွားစေရန် ထည့်သွင်း တည်ဆောက်ထားသော ရေအားအဆောက်အအုံတစ်ခုဖြစ်ပြီး မိုးရွာသွန်းမှုကြောင့် စီးဝင်လာသော ရေထုထည်ပမာဏအနက်မှ ကန်ရေပြည့်သိုလှောင်နိုင်သော ပမာဏတစ်ခုအထိ ထိန်းသိမ်းသိုလှောင်ပေးထားခြင်းဖြင့် တမံအောက်ဘက်ရှိ ဒေသများ၏ ရေကြီးနစ်မြုပ်မှုကို အတိုင်းအတာ တစ်ခုအထိ ကာကွယ်စောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# လှည်းကူးမြို့နယ်နှင့် ပဲခူးမြို့အတွင်းရှိ ရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့သည့်နေရာများ၌ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ပေး

**နေပြည်တော် အောက်တိုဘာ ၁၂**

ရန်ကုန် တိုင်းဒေသကြီး လှည်းကူးမြို့နယ်အတွင်း ရေကြီးရေလျှံမှုကြောင့် ရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့သည့် ကြာအင်းကျေးရွာရှိ ဆီဆုံကုန်း သာသနာ့ရိပ်သာကျောင်းတိုက်၌ ယနေ့တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အင်းတိုင်တပ်နယ်မှ နယ်မြေခံတပ်မတော်သားများက ကျောင်းတိုက်အတွင်း အပြင် ရေဝင်ခဲ့သည့်နေရာများ၌ တင်ကျန်ခဲ့သည့် နုန်းများနှင့် အမှိုက်များ ဖယ်ရှားရှင်းလင်းပေးခြင်းစသည့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



**ရေများပြန်လည်ကျဆင်း**

အလားတူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့အတွင်း ရေကြီးရေလျှံမှုကြောင့် ရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့သည့် နေရာများ၌ ရေများပြန်လည်ကျဆင်းသွားပြီ ဖြစ်သဖြင့် တင်ကျန်ခဲ့သည့် နုန်းများနှင့် အမှိုက်များအား ဖယ်ရှားပေးခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရန် ရေနုတ်မြောင်းများ ပြန်လည်တူးဖော်ပေးခြင်း စသည့်လုပ်ငန်းများကို ဌာနဆိုင်ရာဝန်ထမ်းများ၊ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ ဆောင်ရွက်ပေးသည်။

ထို့ပြင် ပဲခူးမြို့အတွင်းဖွင့်လှစ်ထားရှိသည့် ရေဘေးကယ်ဆယ်ရေးစခန်းများအား ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ရေဘေးသင့် ပြည်သူများအား ဆန်၊ ဆီ၊ ရေသန့်ကတ်များနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## နောက်နှစ်ရက်အတွင်း ပဲခူးမြစ်ရေ ပဲခူးမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်

**နေပြည်တော်အောက်တိုဘာ၁၂**

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခန့် (၅၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်ပါသည်။

**မိုး/ဇလ**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံခြင်းနှင့် သဘာဝဘေးအန္တရာယ်ကျရောက်မှုကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများ လှည့်လည်ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁၂**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ် ကြက်သွန်ခင်းကျေးရွာ၌ အောက်တိုဘာ ၁၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းပြီး ပလွေးချောင်းရေတိုက်စားမှုကြောင့် ကမ်းပါးပြိုမှုအခြေအနေနှင့် ယာယီမြေထိန်းနံရံတည်ဆောက်နေမှုကို ကြည့်ရှုပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက ယာယီမြေထိန်းနံရံ ဆောင်ရွက်နေသူများအား ဆီနှင့် ကြက်ဥများ ပေးအပ်သည်။



မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် တပ်ကုန်းမြို့နယ် ရေအေးကျေးရွာအနီး မိုင်တိုင် ၁၂/၆ ရှိ ရွှေတံချူးချောင်း ရေထွက်ပေါက်များသည် အောက်တိုဘာ ၈ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သဲနုန်းများပိတ်ဆို့ကာချောင်းသည် တိမ်ကောနေသည့်အတွက် စိုက်ခင်းများ ရေလွှမ်းမိုးမှုဖြစ်ပေါ်နေသဖြင့် ပိတ်ဆို့နေသည့်သဲနုန်းများကို စက်ယန္တရားများဖြင့် ပြန်လည်တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကာ တောင်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဇေယျာသီရိမြို့နယ် အင်းသာကျေးရွာအနီး ဆင်သေချောင်းအတွင်းရှိ တည်ဆောက်ထားသည့် ပြိုကျပျက်စီးနေသော ကျောက်စီမြေထိန်းနံရံကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ပြိုကျပျက်စီးမှုအခြေအနေများနှင့် ပြန်လည်ပြင်ဆင်မည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**ကြိုတင်ပြင်ဆင်**

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ဇေယျာသီရိမြို့နယ် စည်ပင်ကြီးကျေးရွာအတွင်း ပေါင်းလောင်းမြစ်နှင့် ဆင်သေချောင်း ရေဆုံကျသဖြင့် ကျေးရွာအတွင်း ရေဝင်ရောက်နေမှုနှင့် စပါးစိုက်ခင်းများ ရေနစ်မြုပ်နေမှုကို လည်းကောင်း၊ ပျဉ်းမနားမြို့နယ် သစ်ဆိမ့်ပင်ကျေးရွာအနီး ပေါင်းလောင်းရေလွှဲဆည် ရေထိန်းတံခါး ရေကျော်နေမှုအခြေအနေကို လည်းကောင်း၊ လယ်ဝေးမြို့နယ် ဆင်အုံကန်ရေထိန်းတံခါး ရေပိုလွှဲမှရေထုတ်လွှတ်နေမှုကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက မြို့နယ်အသီးသီးတွင် ဘေးအန္တရာယ်ဖြစ်ပွားနိုင်သည့်နေရာများကို ကြိုတင်ကာကွယ်ရေး၊ ပြောင်းရွှေ့ရမည့်လုပ်ငန်းများကို စီစဉ်ဆောင်ရွက်ထားရန်လိုကြောင်း၊ ဘေးအန္တရာယ်ကျရောက်ပါက ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အမြန်ဆုံးချက်ချင်းဆောင်ရွက်နိုင်ရေး ကြိုတင်စုဖွဲ့ထားရှိကြရန်လိုကြောင်း၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် သောက်ရေသန့်များ၊ စားရေရိက္ခာများကို ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်ထားရန် လိုကြောင်းတို့ကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် စမ်းသပ်သန်းခေါင်စာရင်းကောက်ယူနေမှုများ ကြည့်ရှုအားပေး

**မုံရွာ အောက်တိုဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ မုံရွာခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မုံရွာမြို့နယ် ကျွဲရဲ(မြောက်)ကျေးရွာအတွင်းရှိ ကောက်ကွက်သုံးကွက်အား အဖွဲ့ ငါးဖွဲ့ခွဲကာ စမ်းသပ်သန်းခေါင်စာရင်းကောက်ယူနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျေးရွာနေ ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ စမ်းသပ်သန်းခေါင်စာရင်းကောက်ယူမှုအား ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ မုံရွာမြို့နယ်အတွင်းရှိ ရုံးကြီးရပ်ကွက်တွင် ကောက်ကွက်နှစ်ကွက်၊ သပြေတောကျေးရွာတွင် ကောက်ကွက် တစ်ကွက်၊ ကော်လပြကျေးရွာတွင် ကောက်ကွက်နှစ်ကွက်၊ ကျွဲရဲ(တောင်)ကျေးရွာတွင် ကောက်ကွက် နှစ်ကွက်၊ ကျွဲရဲ(မြောက်) ကျေးရွာတွင် ကောက်ကွက် သုံးကွက် စုစုပေါင်း ကောက်ကွက် ၁၀ ကွက်ဖြင့် စမ်းသပ်သန်းခေါင်စာရင်းကောက်ယူသွားမည်ဖြစ်သည်။



ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အဆိုပါကျေးရွာများရှိ ဒေသခံပြည်သူများအား မုံရွာခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၊ မုံရွာခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ စားသုံးဆီများအား ရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချပေးနေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# သဘာဝဘေးဒဏ်သင့်ဒေသများ ရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးလုပ်ငန်းများဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၂**

သဘာဝဘေးဒဏ်သင့် ဒေသများ ရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးလုပ်ငန်းများ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။



**ရှင်းလင်းတင်ပြ**

အစည်းအဝေးတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က အဖွင့်အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က အစည်းအဝေး ကျင်းပရခြင်းရည်ရွယ်ချက်၊ လုပ်ငန်းဆောင်ရွက်မှု အကျဉ်းချုပ်နှင့် သဘာဝဘေးဒဏ်သင့်ဒေသများ ရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး၊ ကျန်းမာသန့်ရှင်းရေးဆိုင်ရာ ဆောင်ရွက်မှုများကိုလည်းကောင်း၊ ဆက်စပ်ဦးစီးဌာနများက သဘာဝဘေးဖြစ်ပွားမှုကြောင့် ပျက်စီးခဲ့သော ရေနှင့်ကျန်းမာသန့်ရှင်းရေးဆိုင်ရာ လုပ်ငန်းများအတွက် အရေးပေါ်ပြန်လည်ထူထောင်ရေးဆိုင်ရာ ဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများက ရေရရှိရေးနှင့် ကျန်းမာသန့်ရှင်းရေး ဆိုင်ရာ ဆောင်ရွက်မှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကိုလည်းကောင်း၊ အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့အစည်းများက ရေရရှိရေးနှင့် ကျန်းမာသန့်ရှင်းရေး ဆိုင်ရာ ဆောင်ရွက်မှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြပြီး သိရှိလိုသည်များကို အပြန်အလှန်ဆွေးနွေး ဖြေကြားခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ထားဝယ်မြို့တွင် အယ်လ်နီညိုအကြောင်းနှင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရန် အသိပညာပေးဟောပြော

**ထားဝယ် အောက်တိုဘာ ၁၂**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနက အယ်လ်နီညိုရာသီဥတုကြောင့် ရင်ဆိုင်ကြုံတွေ့ရနိုင်သည့်အခြေအနေ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၉ နာရီက ထားဝယ်မြို့ တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ခရိုင်ဦးစီးမှူး ဦးတင့်အောင်က အယ်လ်နီညိုရာသီဥတုကြောင့် ငါးမွေးမြူရေးလုပ်ငန်းများတွင် ထိခိုက်လာနိုင်ကြောင်း၊ အပူချိန်မြင့်မားမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် အကျိုးသက်ရောက်မှုများနှင့် ကြိုတင်ကာကွယ်ရေးနည်းလမ်းများအကြောင်း၊ အယ်လ်နီညိုကြောင့် ငါးမွေးမြူရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရန်/ရှောင်ရန်နည်းလမ်းများအကြောင်း ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ထို့နောက် ထားဝယ်ခရိုင်အတွင်းရှိ ကမ်းနီး/ကမ်းဝေး ငါးဖမ်းလုပ်ငန်းရှင်များ၊ ငါး၊ ပုစွန်၊ ကဏန်းမွေးမြူရေးလုပ်ငန်းရှင်များက သိရှိလိုသည်များကိုမေးမြန်းရာ ခရိုင်ဦးစီးမှူးက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် အောက်တိုဘာ ၁၂

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ ဆက်လက်အားနည်းနေမည်။ **မိုး/ဇလ**

# အစ္စရေးနိုင်ငံ၌ အရေးပေါ်အစိုးရဖွဲ့စည်း

**ဂျေရုဆလင် အောက်တိုဘာ ၁၂**

အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုနှင့် အတိုက်အခံပါတီခေါင်းဆောင် ကာကွယ်ရေးဝန်ကြီးဟောင်း ဘန်နီဂန့်စ်တို့က အစ္စရေးနိုင်ငံ၌ အရေးပေါ် အစိုးရဖွဲ့စည်းရန် သဘောတူညီခဲ့ကြသည်။



**ပူးတွဲကြေညာချက်ထုတ်ပြန်**

နေတန်ယာဟုနှင့် ကာကွယ်ရေးဝန်ကြီးဟောင်း ဂန့်စ်တို့က အောက်တိုဘာ ၁၁ ရက်တွင် တွေ့ဆုံ ဆွေးနွေးပြီးနောက် ယခုကဲ့သို့ ပူးတွဲကြေညာချက် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

နေတန်ယာဟု၊ ဂန့်စ်နှင့် လက်ရှိ ကာကွယ်ရေးဝန်ကြီး Yoav Gallant တို့ ပါဝင်သော ဝန်ကြီးအဖွဲ့သည် ၎င်းစစ်ပွဲရေးရာကိစ္စရပ်များကို စီမံခန့်ခွဲမည်ဖြစ်သည်။

အစိုးရသစ်သည် ပါလက်စတိုင်းစစ်သွေးကြွအဖွဲ့ ဟားမတ်စ်အား ရင်ဆိုင်တိုက်ခိုက်ရေးအတွက် အစီအမံများ ချမှတ်ဆောင်ရွက်မည်ဖြစ်သည်။

စစ်ပွဲကာလအတွင်း ယခုလက်ရှိဖြစ်ပွားနေသည့်စစ်ပွဲနှင့်မသက်ဆိုင်သည့် ဥပဒေကြမ်းများနှင့် အစိုးရ၏ဆုံးဖြတ်ချက်များကို စီမံခန့်ခွဲဆောင်ရွက်မည်မဟုတ်ကြောင်း သိရသည်။

နေတန်ယာဟု၏အစိုးရနှင့် ဘန်နီဂန့်စ်၏ အတိုက်အခံပါတီတို့သည် အစ္စရေး၏ တရားစီရင်ရေးစနစ် ပြုပြင်ပြောင်းလဲရေးနှင့် အခြားပြည်တွင်းရေးကိစ္စများတွင် ဆန့်ကျင်ဘက်ဖြစ်နေသည်။

သို့သော် နေတန်ယာဟုက ဟားမတ်စ်အဖွဲ့နှင့် ဖြစ်ပွားသည့် ပဋိပက္ခကို ကိုင်တွယ်ဖြေရှင်းရန် အတိုက်အခံများနှင့် ပူးပေါင်းခြင်းဖြင့် ခိုင်မာသော အစိုးရ ထူထောင်ရန် ရည်ရွယ်ထားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – စိုးသူရ**

# လူသားချင်းစာနာထောက်ထားမှုအကူအညီများ ဂါဇာကမ်းမြောင်ဒေသသို့ ပို့ဆောင်ရန်အရေးကြီးဟု ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ပြောကြား

**ဂျီနီဗာ အောက်တိုဘာ ၁၂**

လူသားချင်းစာနာထောက်ထားမှုအကူအညီများကို ဂါဇာကမ်းမြောင်ဒေသသို့ ပို့ဆောင်ရန်အရေးကြီးကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ယနေ့ပြောကြားသည်။

ပါလက်စတိုင်း ၂၂၀၀၀၀ ခန့်သည် ကုလသမဂ္ဂအဖွဲ့၏ ကယ်ဆယ်ရေး အေဂျင်စီပိုင် အဆောက်အအုံ ၉၂ ခုတွင် ခိုလှုံနေကြသည်ဟု ဂူတာရက်စ်က သတင်းထောက်များကို ပြောကြားသည်။

အရပ်သားများကို အကာအကွယ်ပေးနိုင်ရန်အတွက် ကုလသမဂ္ဂ အဆောက်အအုံများ၊ ဆေးရုံများ၊ စာသင်ကျောင်းများနှင့် ဆေးခန်းများကို ပစ်မှတ်မထားသင့်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

လောင်စာ၊ အစားအစာနှင့် ရေအပါအဝင် အရေးကြီးသော အသက်ကယ်ထောက်ပံ့ရေးပစ္စည်းများကို ဂါဇာကမ်းမြောင်သို့ သယ်ဆောင်ခွင့်ပြုပေးရမည်ဖြစ်ကြောင်း ဂူတာရက်စ်က ပြောသည်။

လက်ရှိအချိန်တွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများကို လျင်မြန်စွာနှင့် အတားအဆီးမဲ့ဝင်ရောက်ရန် လိုအပ်လျက်ရှိကြောင်း ဂူတာရက်စ်က ဆိုသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ထိုင်းနိုင်ငံ၌ မိုဘိုင်းဖုန်းများတွင် အရေးပေါ်အခြေအနေဆိုင်ရာ စာတိုပေးပို့သည့်စနစ်ဆောင်ရွက်မည်

**ဗန်ကောက် အောက်တိုဘာ ၁၂**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ရှော့ပင်းမောလ်တစ်ခုတွင် ပစ်ခတ်မှုဖြစ်ပွားပြီးနောက် ထိုင်းအစိုးရတာဝန်ရှိသူများက တိုတောင်းသော စာတိုပေးပို့ခြင်းဝန်ဆောင်မှု(SMS)ကို အသုံးပြု၍ မိုဘိုင်းလ်ဖုန်းများသို့ အရေးပေါ်သတိပေးချက်များ ပေးပို့သည့်စနစ်ကို ဆောင်ရွက်မည်ဖြစ်ကြောင်း အောက်တိုဘာ ၁၀ ရက်တွင် ပြောကြားခဲ့သည်။

အစိုးရဌာနများနှင့် တယ်လီကွန်းအော်ပရေတာများသည် ပြီးခဲ့သည့်အပတ်က SMS သတိပေးချက်များကို အောင်မြင်စွာ စမ်းသပ်လုပ်ဆောင်ပြီးနောက် တည်နေရာအခြေပြု အရေးပေါ်သတိပေးစနစ်အား ဖြန့်ကြက်ရန် အဆင်သင့်ဖြစ်နေပြီဟု ဒစ်ဂျစ်တယ်စီးပွားရေးနှင့် လူမှုရေးဝန်ကြီး Prasert Chantararuangthong က ထပ်လောင်းပြောကြားခဲ့သည်။

ယခုဆောင်ရွက်သည့် SMS သတိပေးချက်စနစ်သည် အရေးပေါ်အခြေအနေများကို တိုက်ရိုက်သတိပေးခြင်းအတွက် ရေတိုဖြေရှင်းချက်ဖြစ်ပြီး အနာဂတ်ကာလတွင် ယင်းစနစ်ကို အဆင့်မြှင့်တင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ဗန်ကောက်မြို့ရှိ ဈေးဝယ်စင်တာတစ်ခုတွင် အောက်တိုဘာ ၃ ရက်က အသက် ၁၄ နှစ်အရွယ် လူငယ်တစ်ဦး၏ ပစ်ခတ်မှုကြောင့် လူ နှစ်ဦး သေဆုံးပြီး ငါးဦး ဒဏ်ရာရရှိခဲ့သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**




## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၃-၁၀-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၇၅ | ၂၀၂၅ | ၂၀၂၀ | ၁၉၈၅ | ၂၀၂၅ | ၂၀၄၅ | ၂၀၃၀ | ၂၀၀၀ | ၂၁၀၀ | ၂၁၂၅ | ၂၀၁၅ | ၂၀၂၅ | ၂၀၆၀ | ၂၀၆၀ | ၂၀၆၅ | ၂၂၉၅ | ၂၉၅၀ |
| 95 Ron | ၂၀၇၅ | ၂၁၂၅ | ၂၁၂၅ | ၂၀၈၅ | ၂၁၂၅ | ၂၁၄၅ | ၂၁၃၀ | ၂၁၀၀ | ၂၂၀၅ | ၂၂၂၅ | ၂၁၁၅ | ၂၁၃၀ | ၂၁၆၀ | ၂၁၆၀ | ၂၁၆၅ | ၂၃၉၅ | ၃၀၅၀ |
| HSD (500 ppm) | ၂၁၉၀ | ၂၂၄၀ | ၂၂၃၅ | ၂၂၀၀ | ၂၂၄၀ | ၂၂၆၅ | ၂၂၆၀ | ၂၂၂၅ | ၂၃၄၅ | ၂၃၄၀ | ၂၂၃၀ | ၂၂၄၀ | ၂၂၇၅ | ၂၂၈၀ | ၂၂၈၀ | ၂၅၁၀ | ၃၂၉၀ |
| HSD (50 ppm) | ၂၃၀၅ | ၂၃၅၅ | ၂၃၅၀ | ၂၃၁၅ | ၂၃၅၅ | ၂၃၇၅ | ၂၃၇၀ | ၂၃၄၀ | ၂၄၆၀ | ၂၄၅၅ | ၂၃၄၅ | ၂၃၅၅ | ၂၃၉၀ | ၂၃၉၀ | ၂၃၉၅ | ၂၆၂၅ | ၃၃၅၀ |
| HSD (10 ppm) | ၂၃၁၀ | ၂၃၆၀ | ၂၃၆၀ | ၂၃၂၀ | ၂၃၆၀ | ၂၃၈၅ | ၂၃၈၀ | ၂၃၄၅ | ၂၄၆၅ | ၂၄၆၀ | ၂၃၅၀ | ၂၃၆၅ | ၂၄၀၀ | ၂၄၀၀ | ၂၄၀၀ | ၂၆၃၀ | ၃၃၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၇၄ | ၁၉၄၅ |
| 95 Ron | ၁၉၇၀ | ၂၀၄၃ |
| HSD (500 ppm) | ၂၀၈၃ | ၂၁၅၄ |
| HSD (50 ppm) | ၂၁၉၄ | ၂၂၆၇ |
| HSD (10 ppm) | ၂၂၀၀ | ၂၂၇၄ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၂၈၆၆ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၂-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၁၁-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၂-၁၀-၂၀၂၃)ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၈၆၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁)ဦး တွေ့ရှိရသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၃) ရာခိုင်နှုန်း ဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏။**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၁၂

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၁၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက် စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့ ချမ်းမြေ့သာယာရပ် မြို့မ အုပ်စုနေသူများဖြစ်ကြသော "Snow Queen" Facebook အကောင့်၊ "Thae Thae" Facebook အကောင့်တို့ပိုင်ရှင်ဖြစ်သူ အေးမာလာသန်း(ခ) ဆိုမာယာနှင့် "အာကာဟိန်း" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ အာကာဟိန်းတို့ နှစ်ဦးအား မွန်းတည့် ၁၂ နာရီတွင် မိုးကုတ်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# သာစည်မြို့နယ်၌ ငွေကျပ် ၁ ဒသမ ၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ သိမ်းဆည်းရမိ



သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ငွေကျပ် ၁ ဒသမ ၂ ဘီလီယံကျော်တန်ဖိုးရှိစိတ်ပြောင်းဆေးဝါး (Happy Water) များ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၇ ရက် ည ၁၀ နာရီက မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာအနီးတွင် ခရီးသည်တင် Express ယာဉ်ကို သတင်းအရ ရှာဖွေရာ ယာဉ်ပေါ်ပါခရီးသည် မထူးမြတ်နေ့သွယ်နှင့် နှင်းဝေဖြိုးတို့၏ ခရီးဆောင်အိတ်များအတွင်းမှ ငွေကျပ် ၁ ဒသမ ၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး(Happy Water) ၁၀ ဒသမ ၁၇ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေး ဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ပြောင်းဆေးဝါးများကို ရှမ်းပြည်နယ်မှ ရန်ကုန်တိုင်း ဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကိုဆက်လက် စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

သတင်းစဉ်

# ရွှေသွေးဂျာနယ် ထွက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၂

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။




၁၄ -၁၀ - ၂၀၂၃ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ(၅၅)၊ အမှတ်(၄၁)တွင် အိမ်၌မွေးထားသော ခွေးပေါက်လေးများအပေါ် သံယောဇဉ်တွယ်မိသည့် ဖွေးဥနှင့် သူ၏ခွေးပေါက်လေးများအကြောင်း၊ မိဘများ၏ သွန်သင်ဆုံးမမှုကို သဘောပေါက်လွယ်သည့် ဖွေးဥအကြောင်း တင်ဆက်ထားသည့်"နားလည်ပါပြီ" မျက်နှာဖုံးဇာတ်လမ်း၊ ရွှေသွေးအထူးထုတ် (၂၀၂၄) တွင် ကလေးတို့လက်ရာပန်းချီများ ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း ဖိတ်ခေါ်သည့် "ရွှေသွေးတို့လက်ရာပန်းချီဖိတ်ခေါ် "ကြော်ငြာကဏ္ဍ၊ တောင်ပံပါရုံနှင့် ကောင်းကင်ပေါ်တွင် ပျံသန်းနိုင်မည်ဟု ကိုယ့်ကိုယ်ကိုယ် အထင်ကြီးမိသော ကြက်ဖကြီး၏ နောင်တအကြောင်း တင်ဆက်ထားသည့် "ဘဝင်မြင့်သော ရွှေကြက်ဖ" နှစ်မျက်နှာကာတွန်း၊ အသီးစားချင်လျှင် အပင်စိုက်ရမည်ဖြစ်ကြောင်း အဘွားက ဟန်သီမကို ဆုံးမထားသည့် "ဟန်သီမ" တစ်မျက်နှာကာတွန်း၊ ခွေးဘီလူးကြီး၏အစာကို ကြောင်သူတော်က ဉာဏ်များ၍ စားရန်ကြိုးစားပုံအကြောင်း တင်ဆက်ထားသည့် "ကြောင်သူတော်" နှစ်မျက်နှာကာတွန်း၊ ငါးသားပေါက်လေးများကိုဖမ်းပြီး ချောင်းထဲသို့ လွှတ်ပေးလိုက်ကြသည့် ပုပုတို့သူငယ်ချင်းတစ်စုအကြောင်း တင်ဆက်ထားသည့် "ပုပုပါဝင်သည့် ဇီဝိတဒါန" နှစ်မျက်နှာကာတွန်း၊ "အစာလည်းဆေး ဆေးလည်းအစာ" ဖြစ်စေသည့် ဟင်းဆိုသည်မှာ သက်သတ်လွတ်ဟင်းသီးဟင်းရွက်များ ချက်စားခြင်းဖြစ်သည်ဟု ဟာသဖြစ်ဖွယ် တင်ဆက်ထားသည့် "ဖိုးလပြည့်" မျက်နှာဝက်ကာတွန်း၊ သေရည်အရက်ဆိုသည်မှာ တစ်ကျိုက်သောက်မိရုံနှင့် စွဲလမ်းစေပြီး လူကိုဆိုးကျိုးဒုက္ခများသာ ပေးတတ်ကြောင်း ရေးဖွဲ့ထားသည့် "တစ်ကျိုက်မှားမိ" ကဗျာကဏ္ဍနှင့် သုတကဏ္ဍ၊ အင်္ဂလိပ်စာသင်ခန်းစာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ၊ ပုံပြင်ကဏ္ဍအပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

သတင်းစဉ်

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၃-၁၀-၂၀၂၃ သောကြာနေ့

### MRTV HD

- ၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏ပေဋကသုတ်၊ရတနသုတ် တောရွှင်သုတ်၊အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ အဦးအစဖန်တီးကြိုးပမ်းမှုပုံရိပ်တွေနဲ့ မြန်မာ့ရုပ်ရှင်များနေ့
- ၀၉:၃၅ Soccer View
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ လူမှုစီးပွားသတင်းများ
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'လေနှင်ရာခရီး' (အပိုင်း-၃၁)
- ၁၄:၄၀ မျိုးဝုဏ်တင့်ဧဆိုကရေးတီးအငွေ
- ၁၄:၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ပန်းရနံ့လွင့်ပျံ့အမှုန်း' (အပိုင်း-၃၇)
- ၁၅:၂၀ လူငယ်ရေးရာအစီအစဉ်
- ၁၆:၃၅ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ 'အတီးပြိုင်ပွဲ' အကဲဖြတ်လုပ်ငန်းအဖွဲ့စကားဝိုင်းဆွေးနွေးပွဲ အစီအစဉ်
- ၁၇:၁၀ ဒသမအကြိမ်မြန်မာနိုင်ငံလုံးဆိုင်ရာသုတစုံလင်စုဒ္ဓဝင်ဖြေဆိုပွဲဇော်ပွဲ (အပိုင်း-၅)
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၁၀ ရုပ်မြင်သံကြားဇာတ်လမ်း 'ဖြူးထိသွားသောမုဆိုး'
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ (၁၀၃)နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့ဂုဏ်ပြုတေးဂီတပျော်ပြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ပွဲစဉ်-၂)
- ၂၂:၀၀ ရုပ်မြင်သံကြားဇာတ်လမ်း 'ပေတ္တာနှင့်သူရာ'

### mitv

- 07:02 Evergreen Classic: An Da Yel Kin (Htar)
- 07:09 Chef Life: Kelvin Hong Song (Chinese Chef)
- 07:44 A Way of Life: Karate-do
- 08:01 News
- 08:28 A Journey To Southern Shan State (Ep-1)
- 08:48 International Day for Disaster Risk Reduction
- 09:01 Listening Pleasure, Instrumental Music (Mandolin) Htan, Tra, Tay, Shin
- 09:10 Myanmar Prehistory
- 09:36 The Art of Making Glaze Ware
- 09:54 World Eggs Day
- 10:01 News
- 10:26 Topical Topics (No. 11) Lessen Air Pollution & Harness Natural Facilities

### MRTV NRC

**မွန် (၀၆:၀၀ မှ ၀၈:၀၀)**
ငါးရံ့နှင့်ကြာရိုးဟင်း

**ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)**
ငှက်ပျောရွက်နဲ့ကျန်းမာရေး

**ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)**
ပေတို့ဌာနေမြို့ညောင်ရွှေနှင့်အင်းလေးအလှ

**ဝ (၁၂:၀၀ မှ ၁၄:၀၀)**
မာလာငါးပေါင်းပြုလုပ်နည်း

**ကချင် (၁၄:၀၀ မှ ၁၆:၀၀)**
အဆာပြေဆန်မုန့်လုပ်စားကြမယ်

**ကယား (၁၆:၀၀ မှ ၁၈:၀၀)**
စိမ်းစိုသာယာတို့စိုက်ခင်းကဏ္ဍဘဏ္ဍာ

**ဝကောကရင် (၁၈:၀၀ မှ ၁၉:၀၀)**
သံတောင်ဒေသလက်ဖက်စိုနှင့်လက်ဖက်ခြောက်ပြုလုပ်နည်း

**အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)**
မိတ္ထီလာကန်သို့အလည်တစ်ခေါက်

**အရှေ့ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)**
သွားပိုးစားခြင်းအကြောင်းသိကောင်းစရာ

**ချင်း(လိုင်ဇိုး) (၂၁:၀၀ မှ ၂၂:၀၀)**
Oxygen Interview

**ချင်း(ချိုး) (၂၂:၀၀ မှ ၂၃:၀၀)**
ဘိုးဘွားတို့ရဲ့ဆိုဆုံးမစကား

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၄၅ ECONOMIC REVIEW (Part-53)
- ၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၀၉:၁၅ ရသစုံစွာ၌မြေကမ္ဘာ
- ၁၁:၄၅ ရတနာအလားကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များ
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း(LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ကာကွယ်ခုခံပိုင်ခွင့်ရှိသောအပိုင်းအခြား'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ PR SYSTEM (စကားဝိုင်း) (MWD)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ)(အပိုင်း-၂)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၃)
- ၁၈:၀၀ Economic Review (အပိုင်း-၂၃) (မြန်မာနိုင်ငံကြက်ခြေနီအသင်း)

### MRTV FARMERS HTV

- ၀၆:၀၀ အဖွင့်၊နိုင်ငံတော်သီချင်း၊နှုတ်ခွန်းဆက်
- ၀၆:၁၀ ကမ္ဘာ့အဆင့်မီမြန်မာ့ကော်ဖီ
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- ၁၈:၀၀ တိတ်ဆိတ်ခြင်း(ဇာတ်လမ်း)
- ၁၉:၃၀ Last Day of Wheat Harvest!
- ၂၂:၀၀ June Tour of Our South Garden!// Garden Answer
- ၂၃:၀၀ The Young Urban Farmers Growing Tomorrow's Superfoods

### MRTV SPORTS HTV

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၀ Sports Diary
- ၁၆:၃၀ MNL 2022 Match (Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၂၅ Soccer View

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

# မော်လမြိုင်မြို့၌ (၁၈၉)ကြိမ်မြောက် မြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ



**မော်လမြိုင် အောက်တိုဘာ ၁၂**

မွန်ပြည်နယ် မော်လမြိုင်မြို့၌ (၁၈၉) ကြိမ်မြောက် မြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို တော်သလင်းလပြည့်ကျော် ၁၃ ရက်မှ ၁၄ ရက် အထိ နှစ်ရက်တိုင်တိုင် ကျင်းပရာ ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် စိုးမင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးညီညီစိုး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ ဗုဒ္ဓဘာသာနွယ်ဝင် စေတနာရှင် ပြည်သူများက လောင်းလှူခဲ့ကြသည်။

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကိုမော်လမြိုင်မြို့ ဇေယျာသီရိရပ်ကွက် လောကမာရဇိန်(ငွေဘုံသာ) ဘုရား တည်နေရာမှစတင်၍ မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်း ၃၃၇ ကျောင်းတို့မှ ဆရာတော်၊ သံဃာတော်၊ သာမဏေ ၆၅၅၉ ပါး၊ သီလရှင် ၁၄၆၆ ပါး စုစုပေါင်း ၈၀၂၅ ပါးတို့ကို ဆွမ်းဆန်စိမ်းများ လှူဒါန်း လောင်းလှူ ပူဇော်ခဲ့ကြသည်။

မြို့လုံးကျွတ်ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ ကြွရောက်ချီးမြှင့်တော်မူသော ဆရာတော်၊သံဃာတော်၊သာမဏေ၊သီလရှင်များသည် ဇေယျာသီရိ ရပ်ကွက် လောကမာရဇိန်(ငွေဘုံသာ) ဘုရား တည်နေရာမှစတင်၍ ဒိုင်းဝန်ကွင်း လမ်းတစ်လျှောက် အတ္တရံဟိုတယ်ကွေ့မှ အောက်လမ်းမကြီးအတိုင်း စစ်ကဲကုန်းရပ်ကွက် ဝတ်ကြီးဘုရားတွင် (ပထမ) နေ့ ဆွမ်းဆန်စိမ်းအလှူခံ ကြွရောက်ချီးမြှင့်ခဲ့ကြရာ ဌာနဆိုင်ရာများ၊ စေတနာရှင် ပြည်သူများက သဒ္ဓါတရားထက်သန်စွာဖြင့် ဆွမ်းဆန်စိမ်းများကို လှူဒါန်းလောင်းလှူပူဇော်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဘယ်ဘက်အတက်၊ အဆင်း တံခါးပေါက်ဖြင့် ပဲခူး-ရန်ကုန် ပြေးဆွဲနေသည့် ခရီးသည်တင်မီနီဘတ်စ်ယာဉ်များ အောက်တိုဘာ ၁၉ ရက်မှစတင်၍ ရန်ကုန်တိုင်းဒေသကြီးသို့ ဝင်ခွင့်ပြုမည်မဟုတ်

**ရန်ကုန် အောက်တိုဘာ ၁၂**

ဘယ်ဘက်အတက်၊ အဆင်း တံခါးပေါက်ဖြင့် ပဲခူး-ရန်ကုန် ပြေးဆွဲနေသည့် ခရီးသည်တင်မီနီဘတ်စ်ယာဉ်များကို အောက်တိုဘာ ၁၉ ရက်မှစတင်၍ ရန်ကုန်တိုင်းဒေသကြီးသို့ ဝင်ခွင့်ပြုမည်မဟုတ်ကြောင်း ယနေ့ မွန်းလွဲပိုင်းတွင်တာမွေမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှု ကော်မတီ(YRTC)ရုံးချုပ်၌ ပြုလုပ်သော မီဒီယာတွေ့ဆုံပွဲမှ သိရသည်။

"၁၉၇၀ ပြည့်နှစ် ဒီဇင်ဘာ ၆ ရက် နံနက် ၆ နာရီကစပြီးတော့ ကျွန်တော်တို့နိုင်ငံမှာ လက်ယာကပ်မောင်းစနစ်ကို ကျင့်သုံးခဲ့ပါတယ်၊ လက်ယာကပ်မောင်းစနစ်မှာ ခရီးသည်တွေရဲ့ အတက်၊ အဆင်းတံခါးပေါက်ဟာ လက်ယာဘက်မှာရှိမှပဲ ခရီးသည်တွေ အတက်၊ အဆင်း အန္တရာယ်ကင်းစွာ လုပ်နိုင်မှာဖြစ်ပါတယ်။ ဒါပေမယ့် အခု ပဲခူးကနေ ရန်ကုန်ကို ပြေးဆွဲနေတဲ့ အဝေးပြေးမီနီဘတ်စ်ယာဉ်အများစုမှာ အတက်၊ အဆင်းတံခါးပေါက်ဟာ ဘယ်ဘက်မှာရှိပါတယ်၊ အဲဒီလိုဘယ်ဘက်မှာ ရှိတဲ့အတွက်ကြောင့် ခရီးသည်တွေ အတက်၊ အဆင်းလုပ်တဲ့အခါမှာ အန္တရာယ်ရှိပါတယ်၊ အဲဒါကြောင့် ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီမှာ တင်ပြပြီးတော့ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှု ဥပဒေနဲ့အညီ အဲဒီမီနီဘတ်စ်ယာဉ်တွေရဲ့ လက်ယာညာဘက်အတက်၊ အဆင်း တံခါးပေါက်ကိုဖောက်ပြီးမှ ရန်ကုန်တိုင်းဒေသကြီးအတွင်းကို ဝင်ခွင့်ပြုဖို့ဆိုပြီး တင်ပြတဲ့အခါမှာ ခွင့်ပြုခဲ့တာပါ၊ ကျွန်တော်တို့အနေနဲ့ ဒီကိစ္စနဲ့ပတ်သက်ပြီး ကညနကိုရော ပဲခူးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးကိုရော အကြောင်းကြားထားပြီးဖြစ်ပါတယ်" ဟု YRTC တွဲဖက်အတွင်းရေးမှူး ဦးလျန်ကျင့်မန်က ပြောသည်။

အဆိုပါ ပဲခူး-ရန်ကုန် ပြေးဆွဲနေသည့် ခရီးသည်တင် မီနီဘတ်စ်ယာဉ်များအနက် အချို့ယာဉ်များမှာ ညာဘက်အတက်၊ အဆင်း တံခါးပေါက်များဖြစ်ပြီး ယင်းယာဉ်များကို ရန်ကုန်တိုင်းဒေသကြီးအတွင်း ပုံမှန်ပြေးဆွဲခွင့်ပြုသော်လည်း ဘယ်ဘက်အတက်၊ အဆင်း တံခါးပေါက်ဖြင့် ပြေးဆွဲနေသည့်ယာဉ်များ အနေဖြင့် ယာဉ်အန္တရာယ်၊ ခရီးသည်အန္တရာယ် ရှိသည့်အတွက် ညာဘက်တွင် အန္တရာယ်ကင်းစွာ အတက်၊ အဆင်း ပြုလုပ်နိုင်ရန် ယခုလို ဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် လိုက်နာခြင်း မရှိပါက ပဲခူးသို့ ပြန်လှည့်စေမည်ဖြစ်ကြောင်း သိရသည်။

**လင်းရာမ**





## သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာ အွန်လိုင်းဆွေးနွေးပွဲသို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများ တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၁၂**

အာရှ-ပစိဖိတ်ဒေသတွင်း ရုပ်သံလွှင့်လုပ်ငန်းဖွံ့ဖြိုးရေးဆိုင်ရာ အဖွဲ့အစည်း (Asia–Pacific Institue for Broadcasting Development–AIBD)က စီစဉ်ကျင်းပသည့် သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အွန်လိုင်းဖြင့် ကျင်းပရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

အဆိုပါ ဆွေးနွေးပွဲတွင် Artificial Intelligence–AI နည်းပညာကြောင့် သတင်းအချက်အလက်များ တိုးပွားလာမှုတွင် သတင်းတု၊ သတင်းမှားများကို ခွဲခြားရန် ခက်ခဲနိုင်သည့်အခြေအနေများ၌ အကဲဖြတ်သုံးသပ်ခြင်း၊ သတင်းမှားများကို ဖော်ထုတ်ခြင်းနှင့် သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာ စိန်ခေါ်မှုများကို ရှာဖွေဖော်ထုတ်ခြင်းနည်းနာများ၊ သတင်းတု (Disinformation)၊ အကောင့်တု (Fake Account)၊ ဒစ်ဂျစ်တယ်ခေတ်တွင် ဝေဖန်ပိုင်းခြားတွေးခေါ်မှု (Critical Thinking in the digital age) စသည့် ခေါင်းစဉ်များဖြင့် UK နှင့် အိန္ဒိယနိုင်ငံတို့မှ Artificial Intelligence – AI ကျွမ်းကျင်ပညာရှင်များက ဆွေးနွေးကြသည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် AIBD သို့ ၁၉၉၇ခုနှစ်မှစ၍ တင်းပြည့်အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပြီး AIBD မှ စီစဉ်ကျင်းပသည့် သင်တန်းများ၊ အစည်းအဝေးများ၊ Seminars များ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် Conference များတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်တက်ရောက်လျက်ရှိရာ ယနေ့ပြုလုပ်သော အွန်လိုင်းဆွေးနွေးပွဲသို့လည်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ သတင်းနှင့် အစီအစဉ်လုပ်ငန်း တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများတက်ရောက်၍ လေ့လာသင်ယူကြခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာ၌ မွေးမြူသူတောင်သူများအား သဘာဝဘေးအန္တရာယ် အသိပညာပေး ဟောပြော၊ နွားများကို ကာကွယ်ဆေးများထိုးနှံပေး

**ရန်ကုန် အောက်တိုဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ သဘာဝဘေးအန္တရာယ် ကျရောက်လာပါက တိရစ္ဆာန်များ ထိခိုက်ဆုံးရှုံးမှု လျော့နည်းစေရန် ရည်ရွယ်၍ မွေးမြူသူ တောင်သူများအား သဘာဝဘေးအန္တရာယ် အသိပညာပေး ဟောပြောခြင်း၊ နွားများကို ကာကွယ်ဆေးများ ထိုးနှံပေးခြင်းနှင့် တိရစ္ဆာန်သုံးဆေးဝါးများ ပေးအပ်ခြင်းတို့ကို အောက်တိုဘာ ၁၀ ရက် နံနက် ၁၀ နာရီက မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာ၌ ဆောင်ရွက်ခဲ့သည်။



ဟောပြောပွဲတွင် ရန်ကုန်တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန ဦးစီးမှူး ဒေါက်တာ အောင်မြင့်ဟန်က ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာပါက တိရစ္ဆာန်များအား ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရမည့် နည်းလမ်းများအကြောင်း၊ ဒုတိယတိုင်းဦးစီးမှူး ဒေါက်တာ မင်းညွှန့်ဦးက သဘာဝဘေး အန္တရာယ် ကျရောက်နေစဉ် ဆောင်ရွက်ရမည့် အချက်များနှင့် သဘာဝဘေး အန္တရာယ်ကျရောက်ပြီးပါက ပြန်လည်ထူထောင် ကုသရေးလုပ်ငန်းများအကြောင်း၊ မှော်ဘီမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာ တင်တင်အေးက သဘာဝဘေး အန္တရာယ် အကြောင်း သိကောင်းစရာများနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်မည့် လုပ်ငန်းများ အကြောင်းတို့ကို အသိပညာပေး ဟောပြောခဲ့ကြသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက နွားကောင်ရေ ၁၆၀ အား လည်ချောင်းကွဲရောဂါကြိုတင်ကာကွယ်ဆေးများ ထိုးနှံပေးကာ အဆိုပါ ညောင်နှစ်ပင် ကျေးရွာအတွင်းရှိ နွားမွေးမြူသူ တောင်သူများအား ခြံဖျန်း ပိုးသတ်ဆေးနှင့် အနာလိမ်းဆေး များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြင့်ဦး**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၂**

ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။

**မိုး/ဇလ**

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ရူပဗေဒဘာသာရပ် သိကောင်းစရာများ

ဒေါက်တာယဉ်မောင်မောင်၊ ပါမောက္ခ(ဌာနမှူး) ရူပဗေဒဌာန

အခြေခံပညာအဆင့် သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများ ပြုပြင်ပြောင်းလဲမှုအစီအစဉ် KG + 12 အရ ၂၀၂၃–၂၀၂၄ ပညာသင်နှစ်တွင် စတင်မည့် Grade 12 သည် အခြေခံပညာအဆင့် စနစ်သစ်ပညာရေးနှင့်ပတ်သက်၍ ကျောင်းသား ကျောင်းသူများအနေဖြင့် ပထမဆုံးကြုံတွေ့ရမည်ဖြစ်ပါသည်။ ဤအတန်းသည် အဆင့်မြင့်ပညာရပ်များ၏ အခြေခံအချက်အလက်များကို မိတ်ဆက်ပေးရမည်ဖြစ်သည့်အတွက် ဘာသာရပ်တစ်ခုစီ၏ အကြောင်းအရာအသေးစိတ်ကို လေ့လာရမည်ဖြစ်ပါသည်။ ပထမဦးဆုံးအနေဖြင့် Grade 12 ရူပဗေဒဘာသာရပ် Text book တွင် အဓိကအားဖြင့် Mechanics, Energy, Electricity & Magnetism နဲ့ Modern Physics ဆိုပြီး အပိုင်း (၄)ပိုင်း ခွဲထားပြီး သင်ခန်းစာ အခန်း(၁၃) ခန်း ပါရှိပါသည်။

Mechanics အပိုင်းမှာ အခန်း (၃) ခန်း (3 chapters) ပါရှိပါသည်။ Chapter (1) Rotational Motion, Chapter (2) Forces in Circular Motion နှင့် Chapter (3) Fluid Dynamics တို့ဖြစ်သည်။ Chapter (1) Rotational Motion ခေါင်းစဉ်အောက်တွင် လည်ပတ်ရွေ့လျားမှု (rotational motion)နှင့် စက်ဝိုင်းပုံရွေ့လျားမှု (circular motion) နှစ်ခုအကြောင်းကို လေ့လာရမှာဖြစ်သည်။ ရွေ့လျားမှုများကိုလေ့လာရာမှာ စကြဝဠာထဲမှာ နေကိုဗဟိုပြု၍ ကမ္ဘာကြီးလည်ပတ်နေခြင်းနဲ့ယှဉ်ပြီး လေ့လာသိရှိနိုင်ပါသည်။ ကမ္ဘာဂြိုဟ်သည် မိမိဝင်ရိုးပေါ်မှာလည်ပတ်နေသည့်အတွက် ကမ္ဘာပေါ်မှာရှိနေကြတဲ့ သက်ရှိသက်မဲ့အရာဝတ္ထုအားလုံးမှာလည်း လိုက်၍ လည်ပတ်နေပါသည်။ ထိုကဲ့သို့ ဝင်ရိုးတစ်ခုမှာ လည်ပတ်နေသော ရွေ့လျားမှုမျိုးကို rotational motion ဟုခေါ်ပါသည်။ ကမ္ဘာကို satellite က ပတ်တာမျိုး၊ နေကို ကမ္ဘာက ပတ်သလိုမျိုး၊ nucleus ကို electron က ပတ်သလိုမျိုးတွေကို circular motion ဟုခေါ်ပါသည်။ ပိုမိုရိုးရှင်းစွာပြောရမည်ဆိုလျှင် အမှတ်တစ်မှတ်ကို ဗဟိုပြုပြီး အဲဒီဗဟိုနှင့်ထိတွေ့မှုမရှိဘဲ လည်ပတ်နေတာကို circular motion ဟုခေါ်ပါသည်။

Chapter (2) Forces in Circular Motion ဆိုသည့် ခေါင်းစဉ်တွင် စက်ဝိုင်းပုံပတ်လမ်းနှင့် လည်ပတ်နေသည့် ဝတ္ထုတွေအပေါ် သက်ရောက်နေသည့် အားတွေရဲ့အကြောင်းကို လေ့လာရမှာဖြစ်ပါသည်။ အမှတ်တစ်ခုကို ဗဟိုပြုပြီး ဝတ္ထုတစ်ခုလည်ပတ်နိုင်ခြင်းမှာ ဗဟိုမှဝတ္ထုအပေါ် ဆွဲအားသက်ရောက်ထားလို့ဖြစ်ပါသည်။ ကမ္ဘာက လကိုဆွဲထားသည့်အတွက် လက ကမ္ဘာကိုပတ်နေနိုင်တာဖြစ်ပါသည်။ ကမ္ဘာက လအပေါ် သက်ရောက်သည့် ဒြပ်ဆွဲအားမှာ ဗဟိုဦးတည်အား (သို့) ဗဟိုချဉ်းအား (Centripetal force) ဖြစ်ပါသည်။ Nucleus မှ electron အပေါ် လျှပ်စစ်အား(Coulomb’s force) နှင့် ဆွဲထားသည့်အတွက် nucleus ကို electron က ပတ်နေခြင်းဖြစ်သည်။ Coulomb’s force (or) electric force မှာ centripetal force ဖြစ်ပါသည်။

Chapter (3) အခန်းသည် Fluid Dynamics ဖြစ်ပါသည်။ liquid နှင့် gas ကို ပေါင်းပြီး ငွေ့ရည်(Fluid)ဟု ခေါ်ပါသည်။ Dynamics ဆိုသည်မှာ (solid, liquid, gas)စသည့် ဒြပ်သား(Matter)တွေအပေါ် သက်ရောက်သည့်အားကို လေ့လာသည့်ဘာသာရပ်ဖြစ်ပါသည်။ ထို့ကြောင့် Fluid Dynamics သည် အရည်နှင့် အငွေ့များအပေါ် သက်ရောက်သည့်အားတွေကို လေ့လာသည့်ပညာရပ်ဖြစ်ပါသည်။ ဤအခန်းတွင် အရည်တွေရဲ့ရွေ့လျားမှုနှစ်ခုဖြစ်သော laminar ရွေ့လျားမှု (laminar flow)နှင့် turbulent ရွေ့လျားမှု (turbulent flow) ကို လေ့လာရပါမည်။ Continuity equation နှင့် Bernoulli’s equation တို့ကို အသုံးပြုပြီး အရည်တွေ၏ ရွေ့လျားမှုကို လေ့လာပါမည်။ ထို့အပြင် အရည်တစ်ခု၏ စေးပျစ်မှု (viscosity or fluid friction) နှင့် အရည်တစ်ခု၏ မျက်နှာပြင်တင်းအား (surface tension)တို့ကိုလည်း လေ့လာရပါမည်။

Energy အပိုင်းတွင်မူ အခန်း (၅) ခန်း (5 chapters) ပါရှိပါသည်။ Chapter (4) Sources of Energy and Environmental Impacts, Chapter (5) Heat Transfer and Thermodynamics, Chapter (6) Effects and Characteristics of Sound, Chapter (7) Applications of Light and Optical Instruments နှင့် Chapter (8) Interference and Diffraction of Light တို့ဖြစ်သည်။

Chapter (4) Sources of Energy and Environmental Impacts ဆိုသည့် ခေါင်းစဉ်အောက်တွင် Energy demand and crisis ဆိုသည့် အပိုင်းမှစပြီး energy sources များ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (renewable energy)နှင့် ပြန်လည်ပြည့်ဖြိုးမြဲမဟုတ်သော စွမ်းအင် (Non–renewable energy)အကြောင်းများကို လေ့လာရမှာဖြစ်ပါသည်။ Environmental Impacts နှင့် Consequences အကြောင်းများကိုလည်း လေ့လာရပါမည်။ ယခုအချိန်မှာ ရေပန်းအစားဆုံး Renewable energy တွေဖြစ်တဲ့ Solar energy, Wind energy, Hydro energy, Tidal energy, Geothermal energy နှင့် Biomass တို့ရဲ့ အကြောင်းကိုလည်း လေ့လာရမည်ဖြစ်သည်။

Non–Renewable energy sources တွေဖြစ်တဲ့ coal, natural gas, crude oil နှင့် nuclear fuel တို့ကိုလည်း လေ့လာပါမည်။ Renewable energy တွေထဲမှာ တစ်ခုအပါအဝင်ဖြစ်တဲ့ solar energy ကို လေ့လာနိုင်ဖို့အတွက် solar technology ကို သိရမှာဖြစ်ပါသည်။

Solar နည်းပညာ (Solar Technology)အကြောင်းကို အနည်းငယ် ရှင်းပြပါမည်။ (Solar Technology)သည် အခြေခံရူပဗေဒသဘောတရားတစ်ခုဖြစ်သော စွမ်းအင်တည်မြဲခြင်းနိယာမ (law of conservation of energy)နှင့်လည်း ဆက်စပ်ပါသည်။ Solar cell များသည် light energy မှ electrical energy သို့ ပြောင်းလဲပေးသည့် ပစ္စည်းများ ဖြစ်သည်။ Solar cell ကို photovoltaic cell ဟူ၍လည်း ခေါ်သည်။ Solar cell များကို ပေါင်းစပ်လိုက်လျှင် solar module ရပြီး solar module များကို စနစ်တကျ ပေါင်းစပ်လိုက်သည့်အခါ Solar panel ကိုရရှိသည်ဟု အကြမ်းဖျင်းသိထားရမည်။ Solar panel တစ်ခုမှ လျှပ်စစ်စွမ်းအင်ပမာဏများစွာကို ထုတ်ယူသုံးစွဲနိုင်သည်။

Solar cell များကို semiconductor materials များဖြင့် ပြုလုပ်ထားသည်။ Solar cell တစ်ခုတွင် အဓိကအားဖြင့် p–n junction ပါဝင်သည်။ ထို့ကြောင့် Solar cell တစ်ခုသည် in dark condition ၌ diode အဖြစ် ပြုမူသည်။ အလင်းကျရောက်သည့်အခါမှသာ solar nature ပြပါသည်။ Solar cell ရဲ့ polished surface ပေါ်သို့ light (အလင်း)ကျရောက်သည့်အခါ semiconductor crystal မှ light photon များကို စုပ်ယူပြီး electron–hole များကို ဖြစ်ပေါ်စေပါသည်။ light energy (photon) မှ electrical energy (voltage) သို့ ပြောင်းလဲသည့်ဖြစ်စဉ်ကို photovoltaic effect ဟုခေါ်သည်။ Photovoltaic effect သည် အလင်းမှ လျှပ်စစ်စွမ်းအင်ထုတ်ယူခြင်းအတွက် အခြေခံအချက်ဖြစ်ပါသည်။

Semiconductor crystal မှ အလင်းဖိုတွန်များကို စုပ်ယူပြီး electron–hole များကို ဖြစ်ပေါ်လာစေပါသည်။ p–n junction (solar cell) ကို ပြင်ပလျှပ်စီးပတ်လမ်း (External circuit) နှင့် ဆက်သွယ်ခြင်းအားဖြင့် external circuit ကို အလုပ်လုပ်ပေးခြင်းဖြစ်သည်။ Solar cell တစ်ခုရဲ့ efficiency ဆိုသည်မှာ solar cell မှ စွမ်းအင်ထွက်ရှိမှုနှင့် cell ပေါ်သို့ ကျရောက်သော အလင်းစွမ်းအင်တို့၏ အချိုးဖြစ်သည်။

Chapter (5) Heat Transfer and Thermodynamics တွင် Heat transfer, Thermodynamics နှင့် Heat engines တို့ပါဝင်ပါသည်။ သာမိုဒိုင်းနမစ် ဆိုသည်မှာ အပူစွမ်းအင်သုံး အင်ဂျင်များ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ ဓာတုဆိုင်ရာ ဓာတ်ပြုခြင်း၊ ပြိုကွဲခြင်းနှင့် ရေခဲသေတ္တာကဲ့သို့သော အသုံးချပစ္စည်းများ စသည်တို့တွင် အလွန်အသုံးကျပြီး အခြေခံကျသော ပညာရပ်ဖြစ်ပါသည်။

Chapter (6) Effects and Characteristics of Sound တွင် အသံနှင့် ပတ်သက်သည့် အကြောင်းအရာများပါဝင်သည်။

Chapter (7) Applications of Light and Optical Instruments အခန်းတွင် အလင်းဆိုင်ရာအသုံးချမှုများနှင့် သက်ဆိုင်သောပစ္စည်းကိရိယာများအကြောင်း ပါဝင်ပါသည်။

Chapter (8) Interference and Diffraction of Light တွင် အလင်းလှိုင်းထပ်ခြင်းနှင့် အလင်းလှိုင်းကွေ့ခြင်းအကြောင်းများကို လေ့လာရမှာဖြစ်ပါသည်။

Electricity & Magnetism အပိုင်းတွင် အခန်း (3) ခန်း (3 chapters) ပါရှိပါသည်။ Chapter (9) Capacitor and Capacitance, Chapter (10) Electrical Energy, Power and Heating Effect of Electric Current နှင့် Chapter (11) Electromagnetic Induction, Generation and Distribution of Electricity တို့ပါဝင်သည်။

Chapter (9) Capacitor and Capacitance တွင် လျှပ်သိုပစ္စည်းများနှင့် လျှပ်သိုသတ္တိများအကြောင်းကို ဖော်ပြထားပါသည်။ Capacitor အမျိုးမျိုးနှင့် ၎င်းတို့၏ အသုံးချမှုများကိုလည်း ဖော်ပြထားပါသည်။ Capacitance နှင့် dielectric constant တို့၏ ဆက်စပ်မှုများ၊ Capacitor တစ်ခုတွင် သိုလှောင်နိုင်သော လျှပ်စစ်စွမ်းအင်များနှင့် Capacitor များကို Charging နှင့် discharging ပြုလုပ်ပုံ အသီးသီးကို ဤအခန်းတွင် ရှင်းလင်းဖော်ပြထားပါသည်။ Capacitor များ၏ ပေါင်းစပ်ချိတ်ဆက်မှုများကိုလည်း ဤအခန်းအား လေ့လာခြင်းဖြင့် သိရှိနိုင်ပါသည်။

Chapter (10) Electrical Energy, Power and Heating Effect of Electric Current တွင် လျှပ်စစ်စွမ်းအင်၊ လျှပ်စစ်စွမ်းအားများအကြောင်းကို ဖော်ပြထားပြီး လျှပ်စီးကြောင်းများ၏ အပူကြောင့် သက်ရောက်မှုများအကြောင်းကို ရှင်းလင်းဖော်ပြထားပါသည်။

Chapter (11) Electromagnetic Induction, Generation and Distribution of Electricity အခန်းတွင် Electric current နှစ်မျိုး၊ လျှပ်စစ်သံလိုက်ညှို့ယူခြင်း (Electromagnetic induction)နှင့် ၎င်းကိုအသုံးချပုံများ၊ Generation and distribution of electricity နှင့် နေအိမ်များတွင် လျှပ်စစ်အသုံးပြုရာ၌ ဖြစ်ပေါ်စေနိုင်သော အန္တရာယ်များအကြောင်းတို့ကို လေ့လာနိုင်ပါသည်။

Modern Physics အပိုင်းတွင် အခန်း (၂)ခန်း (Chapter 12 & 13) ပါဝင်သည်။ Chapter (12) Digital Electronics and Communication System နှင့် Chapter (13) Modern Physics တို့ဖြစ်သည်။

Chapter (12) တွင် Digital Electronics and Communication System များအကြောင်းကို လေ့လာနိုင်ပါသည်။ Diodes များအကြောင်း (Zener, LED, Photodiode)နှင့် ၎င်းတို့၏ analog, digital, wired (line)နှင့် wireless ဆက်သွယ်ရေးနည်းလမ်းများအပြင် modulation နှင့် demodulation အကြောင်းအရာများပါ ဖော်ပြထားပါသည်။

Chapter (13) Modern Physics အခန်းသည် Grade 12 ရူပဗေဒဘာသာရပ်၏ နောက်ဆုံးအခန်းလည်းဖြစ်ပါသည်။ ဤအခန်းတွင် အပိုင်း (၃) ပိုင်း ပါဝင်ပါသည်။ Nuclear Physics၊ Quantum Mechanics နှင့် Special theory of relativity တို့ဖြစ်ပါသည်။

Nuclear Physics အပိုင်းတွင် ရေဒီယိုသတ္တိကြွခြင်း (radioactivity)၊ radioisotope များအကြောင်းနှင့် nuclear energy အကြောင်းတို့ ပါရှိပါသည်။ Nuclear reaction များအကြောင်းတွင် ကြီးမားသော စွမ်းအင်ပမာဏကို ထုတ်လုပ်ပေးနိုင်သော fission reaction အကြောင်းကို ဖော်ပြထားပြီး Reactor physics အနေနှင့်လည်း nuclear reactor အကြောင်းကို ပုံများနှင့်တကွ ဖော်ပြထားသည်။ Nuclear energy ထုတ်လုပ်ရာတွင် မရှိမဖြစ်အရေးပါသော Uranium–235 (သို့) Plutonium–239တို့၏ fission reaction အကြောင်းနှင့် စွန့်ထုတ်လိုက်သော Radioactive waste များကြောင့် ဖြစ်ပေါ်လာသော environmental impact များအကြောင်းကိုလည်း ဆွေးနွေးထားပါသည်။

Radioactive dating ဆိုသည်မှာ အရာဝတ္ထုပစ္စည်းများမှ ထွက်လာသည့် ရေဒီယိုသတ္တိကြွရောင်ခြည်ပမာဏကို တိုင်းတာပြီး အဆိုပါပစ္စည်းများ၏ သက်တမ်းကို ခန့်မှန်းသည့် နည်းလမ်းတစ်ခုဖြစ်သည်။ Uranium–238 မှ Lead–206 သို့၊ Potassium–40 မှ Argon–40 သို့ decay ဖြစ်သွားသည့် ရေဒီယိုသတ္တိကြွအိုင်ဆိုတုပ်များကို လေ့လာပြီး ကျောက်သားများ၏ သက်တမ်းကို ခန့်မှန်းနိုင်သည်။

Carbon 14 သည် လေထဲတွင်သာမက အသက်ရှင်လျက်ရှိကြသော အပင်နှင့်သတ္တဝါများ၏ ခန္ဓာကိုယ်အတွင်းမှာလည်းရှိသည်။ လွန်ခဲ့သော နှစ်သန်းပေါင်းများစွာက သေဆုံးခဲ့သည့် အပင်နှင့်သတ္တဝါများ၏ ရုပ်ကြွင်းများတွင်လည်းရှိကြသည်။ Carbon 14 ၏ half life မှာ ၅၇၃၀ နှစ် ဖြစ်သည်။ ရုပ်ကြွင်းများအတွင်းရှိ Carbon 14 မှ ထွက်လာသည့် ရေဒီယိုသတ္တိကြွရောင်ခြည်ထွက်နှုန်း(activity)ကို တိုင်းတာပြီး ရုပ်ကြွင်းများ၏ သက်တမ်းကို ခန့်မှန်းနိုင်သည်။

Radioactive dating ကို ရှေးဟောင်းသုတေသန (Archaeology)၊ ဘူမိဗေဒ(Geology)၊ ကျောက်ဖြစ်ရုပ်ကြွင်းပညာ (Palaeontology) နှင့် ၎င်းတို့နှင့်သက်ဆိုင်သည့် သုတေသနနယ်ပယ်များတွင် အသုံးပြုပါသည်။ Dating နည်းလမ်းအလိုက် မတူကွဲပြားသော Principle နှင့် Limitation တို့ကို သိရှိနားလည်နိုင်ပါသည်။

Quantum Mechanics အပိုင်းတွင် Wave particle dual nature နှင့် quantization of angular momentum in theory of hydrogen atom များအကြောင်းကို ထည့်သွင်းဖော်ပြထားပါသည်။ ရူပဗေဒ၏ အနှစ်သာရတစ်ခုဖြစ်သော special theory of relativity ၏ အခြေခံသဘောတရားအချို့ကို Modern Physics ၏ အပိုင်းတစ်ပိုင်းအနေဖြင့် လေ့လာသိရှိနိုင်ပါသည်။

Grade–12 အတွက် 2023–2024 ပညာသင်နှစ်မှစပြီး matriculation examination နှင့် completion examination နှစ်မျိုးစလုံးတွင် မေးခွန်းပုံစံအသစ်နှင့် စစ်ဆေးပါမည်။ အမှတ် (၁၀၀) ဖိုး ဖြေဆိုရမည်။ Section (A) နှင့် Section (B)ဟူ၍ (၂)ပိုင်း ခွဲထားသည်။

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

Section (A) အပိုင်းတွင် အမှတ် ၄၀)ဖိုး ဖြေဆိုရမှာဖြစ်ပြီး Section (B) အပိုင်းတွင်မူ အမှတ်(၆၀)ဖိုး ဖြေဆိုရမည် ဖြစ်သည်။ Section (A) အမှတ်(၄၀)ဖိုး အပိုင်းတွင် Answer All Questions ဖြစ်သည်။ မေးခွန်း No(1) သည် True or False ရွေးချယ်ရပါမည်။ (1)မှတ်တန် (10)ပုဒ် ဖြေဆိုရပါမည်။ မေးခွန်း No(2)သည် Fill in the blanks ဖြစ်ပြီး (1)မှတ်တန်မေးခွန်း(၁၅)ပုဒ် ဖြေဆိုရပါမည်။ မေးခွန်း No(3)သည် Multiple Choice (MCQ)များဖြစ်ပြီး ရွေးချယ်စရာ (၃)ခုမှ Correct answer (၁)မျိုးတည်းကိုသာ ရွေးပေးရပါမည်။ (1)မှတ်တန် (၁၅)ပုဒ် ဖြေဆိုရမှာဖြစ်ပါသည်။ သို့ဖြစ်ပါ၍ Section (A) Answer All Questions မှာ အမှတ်(၄၀)ဖိုး မေးထားပြီး (၄၀)မှတ်ဖိုးလုံး ဖြေဆိုရမှာဖြစ်ပါသည်။ Section (B) အပိုင်းတွင် (၁၅)မှတ်တန် မေးခွန်း(၆)ပုဒ် မေးထားပြီး (Answer Any Four Questions)ကြိုက်နှစ်သက်ရာ မေးခွန်း(၄)ပုဒ်ကို ရွေးချယ်ဖြေဆိုရမှာဖြစ်သည့်အတွက် Section (B) အပိုင်းသည် အမှတ်(၆၀)ဖိုး ဖြေဆိုရပါမည်။ Section (B)တွင် အပုဒ်တိုင်း၌ (a), (b) ဆိုပြီး ပါရှိပြီး နံပါတ်(a)သည် (၇)မှတ်တန် မေးခွန်းဖြစ်ပြီး နံပါတ်(b)သည် (၈) မှတ်တန် မေးခွန်းဖြစ်ပါသည်။

မေးခွန်းတွင် Grade – 12 Text Book ထဲမှ Theory, Problems and Diagrams များကို အချိုးကျထည့်သွင်းမေးပါမည်။ မေးခွန်း၌ စုစုပေါင်းအမှတ် (၁၃၀)ဖိုး မေးထားသော်လည်း အမှတ် (၁၀၀)ဖိုးသာ ဖြေဆိုရမည်ဆိုသည်ကို သတိပြုရန် လိုအပ်ပါသည်။ Text Book တွင် ပါရှိသော အခန်းများအားလုံး နားလည်သဘောပေါက်မှသာ အားလုံးကို ဖြေဆိုနိုင်မည်ဖြစ်ပါသည်။ ကျောင်းသားဗဟိုပြု ချဉ်းကပ်သင်ယူနည်းကို ဦးတည်ထားသည့်အတွက် အလွတ်ကျက်မှတ်ခြင်းကို ရှောင်ရှားပြီး အတွေးအခေါ်အယူအဆအပိုင်းများကိုသာ ဦးစားပေးမေးသွားပါမည်။ Grade –12 ရူပဗေဒသင်ခန်းစာ သဘောတရားများကို ကောင်းစွာနားလည်သဘောပေါက်ထားလျှင် အမှတ်ပြည့်ဖြေဆိုနိုင်မည်ဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူများအားလုံး စာမေးပွဲကို ထူးချွန်စွာဖြေဆို၊ အောင်မြင်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

## လွိုင်လင်မြို့နယ် ခဲလောင်းကျေးရွာ၌ ကျောင်းဆောင်သစ်အား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်

**လွိုင်လင် အောက်တိုဘာ ၁၂**

နယ်စပ်ရေးရာ ဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ဂျပန်နိုင်ငံမှ အစိုးရမဟုတ်သော အဖွဲ့အစည်းဖြစ်သည့် နိပ္ပွန်ဖောင်ဒေးရှင်း (စေတနာအဖွဲ့)တို့၏ ရန်ပုံငွေထောက်ပံ့မှုဖြင့် ဒေသခံပြည်သူများ ပူးပေါင်းဆောက်လုပ်ခဲ့သော ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်အရှေ့ ကျေးရွာအုပ်စု ခဲလောင်းကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်အား ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီက အဆိုပါကျောင်း၌ ကျင်းပခဲ့သည်။



**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကံစောလှိုင်၊ အဖွဲ့ဝင် ဦးခွန်ထွန်းမောင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးဟန်ဝင်းအောင်၊ ခရိုင်ပညာရေးမှူး ဒေါက်တာမြင့်မြင့်အေး၊ နိပ္ပွန်ဖောင်ဒေးရှင်း (စေတနာအဖွဲ့)မှ ဒေါ်အေးအေးသန်းနှင့် ခဲလောင်းကျေးရွာ မိဘပြည်သူတစ်ဦးတို့က ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပြီး အမှတ်တရသစ်ပင်များ စိုက်ပျိုးပေးကာ ကျောင်းဆောင်သစ်အား လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ဆက်လက်၍ ခဲလောင်းကျေးရွာမှ ကျောင်းသား ကျောင်းသူလေးများက မြန်မာ့ကျောင်းသီချင်းသီဆို၍ အခမ်းအနားဖွင့်လှစ်ခဲ့ပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး၊ ခရိုင်ပညာရေးမှူးနှင့် နိပ္ပွန်ဖောင်ဒေးရှင်း(စေတနာအဖွဲ့)စီမံကိန်းတာဝန်ခံ ဒေါ်အေးအေးသန်းတို့ကအမှာစကား ပြောကြားကြသည်။

ထို့နောက် ကျောင်းအဆောက်အအုံနှင့် သက်ဆိုင်သောစာရွက်စာတမ်းများ ပေးအပ်ခြင်း၊ လူထုဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် သိန်း ၁၄၀ ပေးအပ်ခြင်း၊ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခြင်း၊ ကျောင်းဆောင်သစ်ဖွင့်ပွဲ အထိမ်းအမှတ်အလံများ ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ကျောင်းဆောင်သစ်သည် စာသင်ခန်း ငါးခန်း ပါဝင်ကြောင်းနှင့် အလံတိုင် တစ်တိုင်၊ ငါးခန်းတွဲ ရေလောင်း အိမ်သာ တစ်လုံး၊ လေးပေပတ်လည်ရှိ ရေလှောင်ကန် နှစ်ကန်၊ ဆရာစားပွဲ/ကုလားထိုင် ငါးစုံ၊ ကျောင်းသား စာရေးစားပွဲ /ထိုင်ခုံ အစုံ ၅၀ နှင့် White Board ၁၀ ချပ်စသည်တို့ကို နိပ္ပွန် ဖောင်ဒေးရှင်း (စေတနာအဖွဲ့)မှဆောက်လုပ်ပေးခဲ့ကြောင်းနှင့် စုစုပေါင်းကုန်ကျငွေမှာ ငွေကျပ် ၉၈၅၅၅၇၀၉ သိန်းဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## တောင်ကုတ်မြို့၌ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကျင်းပ

**တောင်ကုတ် အောက်တိုဘာ ၁၂**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ကျောင်းသား ကျောင်းသူလူငယ်များ အသိပညာမြင့်မားရေးအတွက် လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကို ယနေ့မွန်းတည့်၁၂ နာရီက အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ကိုင်းရှည်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တောင်ကုတ်မြို့နယ်ရုံး ဦးစီးအရာရှိ ဦးမြင့်ရွှေက လူငယ်နှင့်အနာဂတ်ပန်းတိုင် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ မြို့နယ်အားကစားမှူး ဒေါ်အေးနန္ဒာကျော်က လူငယ်နှင့်အားကစား ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောသည်။

အဆိုပါအခမ်းအနားသို့ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ကိုင်းရှည်မှ ကျောင်းအုပ်ဆရာကြီး ဦးသိန်းရွှေ နှင့်ဆရာ ဆရာမများ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၂၅၀ ခန့်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အသက်တစ်နှစ်ခွဲအောက် ကလေးများအား ပုံမှန်ကာကွယ်ဆေးထိုးနှံခြင်းနှင့် တိုက်ကျွေးခြင်းများ ဆောင်ရွက်

**မင်းတပ် အောက်တိုဘာ ၁၂**

မင်းတပ်မြို့ ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် အသက်တစ်နှစ်ခွဲအောက် ကလေးများအား ပုံမှန်ကာကွယ်ဆေးထိုးနှံခြင်းနှင့် တိုက်ကျွေးခြင်းများကို ယမန်နေ့နံနက် ၉ နာရီခွဲမှစတင်၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မင်းတပ်မြို့ ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် မွေးကင်းစကလေးများကို ဘီစီဂျီနှင့် အသည်းရောင် အသားဝါ(ဘီ)ကာကွယ်ဆေးကိုလည်းကောင်း၊ နှစ်လသားအရွယ်ကလေးများကို ဘီစီဂျီ၊ ပိုလီယို၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော(ရိုတာ)၊ ပြင်းထန်အဆုတ်ရောင်(ပီစီဗီ)၊ ဆုံဆို့-ကြက်ညှာ-မေးခိုင်-အသည်းရောင်အသားဝါ(ဘီ)-ဦးနှောက်အမြှေးရောင် (ငါးမျိုးစပ်ကာကွယ်ဆေး)ကိုလည်းကောင်း၊ ခြောက်လအရွယ် ကလေးများကို ပိုလီယို၊ ပြင်းထန်အဆုတ်ရောင်(ပီစီဗီ) ဆုံဆို့-ကြက်ညှာ-မေးခိုင်-အသည်းရောင်အသားဝါ(ဘီ)-ဦးနှောက်အမြှေးရောင်(ငါးမျိုးစပ်ကာကွယ်ဆေး)ကို လည်းကောင်း၊ ကိုးလအရွယ် ကလေးများကို ဝက်သက်-ဂျိုက်သိုး၊ ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးကိုလည်းကောင်း၊ တစ်နှစ်ခွဲအရွယ် ကလေးများကို ဝက်သက်-ဂျိုက်သိုး၊ ဆုံဆို့-ကြက်ညှာ-မေးခိုင်-အသည်းရောင်အသားဝါ(ဘီ)-ဦးနှောက်အမြှေးရောင် (ငါးမျိုးစပ်ကာကွယ်ဆေး)ကိုလည်းကောင်း ကာကွယ်ဆေးထိုးနှံခြင်း၊ ကာကွယ်ဆေးတိုက်ကျွေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။



အဆိုပါ ကာကွယ်ဆေးထိုးနှံ၊ တိုက်ကျွေးပေးမှု အခြေအနေများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက လာရောက်ကြည့်ရှုပြီး အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

**ဝေဖြိုး(ဇလပ်မြေ)**

**❂ ကျောဖုံးမှ**

ထိုသို့ဆောင်ရွက်ရာတွင် အသိပညာပေးခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်းနှင့် ဆေးကုသမှုလုပ်ငန်းများဆောင်ရွက်ခြင်း၊ သွားတု(အံပုံ/အံကပ်) များ တပ်ဆင်ပေးခြင်းလုပ်ငန်းများကို စက်တင်ဘာ ၇ ရက်မှ ၂၃ ရက်အထိ လူနာစုစုပေါင်း ၁၇၅၅ ဦးကို ကုသမှုဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ခရီးစဉ်အတွင်း မိုင်းလားမြို့ရှိ တိုင်းရင်းသားကွင်း(ညောင်သုံးပင်)ခန်းမတွင် စက်တင် ဘာ ၇ ရက်မှ ၁၀ ရက်အထိ သက်ကြီးရွယ်အို ၅၁ ဦး ကို သွားအတု(အံကပ်)များ တပ်ဆင်ပေးခြင်းနှင့် လူနာပေါင်း ၃၄၆ ဦးကို ကုသပေးခြင်း၊ မိုင်းဆောတွင် သက်ကြီးရွယ်အို ၆၁ ဦးကို သွားတု(အံကပ်)များ တပ်ဆင်ပေးခြင်းနှင့် စက်တင်ဘာ၁၂ ရက်မှ ၁၅ ရက်အထိ လူနာစုစုပေါင်း ၅၂၆ ဦးကို ကုသပေးခြင်း၊ မိုင်းဆောရှိ မူလတန်းကျောင်းသို့ သွားရောက်၍ ကျောင်းသား ၁၆၀ ကို စနစ်မှန်သွားတိုက်ခြင်းကို ကျောင်းဆရာ ဆရာမများပါဝင်၍ သင်ကြားပြသပြီး အတူတကွ ပုံစံကျသည်အထိ သင်ကြားပေးခြင်း၊ ကျိုင်းခမ်းတွင် စက်တင်ဘာ ၁၆ ရက်မှ ၁၈ ရက်အထိ သက်ကြီးရွယ်အို ၃၁ ဦးကို သွားတု(အံကပ်)များ တပ်ဆင်ပေးခြင်းနှင့် လူနာပေါင်း ၂၆၈ ဦးကို ကုသမှုပေးခြင်း၊ စက်တင်ဘာ ၁၉ ရက်တွင် ကျိုင်းခမ်းရှိ မူလတန်းကျောင်းနှစ်ကျောင်းသို့ သွားရောက်ပြီး ကျောင်းဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၅၀ ကို စနစ်မှန်သွားတိုက်ခြင်း သင်ကြားပြသ၍ ဆီလူးတွင် စက်တင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ သက်ကြီးရွယ်အို ၅၈ ဦးကို သွားတု (အံကပ်)များ တပ်ဆင်ပေးခြင်းနှင့် လူနာစုစုပေါင်း ၆၁၅ ဦးကို ကုသမှုများပေးခြင်း၊ ဆီလူးရှိ အခြေခံပညာကျောင်းများတွင် ကျောင်းဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၈၅၀ ကျော်ကို စနစ်မှန်သွားတိုက်ခြင်းလုပ်ငန်းကို သင်ကြားပြသခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**❖ ကမ္ဘာ့ဖလားမှ**

မြန်မာအသင်းနည်းပြချုပ် ဖိုက်အွန်ဘိုင်နာသည် ဒဏ်ရာရကစားသမားများရှိနေသဖြင့် ပွဲထွက်လူစာရင်း အပြောင်းအလဲပြုလုပ်ခဲ့ပြီး ဆန်းဆက်နိုင် (ဂိုး)၊ ဟိန်းဖြိုးဝင်း၊ စိုးမိုးကျော်၊ ဟိန်းဇေယျာလင်း၊ သက်ဟိန်းစိုး၊ နေမိုးနိုင်၊ ကျော်မင်းဦး၊ လွင်မိုးအောင်၊ မောင်မောင်လွင်၊ အောင်သူ၊ သန်းပိုင်တို့ဖြင့် ပွဲထွက်ခဲ့သည်။ အဝေးကွင်းလာရောက်ကစားသည့် မကာအိုအသင်း၏ ခံစစ်ကစားပုံကြောင့် မြန်မာအသင်းသည် ပွဲစကတည်းက ဖိကစားနိုင်သော်လည်း မကာအိုအသင်းက ခံစစ်တွင် စုပြုံပိတ်ဆို့ကစားနေသဖြင့် ထင်တိုင်းမပေါက်ခဲ့ပေ။ ၄၃ မိနစ်တွင် မြန်မာအသင်း ဦးဆောင်ဂိုးရခဲ့ပြီး လွင်မိုးအောင်က သွင်းယူကာ ပထမပိုင်း အပြီးတွင် တစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။ ဒုတိယပိုင်းအစတွင် မကာအိုအသင်း ချေပဂိုး ပြန်ရရန် ကြိုးပမ်းလာပြီး ၅၅ မိနစ်တွင် တိုရာရိုက ဂိုးပြန်သွင်းခဲ့သည်။

မြန်မာအသင်းသည်ချေပဂိုးပေးလိုက်ရပြီး ခုနစ်မိနစ်အကြာတွင် ဒုတိယဂိုးပြန်ရခဲ့ပြီး နောက်ခံလူ စိုးမိုးကျော်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်းက ကစားသမားများပြောင်းလဲကာ တိုက်စစ်မြှင့်ခဲ့ပြီး ဂိုးထပ်မံရရှိရန် ကြိုးပမ်းခဲ့သည်။ ကစားအားကျသွားသည့် မကာအိုအသင်းကြောင့် မြန်မာအသင်း အခွင့်အရေးပိုရလာပြီး ၈၂ မိနစ်တွင် အောင်ကောင်းမာန်၊ ၉၀+၁ မိနစ်တွင် နေမိုးနိုင်၊ ၉၀+၄ မိနစ်တွင် လွင်မိုးအောင်တို့က အနိုင်ဂိုးများ ထပ်မံသွင်းယူခဲ့သည်။

မြန်မာအသင်းနှင့် မကာအိုအသင်းတို့၏ ဒုတိယအကျော့ပွဲကို အောက်တိုဘာ ၁၇ ရက်တွင် မကာအို၌ ကျင်းပမည်ဖြစ်သည်။

**သတင်း – ကိုညီလေး**
**ဓာတ်ပုံ – သော်ကြီး**

# ၂၀၂၃ ခုနှစ် စက်တင်ဘာလအတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner ၊ Air Quality Monitoring Station (AQM–65) ၊ Scentroid (SL – 50 Scential) ၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$) ၊ Particulate Matter 10 ($PM_{10}$) ၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$) ၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ် တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုက် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုက် |
| ၁ | ပြည်ထောင်စုနယ်မြေ နေပြည်တော် | | | | | | | |
| | ၁ | ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် | ကောင်းမွန် | | | | | |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | | | | | | | |
| | ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၂ | သာကေတမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၃ | တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၄ | သန်လျင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၅ | ဒလမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | မန္တလေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | အမရပူရမြို့နယ်၊ မန္တလေးမြို့ | ကောင်းမွန် | | | | | |
| | ၂ | အောင်မြေသာစံမြို့နယ်၊မန္တလေးမြို့ | ကောင်းမွန် | | | | | |
| | ၃ | ညောင်ဦးမြို့ | ကောင်းမွန် | | | လက်ခံနိုင်သော | ကောင်းမွန် | |
| | ၄ | ကျောက်ဆည်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၅ | မိတ္ထီလာမြို့ | ကောင်းမွန် | | လက်ခံနိုင်သော | | | |
| | ၆ | ပြင်ဦးလွင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | |
| | ၁ | မုံရွာမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | ကလေးမြို့ | ခံနိုင်ရည်နည်းပါးသူများအတွက်သာ ထိခိုက်နိုင် | ကောင်းမွန် | | | | |
| | ၃ | ကသာမြို့ | လက်ခံနိုင်သော | ကောင်းမွန် | လက်ခံနိုင်သော | ကောင်းမွန် | | လက်ခံနိုင်သော |
| | ၄ | ဟုမ္မလင်းမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၅ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ထားဝယ်မြို့ | ကောင်းမွန် | | | | | |
| | ၂ | မြိတ်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၆ | ပဲခူးတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပဲခူးမြို့ | ကောင်းမွန် | | | | | |
| ၇ | မကွေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | မကွေးမြို့ | ကောင်းမွန် | | တိုင်းတာနိုင်ခြင်းမရှိပါ | ကောင်းမွန် | | |
| | ၂ | ပခုက္ကူမြို့ | တိုင်းတာနိုင်ခြင်းမရှိပါ | ကောင်းမွန် | | | တိုင်းတာနိုင်ခြင်းမရှိပါ | ကောင်းမွန် |
| | ၃ | သရက်မြို့ | တိုင်းတာနိုင်ခြင်းမရှိပါ | ကောင်းမွန် | တိုင်းတာနိုင်ခြင်းမရှိပါ | ကောင်းမွန် | တိုင်းတာနိုင်ခြင်းမရှိပါ | ကောင်းမွန် |
| ၈ | ကချင်ပြည်နယ် | | | | | | | |
| | ၁ | မြစ်ကြီးနားမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | တိုင်းတာနိုင်ခြင်းမရှိပါ |
| | ၂ | ဗန်းမော်မြို့ | ကောင်းမွန် | | | | | တိုင်းတာနိုင်ခြင်းမရှိပါ |
| ၉ | ကရင်ပြည်နယ် | | | | | | | |
| | ၁ | ဘားအံမြို့ | ကောင်းမွန် | | | | | |
| ၁၀ | မွန်ပြည်နယ် | | | | | | | |
| | ၁ | မော်လမြိုင်မြို့ | ကောင်းမွန် | | | | တိုင်းတာနိုင်ခြင်းမရှိပါ | |
| ၁၁ | ရခိုင်ပြည်နယ် | | | | | | | |
| | ၁ | စစ်တွေမြို့ | ကောင်းမွန် | | | | | |
| | ၂ | ကျောက်ဖြူမြို့ | ကောင်းမွန် | | | | | တိုင်းတာနိုင်ခြင်းမရှိပါ |
| | ၃ | သံတွဲမြို့ | ကောင်းမွန် | | | | | တိုင်းတာနိုင်ခြင်းမရှိပါ |
| | ၄ | မြောက်ဦးမြို့ | ကောင်းမွန် | | | | | |
| ၁၂ | ရှမ်းပြည်နယ် | | | | | | | |
| | ၁ | တောင်ကြီးမြို့ | တိုင်းတာနိုင်ခြင်းမရှိပါ | | ကောင်းမွန် | | တိုင်းတာနိုင်ခြင်းမရှိပါ | |
| | ၂ | တာချီလိတ်မြို့ | လက်ခံနိုင်သော | တိုင်းတာနိုင်ခြင်းမရှိပါ | | | | |
| | ၃ | လားရှိုးမြို့ | တိုင်းတာနိုင်ခြင်းမရှိပါ | ကောင်းမွန် | လက်ခံနိုင်သော | ကောင်းမွန် | တိုင်းတာနိုင်ခြင်းမရှိပါ | ကောင်းမွန် |
| | ၄ | ကျိုင်းတုံမြို့ | ကောင်းမွန် | တိုင်းတာနိုင်ခြင်းမရှိပါ | | | | |

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့် အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## အမည်မှန်

နောင်ချိုမြို့နယ်၊ အ.လ.က ကျောက်ကြမ်း Grade-9 မှ အဖ ဦးချာဘီလာလ်[၁၃/နခတ(နိုင်) ၀၄၉၂၄၈]၏ သား မောင်ဇော်ထက်၏အမည်မှန်မှာ မောင်ဆာကားဖြစ်ပါကြောင်း။

**မောင်ဆာကား**

## ဖခင်အမည်မှန်

နောင်ချိုမြို့နယ်၊ အ.လ.က ကျောက်ကြမ်း Grade-6 မှ မမေသဇင်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးဇေယျာ [၁၃/နခတ(နိုင်)၁၂၆၂၄၄]ဖြစ်ပါကြောင်း။

**ဦးဇေယျာ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ သုခလမ်း၊ အမှတ်(၂၃) တည်ရှိရာ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၇စီ၄)၊ မြေကွက်အမှတ်(၃၃၂)၊ မြေအမျိုးအစား-နှစ်(၆၀)မြေငှားဂရန်မြေ၊ အမည်ပေါက် ဒေါ်ခင်မြမြ [၁၂/စခန(နိုင်)၀၀၈၂၃၈]မြေကွက်ဖြစ်ပါသည်။ ယင်းမြေအားအမည်ပေါက် ဒေါ်ခင်မြမြထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၄၇၇၈/၃၀-၆-၂၀၂၁)ဖြင့်ရရှိသူ GPဦးကောင်းဖြိုးမောင် [၁၂/လမန(နိုင်)၁၄၈၁၁၄] မှ နှစ်(၆၀)ဂရန်မူရင်း၊ နိုင်ငံသား စိစစ်ရေးကတ်၊ ကိုယ်စားလှယ်လွှဲစာ၊ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်း၊ ပါဝါ ရုပ်သိမ်းထားခြင်းမရှိကြောင်း ကျမ်းကျိန်လွှာအမှတ်(၄၆၆/၁၀-၁-၂၀၂၃)၊ လျှောက်ထားမြေကွက်အား (၂၀၀၅)ခုနှစ်၌ဒေါ်ခင်မြမြက ဘဏ်ချေးရန် မြေပုံမြေရာဇဝင်ကူးယူခဲ့ပြီး၊ ယင်းမြေပုံသည်နေအိမ်ပြောင်းရွှေ့စဉ် ပျောက်ဆုံးသွားသောကြောင့် ဌာနသို့ပြန်လည်အပ်နှံနိုင်ခြင်းမရှိကြောင်းနှင့် ဖြစ်ပေါ်လာမည့်ကိစ္စအရပ်ရပ်အား ၎င်းမှတာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ဒေါ်ခင်မြမြမှ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တွင် ကျိန်ဆိုသော ကျမ်းကျိန်လွှာအမှတ် (၁၅၇၀/၈-၈-၂၀၂၃)၊နှင့် ယင်းမြေကွက်အား(၂၀၁၀)ခုနှစ်တွင် ဒေါ်မြမြအေးမှ ကန့်ကွက်စာတင်သွင်းခဲ့ခြင်း ကိစ္စအတွင်း အချင်းချင်းဖြေရှင်းပြီးကြောင်း ယခု အဆက်အသွယ်မရတော့ခြင်းကြောင့် ဖြစ်ပေါ်လာမည့် ကိစ္စအရပ်ရပ်အား တာဝန်ယူကြောင်း ဒေါ်ခင်မြမြမှ ဗိုလ်တထောင်မြို့နယ်တရားရုံးတွင် ကျမ်းကျိန်ဆိုသည့်(၇၃၉/၁၅-၃-၂၀၂၃)ရက်စွဲပါ ကျမ်းကျိန်လွှာတို့ကို တင်ပြလာ၍ ဒေါ်ခင်မြမြ၏ GP ဦးကောင်းဖြိုးမောင်က အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားမှုအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)(ကိုယ်စား)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-လေးထောင့်ကန်၊ မြေကွက်အမှတ်-၆၁၊ မြေကွက်တည်နေရာအမှတ်(၇၇)၊ လေးထောင့်ကန်ရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးကျော်ရှိန် [၁၂/သဃက(နိုင်)၀၉၁၉၉၃]၊ အမည်ပေါက်နှစ် (၆၀) ဂရန်မြေအား အမည်ပေါက် ဦးကျော်ရှိန်သည် (၁၂-၁၂-၂၀၂၁) ရက်နေ့တွင်လည်းကောင်း၊ ဒေါ်ကြည် (မိခင်)သည် (၁၁-၆-၂၀၀၆) ရက်နေ့တွင်လည်းကောင်း အသီးသီး ကွယ်လွန်သဖြင့် ဒေါ်နွယ်နွယ်ဝင်း၊ [၁၂/သဃက(နိုင်)၁၀၇၆၃၄]၊ ဒေါ်ရီရီမာ [၁၂/သဃက(နိုင်)၀၉၁၈၃၃]၊ ဦးခင်မောင်သိန်း [၁၂/သဃက(နိုင်)၀၉၄၈၃၂]၊ ဒေါ်စန်းစန်းမြင့် [၁၂/သဃက(နိုင်)၁၃၈၂၅၃]၊ ဒေါ်စိုးစိုးမြင့် [၁၂/သဃက(နိုင်)၀၉၃၇၃၄] တို့က တရားဝင် အမွေဆက်ခံခွင့်ရှိသည့် သားသမီးများ တော်စပ်ကြောင်း၊ ၎င်းတို့မှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း တရားရုံး ကျမ်းကျိန်လွှာအမှတ်-၈/၂၃၉/၂၀၂၂ (၂-၈-၂၀၂၂) သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဂရန်မူရင်းတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအပေါ် တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပါရန်

(၂၇-၉-၂၀၂၃)ရက်နေ့ ကြေးမုံသတင်းစာ စာမျက်နှာ(၂၃)ပါ တိုက်ခန်း အရောင်းအဝယ်ကြော်ငြာတွင် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူနေရာ၌ ဒေါ်ခင်ပန်ပန်သော် [၁၂/ဗတထ(နိုင်)၀၄၂၅၉၀]က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါကြောင်းဟု ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပေးပါရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ -**
**ဒေါ်ဝတ်ရည်ထွန်း (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၉၈)**
**အမှတ်(၁၂၉၅)၊ မိုးကောင်းလမ်း၊ (၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း - ၀၉-၅၃၀၂၃၂၈**

## သွေးသည် အသက်

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်းနှင့် မိဘအိမ်မှ ယူဆောင်သွားသောပစ္စည်းများအား ပြန်လည်အပ်နှံပေးပါရန် ဒေါ်မြသဇင်နှင့်အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ၁၆-ရပ်ကွက်၊ ပြည်တော်အေးလမ်း၊ အမှတ်-၁၄နေ ဦးအုန်းရွှေ[၁၂/ပဇတ(နိုင်)၀၂၄၆၉၂]နှင့် ဒေါ်ဝင်းမာ[၁၂/ဒဂတ(နိုင်)၀၁၉၀၁၂]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်မြသဇင်နှင့် အများသိစေရန် ကြေညာအပ်သည်မှာ-

ဒေါ်မြသဇင်[၁၂/ဒဂန(နိုင်)၀၃၂၅၁၄]သည် မိဘများ၏ဆိုဆုံးမမှုကို နာခံမှုမရှိဘဲ မိဘများအား စိတ်ဆင်းရဲစေသည့် လုပ်ဆောင်မှုများကို အကြိမ်ကြိမ် ၎င်း၏သဘောဆန္ဒနှင့်အညီ ဆောင်ရွက်သွားခြင်းများကြောင့် မိခင်ဖခင်တို့မှာ ကိုယ်စိတ်နှလုံး နေ့စဉ်နှင့်အမျှ ထိခိုက်ခံစားရသည်ဖြစ်၍ သမီးဖြစ်သူ ဒေါ်မြသဇင်အား ယနေ့မှစ၍ သမီးအဖြစ်မှ ရာသက်ပန် အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်ပြီး မည်သည့်ကိစ္စရပ်ကိုမျှ လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

သို့ပါ၍ ဒေါ်မြသဇင်ကိုယ်တိုင် မိဘများနေအိမ်မှ ယူဆောင်သွားသော ဖခင် ဦးအုန်းရွှေ အမည်ပေါက်ဖြစ်သော Crown (1J/4080)အမျိုးအစား (TOYOTA CROWN) အဖြူရောင်ကားတစ်စီး၊ (၈စ/၅၅၅၇) ၁၄ ပေ ကား၏ ပိုင်ဆိုင်မှု စာရွက်စာတမ်းများ ဖြစ်သော လုပ်ငန်းလိုင်စင်နှင့် ကားဝိုးတက်၊ မိဘများပိုင် အကယ်ဒမီသံဆိုင်မှ ထုတ်ယူသွားသော သံထည်ပစ္စည်းတန်ဖိုး သိန်း(၂၈၂၈၇၇၉၈၃/-)ကျပ်ခန့်ရှိသော ပစ္စည်းများအား ဒေါ်မြသဇင်ကိုယ်တိုင်မှဖြစ်စေ၊ ၎င်းထံမှတစ်ဆင့် လက်ခံရယူထားသူတို့မှဖြစ်စေ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း မိဘများထံသို့ အမြန်ဆုံး ပြန်လည်လာရောက်အပ်နှံပေးပါရန် ဒေါ်မြသဇင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြသဇင်၏မိဘများဖြစ်သော ဦးအုန်းရွှေ[၁၂/ပဇတ(နိုင်)၀၂၄၆၉၂]နှင့်**
**ဒေါ်ဝင်းမာ [၁၂/ဒဂတ(နိုင်)၀၁၉၀၁၂]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းဝင်းမော်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၆၉၅/၂၀၁၆)**
**အမှတ်-၇၃၇/၇၄၁၊ အခန်း-၀၀၅၊ မာလာနွယ်လမ်း၊**
**မေတ္တာညွှန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၄၉၃၃၆၀**

## သားအဖြစ်မှစွန့်လွှတ်ခြင်း

ကော့သောင်းမြို့၊ ရွှေဇင်ယော်ရပ်ကွက်၊ ဆင်ဖြူရှင်လမ်းသွယ်နေ အဖ ဦးမဲလုံး(ခ)ဦးညီညီထွန်း[၆/ခမက(နိုင်)၀၁၃၅၅၁]၊ အမိ ဒေါ်ချိုချိုခိုင်(ခ)ဒေါ်ချိုချိုနိုင်[၆/ကသန(နိုင်)၀၃၆၆၈၀]၏ သားဖြစ်သူ မောင်ညီနိုင်အောင်(ခ)ဖိုးသာထူးသည် မိဘများ၏ဆိုဆုံးမမှုကိုမနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေသောကြောင့် ၎င်းအား သားအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စများအား (လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဒေါ်ချိုချိုခိုင်(ခ)ဒေါ်ချိုချိုနိုင်**

## အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ တောင်ညိုတွင် နေထိုင်သူ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မိုးမိုးစန်း [၁၂/မဘန(နိုင်)၁၃၆၈၅၂]သည် Facebook Acc Name Moe Moe Sann (ရတီလေးမေမေ) နှင့် TikTok Acc Name @ moemoesann 56 သာ တရားဝင် အသုံးပြုပြီး အခြားအမည်ဖြင့် Facebook Acc နှင့် Tik Tok Acc များ အသုံးပြုခြင်းမရှိပါ။ ကျွန်ုပ်၏မိတ်ဆွေ တရားဝင်အသုံးပြုသော Acc များမှလွဲ၍ အခြား Acc များဖြင့် အသုံးပြု၍ ဖြစ်လာသော နိုင်ငံရေး၊ လူမှုရေး၊ ငွေရေးကြေးရေးနှင့် ပတ်သက်သော ပြဿနာကိစ္စအဝဝများ ပေါ်ပေါက်လာပါက ၎င်းနှင့် မသက်ဆိုင်ကြောင်း၊ ၎င်းအနေဖြင့် လုံးဝ(လုံးဝ) တာဝန်မယူကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကေသွယ်မိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၈၇၃)**
**အမှတ်-၆၅၊ ဆယ်သိန်း(၄)လမ်း၊ တောင်ညိုအုပ်စု၊**
**ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊ ဖုန်း-၀၉-၄၂၀၇၃၉၁၁၇**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဝါဆိုရပ်ကွက်၊ ကျောင်းတော်ရာလမ်း၊ အမှတ်(၉)မြေပေါ်တွင်ဆောက်လုပ်ထားသော အကျယ်အဝန်း (၂၅ပေ X ၅၀ပေ)မြေကွက်ပေါ်ရှိ (၂)ခန်းတွဲ (၅)ထပ်ခွဲတိုက်၏ဒါဘာအလွှာ(ခြေရင်းခြမ်း)၊ (၆-A)၊ အကျယ်အဝန်း (၁၂ပေခွဲ X ၅၀ပေ)ရှိ တိုက်ခန်း(၁)ခန်းနှင့် အကျိုးခံစားခွင့်တို့အား ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူခဲ့သော ဒေါ်အေးအေးသိန်း(၁၂/ဒပန(နိုင်)၀၁၄ရရရ)(ကွယ်လွန်)၏ တရားဝင်ဆက်ခံသူခင်ပွန်း **ဦးစိုးမြင့် (၁၂/ဒပန(နိုင်)၀၄၃၈၄၆)** မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်ဝိုင်းချစ်(၉/တကန(နိုင်)၁၈၂၃၉၄)**ကအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းဘိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆိုကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
**ဒေါ်ခင်မာနွယ်**
**B.A (Law)., LL.B., D.B.L**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၃၉၁၉/၈၆)**
အမှတ်-၅၀၊ ပထမထပ်၊ အခန်း (C-6)၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉- ၄၃၀၈၁၁၄၉

## ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ (၁၀၁)လမ်း၊ အမှတ်(၆၄)ဟု ခေါ်တွင်သော အကျယ်အဝန်း(၁၂½x၅၀)ပေရှိသည့် မြေညီထပ်(တိုက်ရှေ့မျက်နှာမူလျှင်-ယာဘက်)တိုက်ခန်းအား စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ (၁၀၁)လမ်း၊ အမှတ်(၆၄)ဟု ခေါ်တွင်သောအကျယ်အဝန်း(၁၂½x၅၀)ပေရှိသည့် မြေညီထပ်(တိုက်ရှေ့မျက်နှာမူလျှင်-ယာဘက်)တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိသူဖြစ်သည့် ဦးဆန်းဝင်းဦး [၁၂/မဂတ(နိုင်)၀၈၁၀၂၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးရတနာကိုကို [၁၂/မဂတ(နိုင်)၀၉၈၅၂၉]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသည့် စာချုပ်စာတမ်း အထောက်အထား မူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် အကယ်၍ကန့်ကွက်မှုမရှိခဲ့ပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ချက်အရ**
**ဒေါ်နန်းရည်မွန်ဦး**
**LL.B, D.B.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၇၅)**
**အမှတ် (၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၅၁၉၉၀၄၀**

## စာပေမြင့်မှ လူမျိုးတင့်မည်

## ငြင်းချက်ထုတ်ရန် သမ္မန်စာ
### တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### သထုံမြို့နယ်တရားရုံးတော်
### ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၈

| | | |
|---|---|---|
| **ဒေါ်ခိုင်မြင့်အေး** | | **(၁) ဒေါ်စန်းစန်းနွယ်** |
| **(၎င်း၏အထွေထွေကိုယ်စား** | **နှင့်** | **(၂) ဒေါ်သူဇာနွယ်** |
| **လှယ်စာရရှိသူ ဒေါ်အလိမ္မာထွန်း)** | | **(၃) ဦးနိုင်ဇော်လင်း** |
| | | **(၄) ဒေါ်ခင်နွေးခိုင်** |
| **(တရားလို)** | | **(တရားပြိုင်များ)** |

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ပေါင်းရပ်ကွက်၊ ပန်းစကြာလမ်း၏နေ အမှတ်(၃) တရားပြိုင် ဦးနိုင်ဇော်လင်းနှင့် အမှတ်(၄) တရားပြိုင် ဒေါ်ခင်နွေးခိုင် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်ခိုင်မြင့်အေး (၎င်း၏အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူက ဒေါ်အလိမ္မာထွန်း)က သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၉ အရ တရားလို လက်မဲ့ဖြစ်သွားသော ခြံမြေကွက်အား ပြန်လည်လက်ရောက်ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ(၂၃)ရက် (၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်)နေ့မွန်းမတည့်မီ နံနက်(၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၁၄)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ပန်းအိဖြူ)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**သထုံမြို့နယ်တရားရုံး**

## အများသိစေရန် အသိပေးကြေညာခြင်း

ဦးဇော်လင်း [၁၂/သဃက(နိုင်)၁၀၉၈၄၃]သည် ရောဝတီဘဏ် အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်ထံမှ Kia Picanto (White)အမျိုးအစား မော်တော်ယာဉ်အမှတ်(5Q/5957)အား အငှားဝယ်ယူစနစ်ဖြင့်ဝယ်ယူထားပြီး လစဉ်အရစ်ကျငွေများ ဘဏ်သို့ ပေးသွင်းရန် ပျက်ကွက်နေသည့်အတွက် ၎င်းကိုယ်တိုင်ဖြစ်စေ၊ ယင်းမော်တော်ယာဉ်အား ဘဏ်၏ခွင့်ပြုချက်မရှိဘဲ ၎င်းထံမှ တစ်နည်းနည်းဖြင့် လက်ဝယ်ထားရှိသူများဖြစ်စေ ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ဆက်သွယ်ရန်နှင့် သတ်မှတ်ကာလအတွင်း လာရောက်ဆက်သွယ်မှု မရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ရောဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏**
**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်သဲသဲမာ** | **ဦးထက်မြက်ကျော်** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၃၄၆၀/၂၀၁၇)** | **(စဉ်-၃၄၉၈၇/၂၀၁၁)** |
| **LL.B, D.B.L, D.I.L, WIPO** | **LL.B, LL.M** |

**အမှတ်(၄၁၆)၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၉၆၈၁၂၁၇၊ ၀၉-၉၆၀၂၆၀၂၁၇**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### တရားမကျင့်ထုံးကိုဥပဒေအမိန့်(၅)၊ နည်းဥပဒေ(၂၀)
### ရန်ကင်းမြို့နယ်တရားရုံး
### ၂၀၂၃- ခုနှစ်၊ တရားမကြီးမှုအမှတ်-၇

| | | |
|---|---|---|
| ဦးရှန်ဘိခ် | နှင့် | ၁။ ဒေါ်ဖြိုးဖြိုးစုမော် |
| | | ၂။ ဦးကြည် |
| | | ၃။ ဦးညွန့်(ခ)ဦးသာထွန်း |
| **(တရားလို)** | | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ လမုတန်းရပ်ကွက်၊ မင်းမဟော်လမ်း၊အမှတ် (၁၁၉/မြေညီ) နေ ဦးကြည်၊ ဦးညွန့်(ခ)ဦးသာထွန်း(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက " **ကတိနှင့်ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ ၂ရက်၊ ( ၁၃၈၅ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၄ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**( မေစန္ဒာဇော် )**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ရန်ကင်းမြို့နယ်တရားရုံး**

## လုပ်ငန်းအမှတ်တံဆိပ်အမည် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မဟာစည်သာသနာ့ရိပ်သာ၊ အမှတ် (၈၂/ဒီ)တွင် နေထိုင်သော ကျွန်ုပ်၏မိတ်ဆွေ ဦးစိုင်းဆိုင်ခုံး [၁၃/လရန(နိုင်)၂၃၂၉၄၅]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်–

PAW CHAUNG KAUNG ပေါ်ချောင်ကောင်း　　　P C K

**မှတ်ပုံတင်စာချုပ်အမှတ်–(၄/၇၃၀၁)**　　　**မှတ်ပုံတင်စာချုပ်အမှတ်–(၄/၇၃၀၀)**

အထက်ဖော်ပြပါလုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားများဖြင့် (၁၅–၈–၂၀၂၃) ရက်နေ့တွင် ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

အဆိုပါ "PAW CHAUNGKAUNG" "ပေါ်ချောင်ကောင်း"နှင့် "PCK" လုပ်ငန်းအမှတ်တံဆိပ်အမည်များပါ "ဖုန်းအမျိုးမျိုး တင်သွင်းရောင်းချခြင်း၊ ဖုန်းအမျိုးမျိုး ပြုပြင်ခြင်း၊ Phone Accessories များ၊ ဖုန်းနှင့်ပတ်သက်သည့် ဆက်စပ်ပစ္စည်းအမျိုးမျိုး"တို့ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖုန်းနှင့်ပတ်သက်သည့် ဆိုင်ခွဲများဖွင့်လှစ်ခြင်း၊ ရောင်းချခြင်း၊ ထုတ်လုပ်ဖြန့်ဖြူးခြင်း၊ ဖုန်းနှင့်သက်ဆိုင်သည့်ဆက်စပ်ပစ္စည်းများ ဖြန့်ဖြူးရောင်းချခြင်း၊ လုပ်ငန်းအမှတ်တံဆိပ်အမည်များအား အသုံးပြု၍ လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ယင်းလုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားများဖြင့် စာရွက်စာတမ်း၊ ကြော်ငြာ၊ လက်ကမ်းကြော်ငြာ၊ ကြော်ငြာဆိုင်းဘုတ်၊ ရေဒီယို၊ ရုပ်မြင်သံကြားကြော်ငြာ၊ မဂ္ဂဇင်း၊ စာနယ်ဇင်း၊ ဂျာနယ်၊ ပြပွဲများ၊ ဘလောက်၊ ဒီဇိုင်း၊ တံဆိပ်တုံး၊ ငွေရပြေစာဖြတ်ပိုင်း Letter Head, Internet, Website,Application အစရှိသည်တို့တွင် ထည့်သွင်းအသုံးပြုမည့်အပြင် အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးပြုလုပ်ပြီးဖိနှိပ်၍၊ ကပ်နှိပ်၍၊ ရိုက်နှိပ်၍၊ အသားတံဆိပ်ပြုလုပ်၍ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားများကို ကနဦးဉာဏ်ဖြင့် ကိုယ်တိုင်တီထွင်၍ အသုံးပြုထားခြင်းဖြစ်သဖြင့် အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ ပုံတူကူး၍ဖြစ်စေ၊ စီးပွားရေးအလို့ငှာ တိုက်ရိုက်ဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား၊ အတုအပ ပြုလုပ်သုံးစွဲနေသူများကို တွေ့မြင်ကြားသိရပါက လုပ်ငန်းအကျိုးစီးပွား ထိခိုက်နစ်နာမှု၊ ကုန်ကျ သမျှသော အရပ်ရပ်စရိတ် ငွေကြေးများ အတွက် လျော်ကြေးငွေများ တောင်းခံသွားနိုင်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ မည်သည့်တရားရုံးတွင်မဆို တရားမကြောင်းအရဖြစ်စေ၊ ရာဇဝတ်ကြောင်းအရဖြစ်စေ ယင်းသို့ တုပပြုလုပ်သည့် လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားများကို ပယ်ဖျက်ပေးသည်အထိ တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးစိုင်းဆိုင်ခုံး ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စန်းစန်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် –၁၀၈၁၂)**
**ရုံးအမှတ် (၆၂)၊ အခန်းအမှတ် (၁)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာချက်

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ ကမ်းနီကျေးရွာအုပ်စု၊ ကမ်းနီကွင်း၊ ကွင်းအမှတ်(၁၁၀၄)၊ ဦးပိုင်အမှတ်(၁၈၆/၁)၊ ဧရိယာ(၃. ၈၁)ဧက၊ လယ်မြေအမျိုးအစား၊ အမည်ပေါက်လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ရရှိထားသူဒေါ်မိုးဖြူ(၇/ပခန(နိုင်)၂၅၈၁၂၅)ထံမှကျွန်ုပ်၏မိတ်ဆွေတစ်ဦးကအပြီးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက်ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို(စရန်ငွေ) အဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်စပ်လျဉ်း၍ အကျိုးခံစားခွင့်တစ်စုံတစ်ရာရှိကြောင်းဖြင့် ကန့်ကွက်အရေးဆိုလိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်မာလုံလောက်သော အထောက်အထားများနှင့်တကွ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက ကန့်ကွက်သူ မရှိကြောင်း မှတ်ယူလျက် အရောင်းအဝယ်ကိုဥပဒေနှင့်အညီ အထမြောက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်တင်တင်မြ (LL.B,LL.M,D.B.L)　　တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၁၄)
အမှတ်(၁၄/မြေညီ)၊ ရွှေဂုံတိုင်လမ်း(တာမွေOceanရှေ့)၊ ဗဟန်းမြို့နယ်။ ဖုန်း-၀၉၅၀၄၇၃၈၃

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ သူရလမ်း၊ အမှတ် (၁၀၅)နေ ဦးအောင်စိုး [၁၂/မရက(နိုင်)၀၇၆၂၄၃] နှင့် ဒေါ်ခင်အုံးတင့် [၁၂/မရက(နိုင်)၁၀၂၉၃၅]တို့၏ အငယ်ဆုံးသမီးဖြစ်သူ မမြတ်သစ္စာခင်(ခ)ပြည့်ပြည့် [၁၂/မရက(နိုင်)၁၉၆၂၂၇]သည် မိဘ၊ ညီအစ်ကို မောင်နှမများ၏ ဆိုဆုံးမမှုကို လိုက်နာခြင်းမရှိဘဲ မိဘနှစ်ပါးနှင့် ညီအစ်ကိုမောင်နှမများအပေါ် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင်ဆောင်ရွက်ခြင်း၊ ပတ်ဝန်းကျင်တွင် အရှက်ရ၊ ဂုဏ်သိက္ခာထိခိုက်နစ်နာအောင် ဆောင်ရွက်ခြင်းများပြုလုပ်ပြီး၊ ၎င်း၏သဘောဆန္ဒအလျောက် (၁၀–၁၀–၂၀၂၃)ရက်နေ့တွင် နေအိမ်မှဆင်းသွားသဖြင့် ဤကြော်ငြာပါသည့်နေ့ရက်မှစပြီး မမြတ်သစ္စာခင်(ခ)ပြည့်ပြည့်အား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ထို့အပြင် ၎င်းနှင့်ပတ်သက်သော ပြဿနာအရှုပ်အရှင်းကိစ္စအရပ်ရပ်သည် မိဘ၊ ညီအစ်ကိုမောင်နှမများနှင့် လုံးဝသက်ဆိုင်ခြင်းမရှိသည့်အပြင် ၎င်း၏မည်သည့် ပြဿနာကိစ္စရပ်ကိုမျှ မိဘများမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်မာထွန်း (LL.B, D.B.L)**　　**ဦးထွန်းလင်းကျော် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၀၇၃)**　　**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၀၁၅)**
**အင်းစိန်ရှေ့နေအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။ ဖုန်း– ၀၉–၄၄၈၀၀၈၇၁၆**

## သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းဖြေ၏

## ကြော်ငြာစာ
## တိုက်ကြီးမြို့နယ်တရားရုံး
## ၂၀၂၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်–၃

ရဲမှူးချုပ်မောင်စိုး(ငြိမ်း)　　-------------　　လျှောက်ထားသူ

**(စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေပုဒ်မ ၆၆(က)အရ မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားသည့်အမှု)**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၃)ရပ်ကွက်၊ နံ့သာဖြူလမ်း၊ အမှတ်(၁၀၀)တွင်ရှိ ရဲမှူးချုပ်မောင်စိုး(ငြိမ်း)က စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေပုဒ်မ ၆၆(က)အရ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ (၂၉–၇–၂၀၂၂) နေ့စွဲပါ သဘောတူစာချုပ်အား မှတ်ပုံတင်စေသည့် အမိန့်ချမှတ်ပေးပါရန် လျှောက်ထားချက်ရှိသဖြင့် အဆိုပါအမှုတွင် ၎င်းတို့အပြင်(လာရောက်လျှောက်ထားစွဲဆိုရန် သင့်လျော်မည်ဟုအထင်ရှိလျှင် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်)၊ (၁၃၈၅ ခုနှစ် သီတင်းကျွတ်လဆုတ် ၁၁ ရက်)နေ့ နံနက် (၁၀:၀၀)နာရီ၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးအားဖြင့် သော်လည်းကောင်း၊ လာရောက်ရင်ဆိုင်ဆိုရန်နှင့် မှုခင်းမှတ်တမ်းများကိုကြည့်ရှုရန် ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်း တစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ဤရုံးတော်ကဆိုခဲ့သော ရဲမှူးချုပ်မောင်စိုး(ငြိမ်း) ၏ လျှောက်လွှာအပေါ် စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှု၏ အကြောင်းတရားတွင် စီရင်ချက်ချမှတ်မည်ဖြစ်ကြောင်း ကြေညာစာထုတ်ဆင့်လိုက်သည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၉ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇာနည်မြင့်ဝေ)**
**မြို့နယ်တရားသူကြီး**
**တိုက်ကြီးမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်မြို့မဈေး၊ ရုံအမှတ်(၁)၊ ဆိုင်ခန်းအမှတ်(၃၅)အား နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ခရေအိမ်ရာ၊ တိုက်(၃၃) အခန်း(၁၂)နေ ဒေါ်ခင်လေးတင့် [၁၂/လကန(နိုင်)၁၇၄၇၇၀] အမည်ပေါက်ပိုင်ဆိုင်ပြီး နေပြည်တော်၊ ဒက္ခိဏသီရိ မြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြရွှေဝါလမ်း၊ အမှတ် (ဒ–၆၀၇၂)နေ ဦးသန်းထွန်းအေး [၁၂/မဘန(နိုင်)၁၂၄၆၉၆]သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်နေ့မှ (၁၄)ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဈေးများဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်မြို့မဈေး၊ ရုံအမှတ်(၁)၊ ဆိုင်ခန်းအမှတ်(၁၀၊ ၂၀)အား ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြို့နယ်၊ (၉၄)ရပ်ကွက်၊ (၁၁)လမ်းနေ ဒေါ်စီစီထွန်း [၁၂/သဃက(နိုင်)၀၀၆၂၇၅] အမည်ပေါက်ပိုင်ဆိုင်ပြီး နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြရွှေဝါလမ်း၊ အမှတ် (ဒ–၆၀၇၂)နေ ဦးသန်းထွန်းအေး [၁၂/မဘန(နိုင်)၁၂၄၆၉၆]သို့ အခွန်ထမ်းအမည် ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာ ပါသည့်နေ့မှ (၁၄)ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဈေးများဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်မြို့မဈေး၊ ရုံအမှတ်(၁)၊ ဆိုင်ခန်း အမှတ်(၂၆)အား ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နယ်၊ ကျိုင်းခုံ– ရပ်ကွက်(၁)၊ အမှတ် (၆၆)နေ ဒေါ်နန်းရှမ်အမ်း [၁၃/ကတန(နိုင်)၁၀၉၆၂၂] အမည်ပေါက်ပိုင်ဆိုင်ပြီး နေပြည်တော်၊ ဒက္ခိဏသီရိ မြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြရွှေဝါလမ်း၊ အမှတ်(ဒ–၆၀၇၂)နေ ဦးသန်းထွန်းအေး [၁၂/မဘန(နိုင်)၁၂၄၆၉၆]သို့ အခွန်ထမ်း အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်နေ့မှ (၁၄)ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာ အပ်ပါသည်။

**ဈေးများဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အညာစုကွက်၊ ဦးပိုင်အမှတ်– က/၁၁၆ (ခ)၊ (အလျား ၂၆/၃၀ ပေx အနံ ၂၇/၂၆ ပေ) အကျယ်အဝန်းရှိ ဘိုးဘွားပိုင်မြေဟုခေါ်တွင်သော ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သောက်တော်တွင်းရပ်ကွက်၊ ဘုရားလမ်းသွယ် (ဣန္ဒိတံလမ်း)၊ အမှတ် (၇၉/က)၊ မြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိကိုယ်တိုင် တရားဝင် လက်ရောက်ပိုင်ဆိုင်ပြီး၊ မိမိကိုယ်တိုင် စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ချိုချိုမြင့် [၁၂/သလန(နိုင်)၀၂၀၀၇၉]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်၏ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများယူဆောင်၍ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါမြေကွက်၏ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးမောင်မောင်သူရ (မြောင်းမြ)**　　**ဦးဇေယျာထွန်း (LL. B)**
**LL. B, A.G.T.I (EP), D.B.L, D.M.L**　**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၅၃၂)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၈၁၀၈)**
**ဒေါ်ချယ်ရီလှိုင် (LL.B)**　　**ဦးစိုးလွင်ဦး (LL. B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၆၁)**　**အထက်တန်းရှေ့နေ(စဉ်–၃၇၉၈၁)**
**အမှတ်–၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၅၁၈၄၀၄၂ ၊ ၀၉–၇၃၁၁၅၁၀၅၊**
**၀၉–၄၂၁၁၀၈၅၅၁၊ ၀၉–၄၂၅၂၈၇၁၃၄**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်– ၅ ၊ နည်းဥပဒေ ၁ နှင့် ၅)
## သဃ်န်းကျွန်းခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၈၁

ဒေါ်ငွေငွေ　　နှင့်　　၁။ ဦးကြိုင်
　　　　　　　　　　၂။ ဒေါ်ကျင်လှိုင်
　　　　　　　　　　၃။ ဦးခင်မောင်သိန်း

**တရားလို**　　　　**တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ မန္တလေးလမ်း၊ အမှတ် (၁၂)၊ ပထမထပ်ရပ်နေ (၁) (၂) တရားပြိုင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ကတိပဋိညာဉ်အတိုင်း အိမ်၊ မြေအရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု"ဖြင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက် (၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်) နေ့ မွန်းမတည့်မီ (၁၀း၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေ ရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၃)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇင်ဇင်ခိုင်)**
**ဒုတိယခရိုင်တရားသူကြီး (၁)**
**သဃ်န်းကျွန်းခရိုင်တရားရုံး**

## ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်စံပြကျေးရွာ(တောင်ပိုင်း) ရွှေစေတီ (၁)လမ်း အမှတ်(၁၅/၁၇)ရှိ အလျား(၂၀)ပေx အနံ(၆၀)ပေရှိ မြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်စံပြကျေးရွာ(တောင်ပိုင်း) ရွှေစေတီ(၁)လမ်း အမှတ်(၁၅/၁၇)ရှိ အလျား(၂၀)ပေx အနံ (၆၀)ပေရှိ မြေကွက်၏ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အား ဦးရဲထူး [၁၂/ကမရ(နိုင်)၀၁၃၆၀၄၈] ကိုင်ဆောင်သူမှ တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုကာ ရောင်းချရန်ကမ်းလှမ်းခဲ့သောကြောင့် ကျွန်ုပ်၏မိတ်ဆွေ ဦးရဲမင်းအောင်က အပြီးအပိုင်ဝယ်ယူရန်အတွက် အထက်ပါမြေကွက်၏ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ အထက်ပါမြေကွက်၏ ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)များနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အထက်ပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရဲမင်းအောင်၏ ညွှန်ကြားချက်အရ**
**ဦးဇေယျာထွန်း(စဉ်–၁၁၂၈၄)**　　**ဒေါ်သီတာလှိုင် (စဉ်–၁၃၃၅၇)**
**(တရားလွှတ်တော်ရှေ့နေ)**　　**(တရားလွှတ်တော်ရှေ့နေ)**
**နိဗ္ဗာန်(၄)လမ်း၊ ဇရပ်ကွင်း၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၄၂၁၉၆၁၀၁၄၊ ၀၉–၄၀၂၅၃၂၄၂၄**

## ကြော်ငြာစာ
## တိုက်ကြီးမြို့နယ်တရားရုံး
## ၂၀၂၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်–၂

ဒေါ်ခင်ဝင်းရီ　　-------------------　　လျှောက်ထားသူ

**(စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေပုဒ်မ ၆၆(က)အရ မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားသည့်အမှု)**

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၅၄) တွင်ရှိ ဒေါ်ခင်ဝင်းရီက စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေပုဒ်မ ၆၆(က)အရ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ (၂၉–၇–၂၀၂၂)နေ့စွဲပါ သဘောတူစာချုပ်အား မှတ်ပုံတင်စေသည့် အမိန့်ချမှတ်ပေးပါရန် လျှောက်ထားချက်ရှိသဖြင့် အဆိုပါအမှုတွင် ၎င်းတို့အပြင် (လာရောက်လျှောက်ထားစွဲဆိုရန် သင့်လျော်မည်ဟု အထင်ရှိလျှင် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်) (၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၁၁ ရက်)နေ့ နံနက် (၁၀:၀၀)နာရီ၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျ အမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးအားဖြင့်သော်လည်းကောင်း လာရောက်ရင်ဆိုင်ဆိုရန်နှင့် မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန် ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့လာရောက်ခြင်း တစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ဤရုံးတော်ကဆိုခဲ့သော ဒေါ်ခင်ဝင်းရီ၏ လျှောက်လွှာအပေါ် စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှု၏ အကြောင်းတရားတွင် စီရင်ချက်ချမှတ်မည်ဖြစ်ကြောင်း ကြေညာစာထုတ်ဆင့်လိုက်သည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၉ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇာနည်မြင့်ဝေ)**
**မြို့နယ်တရားသူကြီး**
**တိုက်ကြီးမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ ဈေး(၂)လမ်း၊ အကွက်အမှတ်(၂၅)၊ ဗိုလ်ချုပ်ရေနံစက်ကွက်၊ ဦးပိုင်အမှတ်(၂၂/က)၊ လ/န ၃၉ ရပြီး မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ဦးဘတင်အမည်ဖြင့် မြေနေရာချထားပေးသော မြေကွက် ဧရိယာ (၉.၉၁၀)ဧကအနက်မှ မြေကွက်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ်– ၂၅၁/၂၀၂၀ အရ ဦးကျော်ကျော်ဝယ်ယူပိုင်ဆိုင်ထားသည့် ဧရိယာ (၀.၀၇၂)ဧက အကျယ်ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင် လက်ဝယ်ထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးကျော်ကျော် (ဘ) ဦးမြသွင် [၇/တငန(နိုင်)၁၃၃၆၀၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးမြတ်မွန် [၁၂/သလန(နိုင်)၀၀၉၆၁၆]က နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ်ကတိစာချုပ်ချုပ်ဆို၍ ငွေအပြေအကျေပေးချေပြီး လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါကြောင်းနှင့် အဆိုပါ ဝယ်ယူထားသည့်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဒေါ်အေးမြတ်မွန်နှင့်သာ သက်ဆိုင်ပါကြောင်း၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သီရိဦး (LL.B) (LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၂၃၀)**
**အမှတ်(၉)၊ မဂ္ဂင်လမ်း၊ ပဲခူးစုရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း– ၀၉–၄၂၀၁၉၇၈၆၊ ၀၉–၇၉၉၂၉၁၈၃**

## (၄)ရက်အတွင်း ကံကောင်းကျန်းမာ ချမ်းသာခြင်း။

မိမိ မိသားစုနှင့် (ချစ်ခင်မြတ်နိုးသူတို့နှင့်......)
အိုးမကွာ အိမ်မကွာ ပြည့်ပြည့်စုံစုံ ပျော်ပျော်ရွှင်ရွှင်......
"ချမ်းသာ"ရမည်။ လက်တွေ့/ယခုဘဝ, လိုရာရရှိ ပြည့်ဝ
ချမ်းသာလိုလျှင် ...... ဖုန်းဆက်, "ဦးထွန်း"(UTBE)
**Ph:09-444621800, 09-250002477**

## မိဘအမည်မှန်

ဝမ်းတွင်းမြို့နယ်၊ ဂုဏ်ရွာကျေးရွာမှ မနှင်းစုဝေ၊ မောင်ကောင်းထက်စံတို့၏ မိဘအမည်မှန်မှာ ဦးဝင်းမင်းထိုက်[၉/ဝတန(နိုင်)၁၇၇၈၃၃]နှင့် ဒေါ်အေးအေးမြင့်[၉/ဝတန(နိုင်)၁၈၈၂၃၆]ဖြစ်ပါကြောင်း။
**ဦးဝင်းမင်းထိုက်+ဒေါ်အေးအေးမြင့်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
## အစိုးရနည်းပညာကောလိပ်/သိပ္ပံ/ ကျောင်းများတွင် လစ်လပ်လျက်ရှိသော အမှုထမ်းရာထူးနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ တိုင်းဒေသကြီး/ပြည်နယ်/နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများအတွက် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများတွင် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံပြီးလျှောက်ထားလိုသူများသည် လျှောက်လွှာများကို မိမိနှင့်နီးစပ်ရာ တိုင်းဒေသကြီး/ ပြည်နယ်/ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျောင်းများတွင် လျှောက်လွှာတင်သွင်းနိုင်ပါသည်-

| စဉ် | ရာထူး၊ လစာနှုန်း | ပညာအရည်အချင်း | ခန့်အပ်မည့်ဦးရေ |
|---|---|---|---|
| (က) | နည်းပြ (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | B.E(Civil, EC, EP, Mech, IT, MC) | (၂၁၅)ဦး |
| | | B.Com/ B.Econ(Eco)/ B.Act မဟာဘွဲ့ တက်ရောက်ရန် အရည်အချင်း ပြည့်မီသူ | (၁၀)ဦး |
| | | B.A/ B.Sc(Myan, Eng, Phys, Chemistry, Maths) မဟာဘွဲ့ တက်ရောက်ရန် အရည်အချင်းပြည့်မီသူ | (၇၅)ဦး |
| (ခ) | စက်မှုကျွမ်းကျင်(၄) (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | AGTI (Civil, EC, EP, Mech, IT) ဒီပလိုမာလက်မှတ်ရရှိသူ | (၁၅၀)ဦး |
| (ဂ) | စက်မှုကျွမ်းကျင်(၅) (၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | GTHS(BT, EcT, ET, AMT, MT, IT, RACT) သင်တန်းဆင်း လက်မှတ်ရရှိသူ | (၁၀၀)ဦး |
| | | **စုစုပေါင်း** | **(၅၅၀)ဦး** |

၂။ အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများအား အလုပ်လျှောက်လွှာခေါ်ယူသွားမည်ဖြစ်ပါသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၃၁-၁၀-၂၀၂၃ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး (၃၅)နှစ်ထက် မကျော်သူ ဖြစ်ရမည်။
(ဂ) ဝန်ထမ်းအဖြစ် ခန့်ထားခြင်းခံရပါက နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနတွင် တစ်ဆက်တည်း လုပ်သက် အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
(ဃ) ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
(င) ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများ တက်ရောက်နိုင်သူ ဖြစ်ရမည်။
(စ) ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။
(ဆ) အကျင့်စာရိတ္တကောင်းမွန်သူ ဖြစ်ရမည်။

၃။ လျှောက်ထားလိုသူများသည် လျှောက်လွှာပုံစံများအား သတင်းစာကြော်ငြာပါသည့်နေ့မှစ၍ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ Website www.dtvet.gov.mm တွင် download ရယူ၍ သော်လည်းကောင်း၊ နီးစပ်ရာ အစိုးရနည်းပညာကောလိပ်၊ သိပ္ပံ၊ ကျောင်းနှင့် ဌာနများတွင် လျှောက်လွှာများကို ထုတ်ယူ၍ သော်လည်းကောင်း အောက်ဖော်ပြပါ စာရွက်စာတမ်းများ ပူးတွဲလျက် ၁၀-၁၁-၂၀၂၃ ရက်နေ့ နောက်ဆုံးထား၍ နီးစပ်ရာကျောင်းများသို့ တိုက်ရိုက်တင်သွင်း လျှောက်ထားရမည်-
(က) ဘွဲ့လက်မှတ် (သို့မဟုတ်) ယာယီဘွဲ့ထောက်ခံစာ၊ AGTI ဒီပလိုမာလက်မှတ်၊ GTHS သင်တန်းဆင်းလက်မှတ် မိတ္တူ။
(ခ) (၆)လအတွင်းရိုက်ထားသော ပတ်စပို့ဓာတ်ပုံ(၃)ပုံ၊ အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင် လက်မှတ်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။
(ဂ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ဌာနအဖွဲ့အစည်းအကြီးအမှူး၏ ခွင့်ပြုကြောင်း ထောက်ခံချက် မူရင်း။
(ဃ) ဝန်ထမ်းမဟုတ်သူများအတွက် (၁)နှစ်အတွင်း ပြုလုပ်ထားသော သက်တမ်းရှိ အလုပ်သမားမှတ်ပုံတင် မိတ္တူ။
(င) (၁)လအတွင်း ပြုလုပ်ထားသော ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးထောက်ခံစာမူရင်း။
(စ) (၁)လအတွင်း ပြုလုပ်ထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက် မူရင်း။
(ဆ) လျှောက်လွှာပိတ်ရက် မတိုင်မီ (၁)လအတွင်း ရရှိထားသည့် ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံချက် မူရင်း။

၄။ လျှောက်ထားသူသည် ဝန်ထမ်းဖြစ်ပါက မိမိတာဝန်ထမ်းဆောင်နေသည့် ဌာနမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီးမှ လျှောက်ထားရန်ဖြစ်ပြီး အချိန်မီစေရန် လျှောက်လွှာတစ်စောင်ကို ကြိုတင်မိတ္တူဟုရေးသားပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနသို့ ပေးပို့နိုင်ပါသည်။

၅။ အရည်အချင်းသတ်မှတ်ချက်နှင့် ကိုက်ညီသည့် နည်းပြရာထူးနှင့် စက်မှုကျွမ်းကျင်(၄)ရာထူးနေရာများအတွက် လျှောက်ထားသူများသည် မိမိလျှောက်လွှာတင်သွင်းခဲ့သည့် သက်ဆိုင်ရာ ကောလိပ်၊ သိပ္ပံနှင့် ကျောင်းများတွင် ရေးဖြေစာမေးပွဲ ဝင်ရောက်ဖြေဆိုပြီး၊ အောင်မြင်လျှင် လူတွေ့စာမေးပွဲဖြေဆိုရမည်။

၆။ စက်မှုကျွမ်းကျင်(၅)ရာထူးနေရာများအတွက် လျှောက်ထားလာသူ GTHS သင်တန်းဆင်း လက်မှတ်ရများအား လူတွေ့စစ်ဆေးမှု ပြုလုပ်မည်ဖြစ်ပါသည်။

၇။ လူတွေ့စစ်ဆေးချိန်တွင် (ဘွဲ့လက်မှတ် (သို့မဟုတ်) ယာယီဘွဲ့ထောက်ခံစာ၊ AGTI ဒီပလိုမာလက်မှတ်၊ GTHS သင်တန်းဆင်းလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်၊ အလုပ်သမားမှတ်ပုံတင်)မူရင်းများ တင်ပြနိုင်ရမည်။

၈။ ရေးဖြေအောင်မြင်သူစာရင်းနှင့် အလုပ်ခန့်အပ်ခြင်းခံရသူများစာရင်းအား Website www.dtvet. gov.mm နှင့် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်၊ သိပ္ပံ၊ ကျောင်းနှင့် ဌာနများတွင် ကြေညာသွားမည်ဖြစ်ပါသည်။

၉။ လျှောက်လွှာနှင့် စပ်လျဉ်း၍ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အချက်အလက်မပြည့်စုံသူများနှင့် သတ်မှတ်ထားသောရက်ထက် နောက်ကျ ရောက်ရှိလာသော လျှောက်လွှာများကို (လုံးဝ) လက်ခံစဉ်းစားမည် မဟုတ်ပါ။

၁၀။ ရေးဖြေစာမေးပွဲ ဖြေဆိုခွင့် ကတ်ပြားများကို ၁၆-၁၁-၂၀၂၃ ရက်နေ့နှင့် ၁၇-၁၁-၂၀၂၃ ရက်နေ့များတွင် မိမိတို့ လျှောက်ထားခဲ့သည့်ကျောင်းနှင့် ဌာနများ၌ ရုံးချိန်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အတူ ကာယကံရှင်ကိုယ်တိုင် လာရောက်ထုတ်ယူရမည် ဖြစ်ပါသည်။

၁၁။ ရေးဖြေအောင်မြင်သူများနှင့် GTHS သင်တန်းဆင်းလက်မှတ်ရများ၏ လူတွေ့စစ်ဆေးခြင်းကို ၃-၁-၂၀၂၄ ရက်နေ့မှ ၅-၁-၂၀၂၄ ရက်နေ့အထိ နံနက်(၉:၀၀)နာရီတွင် ကျင်းပဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၁၂။ ရေးဖြေစာမေးပွဲ စစ်ဆေးမှုအား အောက်ဖော်ပြပါအတိုင်း ကျင်းပသွားမည် ဖြစ်ပါသည်-

| စဉ် | ဖြေဆိုရမည့်ဘာသာရပ် | နေ့ရက် | အချိန် |
|---|---|---|---|
| (က) | မြန်မာစာ | (၁၈-၁၁-၂၀၂၃) | နံနက် ၁၀:၀၀ နာရီ မှ ၁၂:၀၀ နာရီ အထိ |
| (ခ) | အထွေထွေဗဟုသုတ | (၁၈-၁၁-၂၀၂၃) | မွန်းလွဲ ၁:၀၀ နာရီ မှ ၃:၀၀ နာရီ အထိ |
| (ဂ) | အင်္ဂလိပ်စာ | (၁၉-၁၁-၂၀၂၃) | နံနက် ၁၀:၀၀ နာရီ မှ ၁၂:၀၀ နာရီ အထိ |

**မှတ်ချက်။** အသေးစိတ်အချက်အလက်များအား သိရှိလိုပါက မိမိလျှောက်ထားသည့် သက်ဆိုင်ရာ အစိုးရနည်းပညာကောလိပ်၊ သိပ္ပံ၊ ကျောင်းနှင့် ဌာနများတွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ဗဟိုဆေးသိုလှောင်ရေးဌာန
## အမှတ် (၅၇)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ဗဟိုဆေးသိုလှောင်ရေးဌာန (ရန်ကုန်) ဝန်ထမ်းအိမ်ရာဝင်းအတွင်းရှိ အလျားပေ (၈၀) x အနံပေ (၂၀)၊ အမြင့်ပေ (၅၀) ရှိ (၆) ခန်းတွဲ (၄)ထပ် အုတ်တိုင်သံကူကွန်ကရစ် အဆောက်အဦအဟောင်း (၁)လုံးအား ဖျက်သိမ်းခြင်းနှင့် ဆယ်တင်ပစ္စည်းများ ရောင်းချခြင်းလုပ်ငန်းကို အိတ်ဖွင့်တင်ဒါခေါ်ယူ၍ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါလုပ်ငန်းအား အောက်ပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။
(က) တင်ဒါဖောင်စတင်ရောင်းချမည့်နေ့ရက်နှင့်အချိန် - ( ၁၃ - ၁၀ - ၂၀၂၃ ) ရက်နေ့၊ ရုံးချိန်အတွင်း
(ခ) တင်ဒါဖောင်ပိတ်သိမ်းမည့်နေ့ရက်နှင့်အချိန် - ( ၁၃ - ၁၁ - ၂၀၂၃ ) ရက်နေ့၊ ရုံးချိန်အတွင်း
(ဂ) တင်ဒါဖွင့်ဖောက်စစ်ဆေးမည့်နေရာ - ဗဟိုဆေးသိုလှောင်ရေးဌာန (ရန်ကုန်) အမှတ်(၅၇)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
(ဃ) တင်ဒါဖွင့်ဖောက်စစ်ဆေးမည့်နေ့ရက်နှင့် အချိန်အား ဆက်သွယ်အကြောင်းကြားမည် ဖြစ်ပါသည်။

၃။ တင်ဒါခေါ်ယူခြင်းနှင့် စပ်လျဉ်း၍ မေးမြန်းစုံစမ်းလိုပါက ဖုန်းနံပါတ် ၀၁ - ၃၇၄၄၉၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**
**ဗဟိုဆေးသိုလှောင်ရေးဌာန (ရန်ကုန်)**

## U LIFE SOLUTIONS MYANMAR CO.,LTD
## (ယူလိုက်(ဖ်)ဆလူးရှင်း(စ်)မြန်မာကုမ္ပဏီလီမိတက်)
## အစုရှင်များဆန္ဒအရစာရင်းရှင်းလင်းဖျက်သိမ်းခြင်း

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ၃၅၇(က)အရယူလိုက်(ဖ်) ဆလူးရှင်း(စ်)မြန်မာကုမ္ပဏီလီမိတက်(U LIFE SOLUTIONS MYANMAR CO.,LTD.)၏စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအပြီးသတ်အစည်းအဝေးကို**၂၀၂၃ခုနှစ်၊အောက်တိုဘာလ၊(၃၁)ရက်နေ့ နံနက်(၁၀:၀၀)နာရီ** တွင်အမှတ်(၈၇)၊ဦးကွန်းဇော်ကွန်ဒို၊ဦးကွန်းဇော်ရိပ်သာလမ်း၊ကန်လမ်း၊လှိုင်မြို့နယ်၊ရန်ကုန်မြို့ရှိကုမ္ပဏီ၏အစည်းအဝေးခန်းမတွင်ကျင်းပမည်ဖြစ်ပါသဖြင့်အစုရှင်များနှင့်တကွဖိတ်ကြားထားသူများအားလုံးမပျက်မကွက်တက်ရောက်ကြပါရန်ဖိတ်ကြားအပ်ပါသည်။

ဒေါ်ခင်သန့်ဇင်ဦး
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ယူ လိုက်(ဖ်)ဆလူးရှင်း(စ်)မြန်မာကုမ္ပဏီလီမိတက်

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၄၂၊မြေကွက်အမှတ်-၁၀၆၉၊မြေကွက်တည်နေရာအမှတ်(၁၀၆၉)၊သခင်အုန်းဖေကြီးလမ်း၊ ဦးမြင့်ဟန်(CF-၀၀၁၂၄၃)အမည်ပေါက်နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအားအမည်ပေါက်-ဦးမြင့်ဟန်(ခင်ပွန်း)ကွယ်လွန်သဖြင့်ဇနီးဖြစ်သူဒေါ်မြင့်မြင့်အေး(၁၂/သကတ(နိုင်)၀၁၆၄၀၇)မှမိမိသည်သာတစ်ဦးတည်းသောတရားဝင်ဇနီးဖြစ်ကြောင်း၊မိမိမှလွဲ၍အခြားသောအမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊မိမိသည်သာတရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ကျမ်းကျိန်လွှာ၊ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊(ခင်ပွန်း)ဦးမြင့်ဟန်၏သေဆုံးမှုလက်မှတ်၊ဂရန်၊နိုင်/ကတ်နှင့်ဒေါ်မြင့်မြင့်အေးထံမှ GP No.၁၇၂၁၈/၂၀၂၂(၂၀-၉-၂၀၂၂)ဖြင့်ရရှိသူဦးစောအာနီး(၁၂/ကမရ(နိုင်)၀၃၁၁၁၁)မှ အထွေထွေကိုယ်စားလှယ်လွှဲစာ၊အထွေထွေကိုယ်စားလှယ်လွှဲစာပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့်အထွေထွေကိုယ်စားလှယ်လွှဲစာအားပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်းကျမ်းကျိန်လွှာတို့တင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်နှင့်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာခြင်းအားတရားဝင်နိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅ အိပ်ချ်၊ မြေကွက်အမှတ် ၄၂၄၊ ဧရိယာ(၈၀၀)စတုရန်းပေ၊ မြေကွက်တည်နေရာအမှတ်(၁၈)၊ နီလာလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဒေါ်တင်မေ[၁၂/ဗဟန(နိုင်)၀၆၄၇၀၁]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဗဟန်းမြို့နယ်တရားရုံး၏တရားမကြီးမှုအမှတ်-၁၅/၂၀၂၂(၂-၂-၂၀၂၃)အရ တရားလိုဦးထင်ကျော်မှ တရားပြိုင်ဒေါ်တင်မေအပေါ် အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသောနေအိမ်တို့အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးရန် တစ်ဖက်သတ်စီရင်ချက် အနိုင်ဒီကရီ၊ တာဝန်ခံမိတ္တူမှန်၊ တရားမဇာရီမှုအမှတ်-၁/၂၀၂၃(၁၉-၅-၂၀၂၃)အရ တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်း ၃၄(၄)(၅)(၆)တို့အရ ဘီလစ်ခန့်ထားသည့်အမိန့်(တာဝန်ခံမိတ္တူမှန်)၊ (၁၂-၆-၂၀၂၃)ရက်စွဲဖြင့် ဘီလစ်ခန့်အပ်ကြောင်း အကြောင်းကြားစာ၊ နှစ် (၆၀)ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ တရားရုံးကိုယ်စား(ဘီလစ်)ဒေါ်လွင်လွင်မြင့်[၁၂/ရကန(နိုင်)၀၀၀၅၇၃]မှ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အ ထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

(၅၆) ကြိမ်မြောက် ၁,၀၀၀ ကျပ်တန် အောင်ဘာလေ အွန်လိုင်းသိန်းဆုထီကို (၁.၁၀.၂၀၂၃) ရက်နေ့မှ စတင်ရောင်းချပေးနေပြီး ဆုမဲများကို သီးခြားခွဲ၍ ဖွင့်လှစ်ချီးမြှင့်ပေးသွားမည်ဖြစ်လို့ အွန်လိုင်းမှဝယ်ယူ ကံစမ်းသူများ အနေဖြင့် ထီဆုကြီးများနှင့် ဆုမဲပေါင်းများစွာ ကံထူးနိုင်တော့မည်ဖြစ်ကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။
**နိုဝင်ဘာလ (၁)ရက်နေ့ ထီဖွင့်မည်။**
aungbarlay.ird.gov.mm
App Store Google Play

## အိမ်ခြံမြေအရောင်းအဝယ်ကို ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ကိုးဆူကျေးရွာအုပ်စု၊ သဲဂရက်ကျေးရွာ၊ အမှတ်-၂၉၊ ဧရိယာအကျယ်အဝန်း အလျား (၈၀ ပေ နှင့် အနံ ၅၀ပေ)ရှိ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အိမ်အပါအဝင် သီးပင်စားပင်မြေပေါ် မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ခင်မျိုးမင်း [၉/ဝတန(နိုင်)၁၀၂၈၄၇]မှ ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်း ကင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိုးပိုင် [၁၁/စတန(နိုင်)၀၆၀၉၉၉]က အရှုပ်အရှင်း ကင်းရှင်းကြောင်းယုံကြည်စွာဖြင့် အပြီးအပြတ်ဝယ်ယူကာ ငွေကြေးများ အပြည့်အဝပေးချေထားပြီးဖြစ်၍ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့စာရွက်စာတမ်းမူရင်း အထောက်အထားများဖြင့် ကြော်ငြာပါသည့်နေ့မှစ၍ (၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်းလာရောက်ကန့်ကွက်မည့်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဝယ်ယူထားသည့် အိမ်ခြံမြေ၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဥပဒေနှင့်အညီ ဆက်လက်၍လက်ရောက်နေထိုင်၊ ပြုပြင်ရောင်းဝယ်ခြင်းများ လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုးပိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထူးသန္တာဦး (LL.B) (CBL, DBL) IP(Wipo Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၈၃)**
**အမှတ်-၀၀၂၊ တိုက်-၈၊ အေ-၂လမ်း၊ (၉၂)ရပ်ကွက်၊ ယုဇနအိမ်ရာဝင်း၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၀၄၄၁၀၀၇၀၊ ၀၉-၇၈၇၀၈၀၃၃၇**

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း"

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၇)ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ်-၆၀၉(က)၊ ဧရိယာအကျယ်(၂၀x၆၀)ပေရှိ မြေနှင့် မြေပေါ်ဆောက်လုပ်ထားသော အဆောက်အဦအပါအဝင် ရေ၊ မီး အစုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို အရှုပ်အရှင်းမရှိ ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်သည်ဟု ဝန်ခံကတိပြုသည့် ဒေါ်ချိုချိုနွဲ့ [၁၂/အလန(နိုင်) ၀၃၅၀၃၅] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကုလား [၈/နမန(နိုင်)၀၄၄၉၆၉]မှ ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါကြောင်းနှင့် ယင်းမြေကွက်နှင့် ပတ်သက်၍ အခြားကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာစာပါသည့်နေ့မှစတင်၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့် တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**တင်ပြလွှဲအပ်ချက်အရ**
**ဒေါ်ဖြိုးပပ ( LL.B )**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၅၇)**
**အခန်း-၂၀၆၊ တိုက်-၃၈၊ မင်းရှင်စောလမ်းသွယ်(၂)၊ ကျန်စစ်မင်းအိမ်ရာ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၄၁၇၉၄၈၂**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅ )
## ကျောက်တန်းမြို့နယ်တရားရုံးတော်၌
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၀

| | | |
|---|---|---|
| ဒေါ်ကေစီလှိုင် | နှင့် | ဒေါ်စိုးကြည် |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့၊ အလယ်ပိုင်းရပ်ကွက်၊ လမ်းမတော်လမ်း၊ အမှတ်-၁၂၁ နေ ဒေါ်စိုးကြည် (ဘ)ဦးကြည်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ကေစီလှိုင်က ပဋိညာဉ်အတိုင်း စာချုပ်စာတမ်းမှတ်ပုံတင်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ(၁၈)ရက်၊ (၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နှယ်မွန်စု)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ကျောက်တန်းမြို့နယ်တရားရုံး**

## ရန်ကုန်တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်အထူးစိုက်ပျိုးမွေးမြူရေးအထူးဇုန်အတွင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ကွန်ကရစ်လမ်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ရန်ကုန်တိုင်းဒေသကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် အောက်ပါအစီအစဉ်အတိုင်း ရောင်းချသွားမည်ဖြစ်ပါသည်-

(က) တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် - ၁၂-၁၀-၂၀၂၃ရက် (ကြာသပတေးနေ့)

(ခ) တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက် - ၂၇-၁၀-၂၀၂၃ရက်(သောကြာနေ့) ၁၆:၃၀နာရီအထိ

(ဂ) တင်ဒါတင်သွင်းရမည့်နေရာ - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ အမှတ်(၁၁+၁၂)၊(၉၁)ရပ်ကွက်၊ ဇလွန်မြစ်(၃)လမ်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊

၃။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာများအား ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် လာရောက်ကြည့်ရှုခြင်းဖြင့်လည်းကောင်း၊ ရုံးဖုန်း- ၀၉-၂၅၃၆၆၂၉၀၂ နှင့် ၀၉-၄၅၁၃၉၂၂၀၇ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

### အများသိစေရန်ကြေညာချက်

၁။ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ ဓေဘာဂီလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(ဈ)၊ မြေကွက်အမှတ်(၇၈၂+၇၈၃)၊ အမှတ်(၇၈၂+၇၈၃)တွင် (၈)ထပ်တိုက် (Slab Roof) (Lift ၂စင်းပါ) အဆောက်အဦ ဆောက်လုပ်ခွင့်အား မြေရှင်ဦးစိုင်းလုံ၊ မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာ ဦးဝင်းမော် (RSE-Construction-2561)နှင့် လိုင်စင်ရကန်ထရိုက်တာ ဦးမြင့်အေး (LC-470)တို့ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၏ ၂၀-၅-၂၀၂၁ ရက်စွဲပါစာအမှတ်၊ ၁၃၈/၁၃၉/စည်ပင်-ယာ(အုံ) ဖြင့် ဆောက်လုပ်ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

၂။ ယခုအခါ အဆိုပါ (၈)ထပ်တိုက် (Slab Roof) (Lift ၂စင်းပါ) အဆောက်အဦအား ဆောက်လုပ်ရန် ဆန္ဒမရှိတော့ပါသဖြင့် ဆောက်လုပ်ခွင့်ပြုမိန့်အား ပယ်ဖျက်ပေးပါရန် မြေရှင်၊ လိုင်စင်ရကန်ထရိုက်တာနှင့်မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာတို့မှ တင်ပြလျှောက်ထားလာခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-ဇုန်-၅၊မြေကွက်အမှတ်-၁၈၉ ဧရိယာ(၁.၀၀၅)ဧက၊မြေကွက်တည်နေရာအမှတ်-၁၈၉၊ရွှေရင်အေးဘုရားလမ်း၊စက်မှုဇုန်(၅)၊(၁၇)ရပ်ကွက်၊လှိုင်သာယာမြို့နယ်၊ဦးလှဝင်း(ခ)မောင်မောင် (N/OKA-၀၄၃၆၉၅)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားအမည်ပေါက် ဦးလှဝင်း(ခ)မောင်မောင်(၁၂/လမန(နိုင်)၁၀၀၁၀၇)(N/OKA-၀၄၃၆၉၅) ကိုယ်တိုင်မှနိုင်ငံသားစိစစ်ရေးကတ်၊နှစ်(၆၀)ဂရန်မူရင်းတို့တင်ပြ၍အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာမြေရာဇဝင်မှတ်ချက်ရှိ ၂၀၀၄ခုနှစ်တွင်ဦးလှဝင်း(ခ)မောင်မောင်မှမေတ္တာဖြင့်အပိုင်ပေးစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားခဲ့ခြင်းနှင့်ပတ်သက်၍ယင်းမြေပုံမူရင်းမှာအထားအသိုမှားယွင်း၍ပျောက်ဆုံးကြောင်း၊အဆိုပါမေတ္တာဖြင့်အပိုင်ပေးမြေပုံဖြင့်မည်သူတစ်ဦးတစ်ယောက်ကိုမျှအပိုင်ပေးကမ်းခြင်းမရှိ၊အရောင်းအဝယ်ပြုလုပ်ခြင်းမရှိ၊လွှဲပြောင်းထားခြင်း၊ရောင်းချထားခြင်း၊ပေါင်နှံထားခြင်း၊ပေးကမ်းထားခြင်း၊စွန့်လွှတ်/လှူဒါန်းထားခြင်းတို့မရှိဘဲအမှန်ပင်ပျောက်ဆုံးသွားပါကြောင်း (၂၂-၉-၂၀၂၃)ရက်စွဲပါတရားရုံးကျမ်းကျိန်လွှာတင်ပြလာသဖြင့်တရားဝင်နိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉) ရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ် (၉၉၁) ဟုခေါ်တွင်သည့် နှစ်(၆၀) ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားရှိသည့် (၂)ခန်းတွဲ (၈ ထပ်ခွဲတိုက်) အဆောက်အဦ၏ မြေညီထပ် (ခြေရင်းခန်း)ဟုခေါ်တွင်သော အကျယ်အဝန်း (၁၉'x၅၄')ရှိ တိုက်ခန်း(၁)ခန်းနှင့် အဆိုပါတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားလျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိထားပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံသူ ဦးမြင့်သူ [၁၃/တကန(နိုင်)၀၅၇၄၆၀]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါရောင်းချမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့်အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ဇာလွင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၅၀၈)**
**အမှတ်-၃၃/၄၉၊ အခန်း(၂)၊ Strand Condo (ပ)ထပ်၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၃၁၄၄၆၆၇**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးအောင်မျိုးထွန်း [၁၂/ဆကခ(နိုင်)၀၀၇၂၂၈] ပိုင်ဆိုင်သော ရတနာမင်း(၁)၊ ရညန/ရက-၁၁၆၁ သဲလှေရေယာဉ်လုပ်ငန်းလိုင်စင် အပိုင်း ၁ ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဦးအောင်မျိုးထွန်း**
**ဖုန်း-၀၉-၇၈၅၁၇၅၃၅၇**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ) ရပ်ကွက်၊ အကွက်အမှတ် တတ-၃၊ ဦးပိုင်အမှတ်(၅၄)/၆၀ x ၆၁ ကြား၊ အောင်ဆန်းနှင့် အနော်ရထာလမ်းကြားရှိ တကကကြည်ဝင်း အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဒေါ်သန်းဆင့်က တရားပြိုင် တကကကြည်ဝင်းအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော် တရားမကြီးမှုအမှတ် (၇၁/၂၀၂၃)ဖြင့် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိသူ ဒေါ်သန်းဆင့် [၈/မမန(နိုင်)၀၇၄၇၈၆]က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ် ၅၁၆-က/၁၀၊ ဦးပိုင်အမှတ်(၁၆)/၇၃ နှင့် ပရန်တော်ချောင်ကြား၊ မင်္ဂလာလမ်းနှင့် MITC စီမံကိန်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်ကျော်ဝင်း (ခ) ရန်ကွေ့ယုံ [၁၃/တယန(နိုင်)၀၀၀၃၀၅]၊ ဥက္ကဋ္ဌ (New Starlight Construction Co., Ltd)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် ဟ-၇၊ ဦးပိုင်အမှတ် (၁၄)/၆၈ လမ်း၊ ၁၁၆x၁၁၇ လမ်းကြားရှိ ဦးတင်ထွန်း အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဒေါ်အေးအေးမာ၊ ဒေါ်ဒေစီ(၎င်းတို့၏ GP ရသူ ဦးစန်းနိုင်ဝင်း)က တရားပြိုင် ဦးတင်ထွန်းအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်၊ တရားရုံးတော် တရားမကြီးမှုအမှတ် (၆၈/၂၀၂၃)ဖြင့် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိသူ ဦးစန်းနိုင်ဝင်း[၅/တဆန(နိုင်)၁၂၇၈၂၇]က တောဂရန်စာချုပ်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## စက်မှုဝန်ကြီးဌာန အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း အမှတ်(၂၄)အကြီးစားစက်ရုံ(ဒဂုံ)ရှိ မြေ(၁.၃၉)ဧကနှင့် ၎င်းမြေပေါ်ရှိ အဆောက်အဦ (၃)လုံး ပုဂ္ဂလိကသို့ ငှားရမ်းဆောင်ရွက်ရန်အတွက် စိတ်ဝင်စားမှုဖော်ပြခြင်းအဆိုပြုလွှာ (Expression of Interest – EoI) ခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ တောင်ဒဂုံစက်မှုဇုန်(၁)၊ (၂၃)ရပ်ကွက်၊ မိုးကုတ်လမ်း၊ အမှတ်(၄၇၆)တွင် တည်ရှိသည့် မြေ(၁.၃၉)ဧကနှင့် ၎င်းမြေပေါ်ရှိ အဆောက်အဦ (၃)လုံးတွင် စက်မှုလုပ်ငန်းဆောင်ရွက်ခြင်းနှင့် သိုလှောင်ရုံအဖြစ်အသုံးပြုရန် ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ကာလတို (၅)နှစ် ငှားရမ်းဆောင်ရွက်နိုင်ရန်အတွက် စိတ်ဝင်စားမှုဖော်ပြခြင်းအဆိုပြုလွှာ (Expression of Interest-EoI) ခေါ်ယူသွားမည် ဖြစ်ပါသည်။

၂။ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်လိုသော ပြည်တွင်း / ပြည်ပကုမ္ပဏီများသည် ၎င်းတို့၏ စိတ်ဝင်စားမှုအဆိုပြုလွှာကို စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ စီမံရေးဌာန၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်သို့လိပ်မူ၍ (၃၁-၁၀-၂၀၂၃)ရက်နေ့ ညနေ (၃:၀၀)နာရီ (မြန်မာစံတော်ချိန်)အရောက် ပေးပို့တင်ပြရမည်ဖြစ်ပါသည်။

၃။ အဆိုပြုလွှာပုံစံနှင့် အခြားသက်ဆိုင်ရာ စာရွက်စာတမ်းများကို လုပ်ငန်းဆောင်ရွက်ရန် စိတ်ဝင်စားကြောင်းဖော်ပြသည့် တင်ပြစာ၊ ကုမ္ပဏီဆိုင်ရာအထောက်အထားများနှင့် သက်တမ်းရှိ ကုမ္ပဏီမှတ်ပုံတင် တင်ပြ၍ အထက်ပါလိပ်စာတွင် (၂၉-၉-၂၀၂၃)ရက်နေ့မှစ၍ လာရောက်ထုတ်ယူနိုင်ပါသည်။

[သိရှိလိုသည်များကို ဆက်သွယ်မေးမြန်းရန် ဖုန်း- ၀၆၇-၄၀၈၆၇၅၊ ၀၆၇-၄၀၈၆၇၆]

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် ၉၊ ဦးပိုင်အမှတ်(၇၈)/ ၅၅x၅၆ ကြား၊ ၁၀၃x၁၀၄ ကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မြင့်မြင့်ကြူ [၉/မရတ(နိုင်)၀၉၈၆၄၁]၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၂၈၉/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးထွန်းထွန်းဦး(ခ) ဦးဇော်မင်းအောင် [၉/မဟမ(ပြု)၀၀၀၀၂၁]က မြေကွက်၏ မြေချထားမိန့်အကြောင်းကြားစာမူရင်း၊ ဂရန်မူရင်း၊ ငွေရပြေစာမူရင်းများ၊ မြေစာရင်းပုံစံ(၁၀၅) မူရင်းတို့မှာ ဒေါ်မြင့်မြင့်ကြူ၏ လက်ဝယ်တွင် အသိမ်းလွန်၍ ပျောက်ဆုံးသွားကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ တောမှမြို့ပြောင်း၊ ဂရန်ပျောက်၊ သက်တမ်းတိုး လျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀) ကျောက်တံတားခရိုင် တရားရုံးတော် ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၉၉

ညွှန်ကြားရေးမှူးချုပ် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ နေပြည်တော် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးအောင်လင်းသော်၊ ဦးစီးအရာရှိ ) — တရားလို

နှင့်

၁။ ဝါဝါဝင်းကျန်းမာရေးစောင့်ရှောက်မှုသမဝါယမအသင်းလီမိတက်
၂။ ဦးရဲထွန်း (ဥက္ကဋ္ဌ၊ ဝါဝါဝင်းကျန်းမာရေးစောင့်ရှောက်မှုသမဝါယမအသင်းလီမိတက်) — တရားပြိုင်များ

**ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ ဘုန်းကြီးလမ်း၊ အမှတ်(၇၄)နေ (၁)တရားပြိုင် ဝါဝါဝင်းကျန်းမာရေးစောင့်ရှောက်မှုသမဝါယမအသင်းလီမိတက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ အနော်ရထာလမ်း၊ (၅)လွှာ၊ အမှတ်(၁၈၃)နေ (၂)တရားပြိုင် ဦးရဲထွန်း(ဥက္ကဋ္ဌ၊ ဝါဝါဝင်းကျန်းမာရေးစောင့်ရှောက်မှု သမဝါယမအသင်းလီမိတက်) (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။**

သင့်အပေါ်၌တရားလို ညွှန်ကြားရေးမှူးချုပ် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးအောင်လင်းသော်၊ ဦးစီးအရာရှိ)က ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ ဘုန်းကြီးလမ်း၊ အမှတ်(၇၄)၊ မြေညီထပ်အခန်းနှင့်စပ်လျဉ်း၍ တစ်လလျှင်ကျပ် ၁၅၀၀၀၀၀ိ/ (ကျပ်တစ်ဆယ့်ငါးသိန်းတိတိ)နှုန်းဖြင့် (၂၀လx၁၅၀၀၀၀၀)အတွက် စုစုပေါင်းငှားရမ်းခ ကြွေးကျန် ၃၀၀၀၀၀၀၀ိ/ ကျပ်သိန်းသုံးရာတိတိ)ကို ပေးအပ်ခြင်းမရှိသည်ကာလအတွက် အတိုးနှင့်တကွ ကြွေးကျန်ငွေများကို လက်ရောက်ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်၊ (၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၂ ရက်)နေ့ မွန်းမတည့်မီ ၁၀:၃၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် (၁) စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇော်သူရ)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**ကျောက်တံတားခရိုင်တရားရုံး**

## သက်ဆိုင်သူများနှင့် အများသိစေရန်ကြေညာခြင်း

CANADA နိုင်ငံ၊ MONTREALမြို့နှင့် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ ကြံခင်းစုရပ်ကွက်၊ သီတာလမ်း၊ အမှတ်(၁၂)နေ ဒေါ်ချိုသန္တာ [၁၂/မဂဒ(နိုင်)၀၉၁၄၇၆]ကို ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ သက်ဆိုင်သူများနှင့် အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဒေါ်ချိုသန္တာ၏ မိခင်ဖြစ်သူ ဒေါ်မြင့်မြင့်သိန်း [၁၂/မဂဒ(နိုင်)၀၆၇၆၇၃] သည် (၂၆-၉-၂၀၂၃)ရက်နေ့တွင် ကွယ်လွန်သွားခဲ့ပါသည်။ ဒေါ်မြင့်မြင့်သိန်း မကွယ်လွန်မီ (၁၀-၅-၂၀၀၅)ရက်နေ့က ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်ရပ်ကွက်၊ ရေတာရှည်လမ်းဟောင်း၊ အမှတ်(၁၁၈)တွင် ဆောက်လုပ်ထားသော (၆)ထပ်တိုက်၏ (၄)လွှာ၊ အခန်းအမှတ် (B-၄၀၂) အကျယ်အဝန်း (၂၀'x၅၀')ရှိတိုက်ခန်းကို ဒေါ်ကြည်အောင် [၁၂/ဗဟန(နိုင်)၀၁၂၅၃၆]ထံမှ ဝယ်ယူ၍ လက်ရှိလက်ဝယ်ထား ပိုင်ဆိုင်ခဲ့ပါသည်။

ယခုအခါ မိခင်ဖြစ်သူ ဒေါ်မြင့်မြင့်သိန်းမှာ ကွယ်လွန်သွားပြီဖြစ်၍ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ တစ်ဦးတည်းသော သမီးဖြစ်သူ ဒေါ်ချိုသန္တာသည် မိခင်ပိုင်ဆိုင်မှုအားလုံး၏ ပိုင်ရှင်ဖြစ်လာပါသောကြောင့် အထက်ဖော်ပြပါတိုက်ခန်းကို ဒေါ်ချိုသန္တာ၏ သဘောတူညီမှုမရှိဘဲ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ မည်သူတစ်ဦး တစ်ယောက်ကမျှ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ အငှားချထားခြင်း၊ လှူဒါန်းခြင်း၊ ပေးကမ်းခြင်း၊ အပေါင်ထားခြင်း၊ အာမခံအဖြစ်တင်သွင်းခြင်း၊ စွန့်လွှတ်ခြင်းစသည့် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုလုပ်ရန်(သက်ဆိုင်သူများ ) သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဤကြေညာချက်ကို လိုက်နာမှုမရှိပါက တည်ဆဲဥပဒေများအရ တရားတစ်ထုံး စွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် ဒေါ်ချိုသန္တာ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်ချိုသန္တာ** | **ဦးဝင်းဗိုလ် (H.G.P, LL.B)** |
| **[၁၂/မဂဒ(နိုင်)၀၉၁၄၇၆]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၉၁)** |
| | **အမှတ်-၈၊ ဥက္ကာ(၁)လမ်း၊ (ဂ)ရပ်ကွက်၊** |
| | **မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။** |
| | **ဖုန်း- ၀၉-၅၁၈၀၉၈၅** |

## သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာခြင်း

CANADA နိုင်ငံ၊ MONTREAL မြို့နှင့် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ ကြံခင်းစုရပ်ကွက်၊ သီတာလမ်း၊ အမှတ်(၁၂)နေ ဒေါ်ချိုသန္တာ [၁၂/မဂဒ(နိုင်)၀၉၁၄၇၆]ကို ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ သက်ဆိုင်သူများနှင့် အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဒေါ်ချိုသန္တာ၏ မိခင်ဖြစ်သူ ဒေါ်မြင့်မြင့်သိန်း [၁၂/မဂဒ(နိုင်)၀၆၇၆၇၃] သည် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ ကြံခင်းစုရပ်ကွက်၊ သီတာလမ်း၊ အမှတ်(၁၂)တွင် ဆောက်လုပ်ထားသော နှစ်ထပ်တိုက်တွင်နေထိုင်ပြီး (၂၆-၉-၂၀၂၃) ရက်နေ့တွင် ကွယ်လွန်သွားခဲ့ပါသည်။

ဒေါ်မြင့်မြင့်သိန်းသည် မကွယ်လွန်မီ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ (၂၃) ရက်နေ့တွင် အမွေရရှိထားသော ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ ကြံခင်းစုရပ်ကွက်၊ သီတာလမ်း၊ အမှတ်(၁၂)ရှိ မြေအကျယ်အဝန်း (၁၂'x၆၇') မြေကွက်နှင့် (၁၅-၄-၂၀၂၃)ရက်နေ့တွင် အထက်ပါလိပ်စာတူမြေကွက်၏ မြေအကျယ်အဝန်း (၁၂'x၆၇')ကို ဒေါ်နွေးနွေးအောင် [၉/မမန(နိုင်)၀၀၂၁၃၁]ထံမှ ဝယ်ယူခဲ့ပြီး စုစုပေါင်း မြေအကျယ်အဝန်း (၂၄'x၆၇')ပေါ်၌ (၂၁'x၆၅') အကျယ်အဝန်းရှိ နှစ်ထပ်တိုက်တစ်လုံးဆောက်လုပ်၍ နေထိုင်ခဲ့ပါသည်။

ယခုအခါ မိခင်ဖြစ်သူ ဒေါ်မြင့်မြင့်သိန်းမှာ ကွယ်လွန်သွားပြီဖြစ်၍ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ တစ်ဦးတည်းသော သမီးဖြစ်သူ ဒေါ်ချိုသန္တာသည် မိခင်ဖြစ်သူ၏ ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့ပြောင်းနိုင်သောပစ္စည်းများအားလုံး၏ ပိုင်ရှင်ဖြစ်လာပါသောကြောင့် အထက်ဖော်ပြပါ နှစ်ထပ်တိုက်ကို ဒေါ်ချိုသန္တာ၏ သဘောတူညီမှုမရှိဘဲ ခွင့်ပြုချက်တစ်စုံတစ်ရာ မရရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ အငှားချထားခြင်း၊ လှူဒါန်းခြင်း၊ ပေးကမ်းခြင်း၊ အပေါင်ထားခြင်း၊ အာမခံအဖြစ် တင်သွင်းခြင်း၊ စွန့်လွှတ်ခြင်းစသည့် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုလုပ်ရန် (သက်ဆိုင်သူများ) သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဤကြေညာချက်ကို လိုက်နာမှုမရှိပါက တည်ဆဲဥပဒေများအရ တရားတစ်ထုံး စွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် ဒေါ်ချိုသန္တာ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်ချိုသန္တာ** | **ဦးဝင်းဗိုလ်(H.G.P, LL.B)** |
| **[၁၂/မဂဒ(နိုင်)၀၉၁၄၇၆]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၉၁)** |
| | **အမှတ်-၈၊ ဥက္ကာ(၁)လမ်း၊ (ဂ)ရပ်ကွက်၊** |
| | **မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။** |
| | **ဖုန်း- ၀၉-၅၁၈၀၉၈၅** |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ အရှေ့ဒဂုံမြို့နယ်၊ (၁၆)ရပ်ကွက်၊ မြေတိုင်း ရပ်ကွက်အမှတ် (၁၃၈)၊ မြေကွက်အမှတ် (၃၉၉)ဟုခေါ်တွင်သော အကျယ်အဝန်းအားဖြင့် အလျား (၄၀)ပေx အနံ(၆၀)ပေ ကျယ်ဝန်းသော ဦးလှမြင့်အမည်ပေါက်ဖြင့် မြေအမျိုးအစား (ပါမစ်မြေ)နှင့်ပတ်သက်၍ အရပ်စာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လက်ရှိလက်ဝယ်ထား ရောင်းချပိုင်ခွင့်ရှိပြီး အမွေစားအမွေခံမှစ၍ အမှုခင်းအရှုပ်အရှင်းကင်းရှင်းပါကြောင်း (ပါမစ်)မူရင်းနှင့်တကွ ဆက်စပ်စာချုပ်စာရွက်စာတမ်းများ မှန်ကန်ပါကြောင်း လက်ရှိလက်ဝယ်ထားပိုင်ဆိုင်ပြီး လူနေမှုအနေအထားဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိပါကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူ ဒေါ်အေးအေးလှ(ခ)ဒေါ်အေးဆုရည် [၁၂/မရက(နိုင်)၀၅၃၁၃၉]မှ ကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မို့မို့ဆွေ [၁၂/မရက(နိုင်)၀၀၃၆၂၂]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် (၁၀-၁၀-၂၀၂၃)ရက်နေ့တွင် ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အရောင်းအဝယ်ပြုလုပ်သည့် (ပါမစ်)မြေကွက်၏ မြေပေါ်မြေအောက်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်သော အမွေစားအမွေခံအပါအဝင် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်မာသော (မူရင်း)စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သဲနုဝင်း LLB.,DBL**
**အထက်တန်းရှေ့နေ စဉ်-၄၅၅၇၇/၂၆-၁-၂၀၁၅**
**အမှတ်-၆၀(B-2)၊သီရိလမ်း၊၂- ရပ်ကွက်၊လှိုင်မြို့နယ်**
**ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၅၀၀၄၆၆၈၆၊ ၀၉-၄၀၁၁၅၄၆၀၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ ၁၃-လမ်း၊ အမှတ်(၅၁၅)ဟုခေါ်တွင်သော အကျယ်အဝန်း အလျား ၄၀ပေ x အနံ ၆၀ ပေရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ဝယ်ထားရှိပိုင်ဆိုင်ထားသူ ဒေါ်မြစိန် [၉/ ပဘန(နိုင်)၀၇၁၄၂၀] နှင့် ဒေါ်တင်ဇာဝင်းပြည့် [၉/ပဘန(နိုင်)၂၂၅၃၀၆] တို့က အရှုပ်အရှင်းကင်းစွာဖြင့် လက်ရှိထား ပိုင်ဆိုင်ကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုရာ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ ပေးချေထားပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုလျှင် ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်သည်။ သတ်မှတ်ရက်ကျော်လျှင် ဥပဒေနှင့်အညီ အရောင်းအဝယ်ကိုအပြီးသတ်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးရှင်ငြိမ်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၆၄၄)**
**အမှတ်-၅၂၊ ၅၆-လမ်း၊ ပုဇွန်တောင်မြို့နယ်။**
**ဖုန်း-၀၉-၄၀၅၀၈၁၆၅၈**

## အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်နေ အဖ ဦးအောင်ကျော်ကျော်၏သားဖြစ်သူ မောင်ဖြိုးခန့်ကျော် [၉/အမဇ(နိုင်)၀၄၀၂၂၈]သည် မိဘများ၏ဆိုဆုံးမမှုကို မနာခံပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ကျော်ကျော်**

## အရွယ်မရောက်သေးသူများအတွက်အုပ်ထိန်းသူအဖြစ် ခန့်ထားရန်လျှောက်ထားကြောင်း အကြောင်းကြားစာ

**(အုပ်ထိန်းသူနှင့်အုပ်ထိန်းခံရသူတို့အက်ဥပဒေပုဒ်မ-၁၁)**
**မရမ်းကုန်းခရိုင်တရားရုံးတော်**
**၂၀၂၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၅၃**

**ဒေါ်ခင်ချမ်းမြေ့** — **လျှောက်ထားသူ**
**အမှတ်(၈၈၃)၊ (၂)လမ်း**
**(၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။**
**ရန်ကုန်တိုင်းဒေသကြီး။**

အမှတ်(၈၈၃)၊ (၂)လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ မောင်လင်းသန့်ဇင်အား အထက်ပါလိပ်စာတွင်နေထိုင်သော ဒေါ်ခင်ချမ်းမြေ့က အထက်အမည်ပါရှိသော အရွယ်မရောက်သေးသူ မောင်လင်းသန့်ဇင်၏ အစ်မအရင်းတော်စပ်သူဖြစ်သည်ဟူ၍ ၎င်းမောင်လင်းသန့်ဇင်၏ ကိုယ်နှင့်ပစ္စည်းတို့ကို အုပ်ထိန်းသူအဖြစ် ခန့်ထားပါမည့်အကြောင်း လျှောက်ထားသည်ဖြစ်၍ ထိုသို့လျှောက်ထားခြင်းကို လူအများသိစေရန်အလို့ငှာ ဤကြေညာစာကို ထုတ်ဆင့်လိုက်သည်။ ထိုသို့လျှောက်ထားချက်ကို ၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ(၁)ရက်၊ (၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၃ရက်)နေ့တွင် ဆိုင်ဆိုရန်ချိန်းဆိုလိုက်သည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၁၁)ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(အောင်သန့်)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**မရမ်းကုန်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ - ၂၀)**
**မင်္ဂလာဒုံခရိုင်တရားရုံး**
**၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၂၂**

၁။ မသီတာမြ — နှင့် — ဦးဇော်မျိုးအေး
၂။ မအေးအေးသင်း
၃။ မစုစုအောင်
၄။ မလှယမင်းဆွေ

**(တရားလိုများ)** — **(တရားပြိုင်)**

**အမှတ်(၃၅၅)၊ ရွှေနံ့သာလမ်း၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး နေ (ယခုနေရပ်လိပ်စာမသိ) တရားပြိုင် ဦးဇော်မျိုးအေး သိစေရမည်။**

သင့်အပေါ်၌ **တရားလို မသီတာမြပါ-၄ က "(၁၇-၃-၂၀၂၃) ရက်စွဲပါ ကတိပဋိညာဉ်အရ တရားပြိုင်ထံမှ ရရန်ကျန်ရှိငွေကျပ် (၉၆) သိန်းနှင့် နစ်နာကြေးငွေကျပ် (၁၀) သိန်း စုစုပေါင်းငွေကျပ် (၁၀၆) သိန်းကျပ် ရလိုမှု"** ကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်ကို ချေပပြောဆိုနိုင်သည့် သင့်ကိုယ်စားလှယ် ရုံးအခွင့်ရ အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့် ပါ၍ဖြစ်စေ **၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ(၂၆) ရက်** (မွန်းမတည့်မီ ၁၀:၀၀) နာရီတွင် အထက်အမည် ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့ သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေရာတွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ(၄) ရက်က တင်သွင်းရမည်။

**၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၁၄)ရက်နေ့**တွင် ဤရုံးတော်တံဆိပ်ခတ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အမိန့်ဆင့်စာခလွတ်
ငွေ......ရရှိပြီး

**(အေးအေးသိန်း)**
စာရေးကြီး — **ဒုတိယခရိုင်တရားသူကြီး**
**မင်္ဂလာဒုံခရိုင်တရားရုံး**

## အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေ/မြောက်ရပ်ကွက်၊ ပြည်လမ်း၊ အခန်း(၄၀၆)၊ ၄-လွှာ၊ အမှတ်(၃၄၆/၃၅၄)နေ ချင်တုန်ယု(ခ) ဦးမြင့်သိန်းလွင် မှတ်ပုံတင်အမှတ်[၁၂/လသန(နိုင်)၀၀၃၉၇၂]မှ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၊ Twin Centro Tower အခန်းအမှတ်(၁၁၀၅)နေ ဦးစိုင်းဝင်းမြင့်ဦး(ဘ)ဦးအုန်းမြင့် မှတ်ပုံတင်အမှတ်[၁၃/ကမန(နိုင်)၀၆၂၅၂၃]ထံသို့ (၂၂-၆-၂၀၂၃) ရက်နေ့တွင် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် လွှဲပေးခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(VI/၁၁၆၆၁)အား ဤကြော်ငြာစာပါသည့်နေ့မှစ၍ ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ချင်တုန်ယု(ခ)ဦးမြင့်သိန်းလွင်**
**[၁၂/လသန(နိုင်)၀၀၃၉၇၂]**

## "နေထိုင်ပိုင်ဆိုင်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၇)၊ ရတနာမြိုင်လမ်း၊ မြေကွက်အမှတ်(၃၁/ခ)၊ ဦးစိန်မောင်(TKA-၀၈၀၀၁၂)အမည်ပေါက်သည့် ပါမစ်မူရင်းပါ မြေအကျယ်ပေ(၂၀ x ၆၀)ရှိ မြေနှင့် ယင်းမြေပေါ်ရှိ နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် အမည်ပေါက်သူ ဦးစိန်မောင်ထံမှတစ်ဆင့် အဆင့်ဆင့်အရပ်ကတိစာချုပ်တို့ဖြင့် ဦးကျော်ကျော်ဌေး [၁၂/ဒဂတ(နိုင်)၁၁၂၉၆၄]မှ ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ အရှုပ်အရှင်းကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ဦးမောင်ကျော်ဇံ [၁၁/မဥန(နိုင်)၀၁၉၈၉၆]+ဒေါ်မဖြူ [၁၁/မဥန(နိုင်)၀၂၂၂၃၅] တို့မှ (၂၄-၂- ၂၀၂၃)ရက်နေ့တွင် "အိမ်၊ ခြံမြေ နှစ်ဦးသဘောတူ အရောင်းအဝယ်ကတိ စာချုပ်" ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ပြီး ယနေ့တိုင် နေထိုင်လျက်ရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမောင်ကျော်ဇံ + ဒေါ်မဖြူ တို့၏ညွှန်ကြားချက်အရ**
**ဒေါ်ဝေဝေခိုင် (ခ) ဒေါ်မြမြဌေး (H.G.P, LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၆၀၅/၂၀-၇- ၁၉၉၈)**
**ရုံး (ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၅၄၀၇၂၂၉**

## "ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဆပ်သွားတောကွင်း၊ အကွက်အမှတ်အမည်-၅၄၇၊ (ကျွန်းတောမြောက်)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၅/၂)၊ (၀.၁၀)ဧရိယာ၊ အလျား-၁၂၀' x အနံ ၃၅' ရှိ (၃-ခ)မြေကွက်အား ဒေါ်နွဲ့နွဲ့အေး အမည်ပေါက်ချမှတ်ပေးအပ်ပိုင်ဆိုင်ပြီး **ယခုအခါ ဒေါ်နွဲ့နွဲ့အေး အမည်ပေါက်မြေကွက်နှင့် အဆောက်အဦအကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်သီတာခိုင် [၅/ကလဝ(နိုင်)၀၀၀၆၉၃] မှ (၁၂-၆-၂၀၁၇) နေ့စွဲပါ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ်-BI ၆ ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူထံမှ ကျွန်ုပ်မိတ်ဆွေက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ပိုင်းဖြစ်သော စရန်ငွေများကို** ပေးချေဝယ်ယူထားပြီးဖြစ်သဖြင့် အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက **ယနေ့မှစ၍ (၁၄)ရက်အတွင်း** ခိုင်လုံသောပိုင်ဆိုင်အကျိုးခံစားခွင့် အထောက်အထားစာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်မောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၅)**
**၄/၂၅၈၊ သုနန္ဒာလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**Ph:09-451127297, 09-252091432, 09-696595660**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့ ၊ လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်၊ (၈)ရပ်ကွက်၊ ပဒေသာ (၇)လမ်း၊ အမှတ်(၂၅၆/ခ)၊ ပါမစ်အမည်ပေါက် ဒေါ်သန်းကြည်၏ ပေ (၂၀ x ၆၀) မြေကွက် နှင့် အိမ် အား ဆက်စပ်စာချုပ်များအရ ယခုလက်ရှိပိုင်ဆိုင်သူ ဒေါ်လှကြည်[၁၂/အစန(နိုင်)၀၁၁၇၅၄]ထံမှ ကျွန်ုပ် ဦးညီညီလွင် [၁၀/ မဒန(နိုင်)၁၆၇၈၂၄]ကိုင်ဆောင်သူ သည် ၁၀-၁၀-၂၀၂၃ ရက်နေ့တွင် အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအား ပေးချေထားပြီးဖြစ်သည်။ သို့ဖြစ်ပါ၍ အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိသူ မည်သူမဆို ယခုကြော်ငြာပါသည့်နေ့မှ (၂)ပတ်အတွင်း ပိုင်ဆိုင်မှု အထောက်အထား စုံလင်စွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူ တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဆက်လက်၍ လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

**ဦးညီညီလွင်**
**[၁၀/ မဒန (နိုင်) ၁၆၇၈၂၄]**
**အမှတ်(၁၅၉)၊ က(၃)လမ်း၊ က+ခရပ်ကွက်၊ အင်းစိန်မြို့နယ်။**
**ဖုန်း-၀၉-၇၉၈၉၃၃၂၈၂၊ ၀၉-၂၆၀၁၉၇၃၂၃**

## "ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၃၄)၊ လူနေရပ်ကွက်အမှတ်(၁၀)၊ ဝေါလမ်း၊ မြေကွက်အမှတ်-၉၉(က)၊ ဦးသောင်း အမည်ပေါက် မြေချပါမစ်ထွက်ရှိထားသော အကျယ်အဝန်း (၂၀x၆၀)ပေ ရှိ မြေကွက်နှင့် မြေကွက်အမှတ်-၉၉(ခ)၊ ဦးဟန်ညွှန့် အမည်ပေါက် မြေချပါမစ်ထွက်ရှိထားသော အကျယ်အဝန်း (၂၀x၆၀)ပေ ရှိ မြေကွက်အနက်မှ မြေကွက်အမှတ်-၉၉(က) နှင့်ကပ်လျက်ရှိသော အကျယ်အဝန်း (၁၀x၆၀)ပေရှိ မြေကွက်များနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"

ဖော်ပြပါမြေကွက်များ၏ မြေချပါမစ်မူရင်းများမှာပျောက်ဆုံးလျက်ရှိပြီး အဆိုပါမြေကွက်များ၏လက်ရောက်ပိုင်ဆိုင်ခွင့်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဆက်စပ်စာချုပ်အရပ်ရပ်ဖြင့်ဝယ်ယူပြီး ၎င်းမှသာ လက်ဝယ်ထားရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်လဲ့လဲ့ခိုင် [၁၄/မအန(နိုင်)၀၀၆၈၄၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန်းဇော်ဦး [၈/ရစက(နိုင်)၁၅၇၃၃၀]မှ ဝယ်ယူရန်အတွက် ရောင်းကြေးငွေ အနက်မှ စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ယင်းမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက် အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အားဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိ ပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယဉ်နှင်းဝေ (LL.B,D.B.L)**
**အထက်တန်းရှေ့နေ (စဉ်-၅၀၄၄၆)**
**အမှတ်(၁၈၇)၊ သံတောင်လမ်း၊ (၁၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၉၆၃၆၄၄၅၁၇**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တံတိုင်း၊ ရေတွင်း အလှူရှင် ဒါယိကာမကြီး**

## ဒေါ်ဂျယ်နီစော(ခ)ဒေါ်ရင်ရင်မြ

**ဌာနခွဲမှူး(ငြိမ်း)၊ စက်မှု(၁)**

**အသက် (၉၀)**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အင်းလျားမြိုင်လမ်းနေ (ဦးစောဂျစ်အီး-ဒေါ်ခူပိုးစင်း)တို့၏ သမီးငယ်၊ (ဒေါက်တာနော်မာစော)၊ (ဦးစောဝွမ်တိတ်-ဒေါ်ကျင်လှိုင်)တို့၏ ညီမ၊ ဗဟန်းမြို့နယ်၊ အင်းလျားမြိုင်လမ်းနေ ဦးသန်းလွင် [လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ စက်မှုဆေးဝါး၊ စက်မှု(၁)]၏ ချစ်လှစွာသောဇနီး၊ ဦးစိုးမင်းအောင်-ဒေါ်ဝင်းယဉ်မင်းတို့၏ ချစ်လှစွာသောမွေးသမိခင်၊ မလှိုင်ကေဇင်သူ၊ မောင်ချမ်းမြအောင်၊ မြေး ငါးယောက်တို့၏ ချစ်လှစွာသောအဘွား၊ (ဦးစိုးမောင်-ဒေါ်သန်းသန်းအေး) တို့၏ ညီမ၊ ဦးကျော်ကျော်-(ဒေါ်ဝင်းဝင်းဌေး)၊ (ဦးအောင်မြတ်)-ဒေါ်တင်တင်သိန်း၊ ဒေါ်မူမူသိန်းတို့၏ အဒေါ် ဒေါ်ဂျယ်နီစော(ခ)ဒေါ်ရင်ရင်မြသည် ၁၂-၁၀-၂၀၂၃ ရက် မွန်းလွဲ ၂:၄၃ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၀-၂၀၂၃ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးတင်ဝေ (အဆင့်မြင့်ပညာဦးစီးဌာန) (ဘာသာပြန်-ငြိမ်း)

**အသက်(၈၁)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ ကျောက္ကာရွာနေ (ဦးသံဖေ-ဒေါ်သိန်းညွန့်)တို့၏သား၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ ပွဲစားတန်းလမ်း၊ အမှတ်(၃၁)နေ (ဦးဟိုစိန်-ဒေါ်ကျင်တီ)တို့၏ သားသမက်၊ (ဒေါ်သန်းအေး)၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးလှကျော်-ဒေါ်အေးစန္ဒာဝေ)၊ ဦးသိုက်သိုက်ထွန်း-ဒေါ်နွယ်နွယ်ထွေး၊ မအေးသန္တာဝေတို့၏ ချစ်လှစွာသောဖခင်၊ မမြတ်ကေသီ၊ မောင်ပြည့်စုံအောင်၊ မောင်မိုးမြင့်အောင်၊ မဆုပြည့်ထွန်း၊ မောင်ဟန်မင်းသိုက်ထွန်းတို့၏ ချစ်လှစွာသောအဘိုး ဦးတင်ဝေသည် ၁၁-၁၀-၂၀၂၃ (ဗုဒ္ဓဟူးနေ့) ည ၇ နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ၁၅-၁၀-၂၀၂၃ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးတင်ဝေ(တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ ကျောက္ကာရွာ)

**အသက်(၈၁)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ ကျောက္ကာရွာနေ (ဦးသံဖေ-ဒေါ်သိန်းညွန့်)တို့၏ သား၊ (ဦးအောင်သန်းကြည်-ဒေါ်အေးမြမယ်)၊ (ဦးထွန်းကြည်-ဒေါ်စန်းရီ)၊ (ဦးသာအေး-ဒေါ်စောသင်)တို့၏ မောင်၊ (ဦးအောင်ထွေး)-ဒေါ်အင်ပို၊ (ဦးအောင်မြင့်)-ဒေါ်သန်းဆွေ၊ (ဦးငွေဝင်း)-ဒေါ်စန်းကြွယ်၊ (ဦးကျော်ဝင်း)-ဒေါ်မြသီ၊ ဦးခင်မောင်အေး-(ဒေါ်ခင်အုန်းမြင့်)၊ (ဦးတင်ယု)-ဒေါ်လှထူးတို့၏အစ်ကို၊ တူ/တူမ ၅၃ ယောက်တို့၏ဦးလေး ဦးတင်ဝေသည် ၁၁-၁၀-၂၀၂၃ (ဗုဒ္ဓဟူးနေ့) ည ၇ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ၁၅-၁၀-၂၀၂၃ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာခြင်း

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန /ရှေ့ရပ်ကွက်၊ (၉၂)လမ်း၊ အမှတ် - (၁၁၃) (၇လွှာ)တိုက်ရှိ (၅)လွှာ၊ တိုက်နှင့်မျက်နှာမူ အနေအထားမှ ကြည့်လျှင် ခေါင်းရင်းခန်းတိုက်ခန်းနှင့် အကျိုးခံစားခွင့် အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုဝန်ခံသူ ဦးသန်းနိုင်[၁၂/မဂတ(နိုင်)၀၂၀၇၆၅]ထံမှ အရောင်းအဝယ် ပြုရန်အတွက် စရန်ငွေတစ်စိတ် တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါရှိသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံတိကျသော စာရွက်စာတမ်းမူရင်း အထောက်အထားများ နှင့်တကွ ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက တိုက်ခန်း လက်ရောက်ရယူ ငွေအကျေပေးချေ အရောင်းအဝယ်စာချုပ်အား ဥပဒေနှင့်အညီ ဆက်လက်၍ ချုပ်ဆိုသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လှလှဌေး (စဉ်-၆၈၇၅)** — **ဒေါ်ထူးထူးလှိုင် (စဉ်-၁၁၃၈၂)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၂၀၃)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁၈ - ၃၇၇၄၀၆**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/လယ်ရပ်ကွက်၊ ဖျာပုံလမ်း ၊ အမှတ် (၃၈) ပေါ်တွင် ဆောက်လုပ်ထားသော (၃)ထပ်တိုက်၏ ဒုတိယထပ်၊ (၃-လွှာ)၊ အကျယ်အဝန်း (၂၅ x ၅၀)ပေရှိ တိုက်ခန်းတစ်ခန်းနှင့် ရေ၊ မီး၊ အပါအဝင် အကျိုးခံစားခွင့် အားလုံးကို ဝယ်ယူရန် လက်ရှိတရားဝင် ပိုင်ရှင်ဖြစ်သူ ဒေါ်ရင်ရင်စန်း [၁၃/တကန (နိုင်) ၁၂၉၄၀၃ ] အား ကျွန်ုပ်တို့၏ မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်း အဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

| ဒေါ်အေးမြင့်ရီ | ဒေါ်စိုးစိုးမြင့် | ဦးသိန်းညွန့် |
|---|---|---|
| BSc,DA,HGP,R.L,DBL,DML,DIL | LL.B(စဉ်-၁၀၀၆၃) | B.A,HGP,R.L,DBL,DML,DIL |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၁၇၃) | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၆၁) |
| ဖုန်း-၀၉-၇၉၈၈၂၇၅၉၀ | ဖုန်း-၀၉-၄၂၀၃၅၉၆၃ | ဖုန်း-၀၉- ၅၀၅၃၁၀၇ |

**အမှတ်-၁၄၂၊ ပထမထပ်၊ ၃၉-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ဦးလွင်ဆွေ

**ဒုတိယဗိုလ်မှူးကြီး (ငြိမ်း)**
**ကြည်း ၈၈၈၁ / ကပစ ၁/၄/၇**
**ဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း)**
**Myanmar Fritz Werner Industries Co., Ltd.**

### အသက် (၉၁)နှစ်

ရန်ကုန်မြို့နေ (သခင်လှထွန်း-ဒေါ်ခင်ညွှန့်)တို့၏ သား၊ (ဦးသောင်း-ဒေါ်တင်မေ)တို့၏ သားသမက်၊ ဒေါ်ဆွေဆွေမြင့်-(ဦးလှသိန်း)တို့၏ အစ်ကို၊ (ဒေါ်တင်တင်ထွေး)၏ ခင်ပွန်း၊ ဦးသက်ထွန်းဦး-ဒေါ်သီတာဝင်း၊ ဦးကိုကိုလွင်-ဒေါ်မိုးမိုးလွင်၊ ဒေါ်အေးအေးလွင်(အေးမာ) ဦးဝင်းထွဋ်လွင်-ဒေါ်အိအိကျော်တို့၏ ဖခင်၊ မြေး ခုနစ်ယောက်တို့၏ အဘိုး၊ မြစ် နှစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၂-၁၀-၂၀၂၃ (ကြာသပတေးနေ့) ညနေ ၃:၁၈ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၁၄-၁၀-၂၀၂၃(စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ် ဂူသွင်းမည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးကျော်မြင့်(ပဲခူး)

**လ/ထတိုင်းပညာရေးမှူး(ပဲခူးတိုင်း)(ငြိမ်း)**

### အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ ခေမာလမ်း၊ စမ်းချောင်းမြို့နယ်၊ အမှတ် (၂၅/၂၇)နေ (ဦးဘရင်-ဒေါ်သိန်းမေ)တို့၏သား၊ ဒေါ်ကျော့ခင်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးခင်မောင်စိုး-ဒေါ်မင်းမင်းကျော်(မမီ)၊ ဒေါ်သင်းသင်းကျော်(ခ)မသီ၊ ဦးသန်းဌေး-ပါမောက္ခဒေါက်တာဝင်းဝင်းကျော်(နှလုံးနှင့် ခွဲစိတ်ပညာဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)၊ ဦးစိုးမိုးနောင်-ဒေါ်ခင်မာကျော်၊ (ဦးမောင်မောင်ကျော်)-ဒေါ်မိုးမိုးကျော်၊ ဦးအောင်ဇော်မိုး-ဒေါက်တာနီနီကျော်၊ ဦးကျော်ကျော်ထက်-ဒေါ်စုစုလှိုင်၊ ဦးကျော်အောင်ထက်-ဒေါ်ချိုချိုဇင်တို့၏ ချစ်လှစွာသောဖခင်၊ မြေး ၁၅ ယောက်တို့၏အဘိုး ဦးကျော်မြင့်(ပဲခူး) သည် ၁၁-၁၀-၂၀၂၃ ရက် ည ၈:၃၅ နာရီတွင် ရန်ကုန်မြို့အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်ပါသဖြင့် ၁၂-၁၀-၂၀၂၃ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာ

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ငမိုးရိပ်)၊ (၃)လမ်း၊ အပိုင်း (၂)၊ အိမ်အမှတ် (၆၈၀)၊ ဧရိယာ (၂၅ ပေ x ၅၀ ပေ) ရှိ ဒေါ်အေးအေးသက် အမည်ပေါက် နှစ် (၆၀) ဂရန်မြေကွက်ပေါ်၌ ဆောက်လုပ်ထားသော (၆) ထပ်တိုက်၏ ဒုတိယထပ်-A (ခေါင်းရင်းဘက်အခန်း)၊ ဧရိယာ (၁၂ပေခွဲx၅၀ပေ)ရှိ ရေ၊ မီးအစုံ တိုက်ခန်းတစ်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို တရားဝင်လက်ရှိထား ပိုင်ဆိုင်လျက်ရှိသော ရောင်းချသူ ဒေါ်ဇင်မာထွေး [၁၂/ဒဂမ (နိုင်) ၀၃၀၁၂၄]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အရောင်းအဝယ် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် အထက်ပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါရှိသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၁၄)ရက် ပြည့်မြောက်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် ပြီးဆုံးသည့်တိုင်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသက်ပိုင်ကို (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၂၆၂)**
**အမှတ် (၂၈၈)၊ စိန်ပန်းမြိုင် (၄)လမ်း၊ ၁၇-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၄၆၀၈၅၉၄**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇ ၊ မြေကွက်အမှတ်-၁၀၁၂/က၊ အကျယ်အဝန်း(၂၀'x၆၀')ရှိ ဒေါ်မြရင် (ISN-၄၃၅၇၀၃) အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၇) ရပ်ကွက်၊ မင်းတပ်(၃) လမ်း၊ အမှတ်-၁၀၁၂/က ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ်အဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်ဇာခြည်ဝင်း [၁၂/ဒဂရ(နိုင်)၀၃၄၀၇၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်း မူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကြူကြူဝင်း (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၀၂၇၄/၀၉)**
**အမှတ်-၉၊ ၁၅၇လမ်း၊ (က+ဂ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၀၅၇၄၆၀၊ ၀၉-၆၉၅၇၄၇၉၇**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ထန်းပင်ကုန်းရပ်ကွက်၊ မြို့ပတ်လမ်းနှင့် ထန်းပင်ကုန်း(၈)လမ်းထောင့်၊ ကွင်း/အကွက်အမှတ်(၁၅)၊ ထန်းပင်ကုန်းတောင်ကွက်၊ ဦးပိုင်အမှတ်(၅)၊ မြေကွက်ဧရိယာ(၂. ၀၇၆)ဧကအကျယ်ရှိ မြေကွက်ကြီးအတွင်းမှ မြေကွက်အကျယ်ပေ(၂၀x၆၀)ရှိ မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား** တရားဝင်လက်ဝယ်ထားပိုင်ဆိုင်၍ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးဇော်ဝင်းမြင့်[၁၂/ပဇတ(နိုင်)၀၀၁၆၀၅] (ကိုယ်စား) ဦးသက်မျိုးပိုင် [၁၂/ပဇတ(နိုင်)၀၃၂၄၉၉] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးနေလင်းအောင်[၈/မလန(နိုင်)၀၇၃၆၄၄] က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်မည့်သူရှိပါက တိကျခိုင်လုံသော အထောက်အထား စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့် နေ့ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်သီရိဦး (LL.B) (LL.M)** | **ဒေါ်ဝေဝေဖြိုး (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၂၃၀)** | **အထက်တန်းရှေ့နေ(စဉ်-၅၀၈၀၂)** |

**အမှတ်(၉)၊ မဂ္ဂင်လမ်း၊ ပဲခူးစုရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း-၀၉-၄၂၀၁၉၇၈၆၊ ၀၉-၇၉၉၂၂၉၁၈၃**

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

## အထူးကျေးဇူးတင်ရှိခြင်း

ကျောက်ဆည်မြို့၊ ပြည်လုံးနိုင်ရပ်၊ ရန်ကုန်-မန္တလေး လမ်းမကြီး၊ (၁၈)လမ်း၊ အမှတ်(၇၀)နေ (ဒေါ်ခင်ချိုချိုခိုင်-ဥပဒေရုံး)၏ ခင်ပွန်း၊ ဒေါက်တာရှုမငြိမ်းခိုင်၊ မဖြိုးကျော့ခိုင်၊ မပိုးကျော့ခိုင်တို့၏ ချစ်လှစွာသောဖခင်၊ ကျောက်ဆည်အသင်း(ရန်ကုန်)အသင်းဝင်၊ တရားလွှတ်တော်ရှေ့နေကြီး ဦးဟာမာညွှန့်သည် ၇-၁၀-၂၀၂၃ (စနေနေ့) ည ၈ နာရီတွင် အလ္လာဟ်အသျှင်မြတ်အမိန့်တော် ခံယူသွားပါ၍ အထူးဝမ်းနည်းကြေကွဲရပါသည်။

(၂၅-၁-၂၀၂၁ မှ ၇-၁၀-၂၀၂၃)ထိ ကျန်းမာရေးမကောင်းသောဖခင်ကြီးအား လိုလေသေးမရှိ နေ့ညပြုစုစောင့်ရှောက်ကုသပေးခဲ့သော သမီး ဒေါက်တာရှုမငြိမ်းခိုင်အား အထူးကျေးဇူးတင်ရှိပါသည်။

**ဝမ်းနည်းစွာဖြင့်**
**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ရင်ရင်မွန်**
**(အထပြ-ငြိမ်း၊ TTC – ကမာရွတ်)**

### အသက် (၆၃)နှစ်

ဒေါ်ရင်ရင်မွန် အသက် (၆၃)နှစ်သည် ၈-၁၀-၂၀၂၃ ရက် (တနင်္ဂနွေနေ့) ညနေ ၅:၅၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသ ဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ကိုကျော်မင်းထိုက်-မသီတာဦး**
**(သမီး) မအင်ကြင်းထိုက်ထိုက်၊ (သား) မောင်ဖွဲ့ပြည့်မင်းထိုက်**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ ဖို့မြေလမ်း၊ အမှတ် (၁၇)၊ ပထမထပ်၊ (တိုက်ကိုမျက်နှာမူလျှင်- ဘယ်ဘက်)၊ အကျယ်အဝန်း (၁၂ ½ ပေx ၅၀ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်တွင် တွယ်ကပ်ပါရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော ဦးဌေးအောင် [၁၂/မဂတ(နိုင်) ၁၀၃၀၅၅] နှင့် ဒေါ်တင်အေး [၁၂/ပဘတ(နိုင်)၀၂၀၂၉၀] ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးသက်နိုင်ဦး [ LL.B, LL.M, MRes(Law), D.B.L]**
**အထက်တန်းရှေ့နေ (စဉ်-၃၆၉၃၃)**
**အမှတ် (၁၅)၊ မြေညီ (ဘီ) ၊ အထက်မန္တလေးလမ်းသွယ် (၃)၊**
**ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉-၉၇၅၀၂၁၈၄၁**

### အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ နဝင်းရပ်ကွက်၊ ကွင်းအမှတ် (၄-နဝင်း)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်- ၆၈၈^က၊ ၆၈၈^ခ၊ ပိုင်ဆိုင်ခွင့်-B၊ မြေအမျိုးအစား (H)၊ ဧရိယာ (၀.၀၁၈)နှင့် (၀.၀၁၀)ဧကရှိ မြေကွက်နှင့်ယင်းမြေကွက်ရှိ အမှတ် (၁၅၃၅)၊ ရွှေတောင်တန်းလမ်း၊ ရွှေလက်လှရပ်ကွက်၊ ပြည်မြို့ဟု ခေါ်တွင်သော အဆောက်အဦအား ဒေါ်ချို [၈/သရန(နိုင်)၀၆၂၅၃၇]က (၄-၅-၁၉၉၉)ရက်စွဲပါ အိမ်မြေအရောင်းအဝယ် သဘောတူစာချုပ်ဖြင့် အမည်ပေါက် ဦးတင်ရွှေထံမှ တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။

ဒေါ်ချိုပိုင်ဆိုင်သော အထက်ဖော်ပြပါအိမ်နှင့်မြေအား ၎င်း၏ခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်း၊ အာမခံထားခြင်းစသည့် တစ်နည်းနည်းလွှဲပြောင်းခြင်း လုံးဝမပြုလုပ်ကြရန်နှင့် ပြုလုပ်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ချို၏ညွှန်ကြားချက်ဖြင့်-**

| | |
|---|---|
| **ဒေါ်နန်းအောင် (LL.B)** | **ဒေါ်မရန်ဂျာဆိုင်း (LL.B,D.B.L,D.I.L)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၄၃၆၄)** | **(စဉ်-၁၁၉၅၅)** |

**အခန်း-၆၊ အမှတ်-၈၆/၈၈၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– 09–5016722, 09–5075134**

### အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၂၈ ဘီ^၂၊ မြေကွက်အမှတ် ၈၀/၃၃၊ ပါမစ်မြေကွက်၏ မြောက်ဘက်ခြမ်း၊ ၁၂ ½ ပေx ၃၀ပေ၊ မြေနှင့် ၎င်းမြေပေါ်တွင် ဆောက်လုပ်ထားသော အမှတ်- ၃၇၊ အောင်သိဒ္ဓိလမ်း၊ မုန့်/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်ဟုခေါ်တွင်သော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ကျွန်ုပ် ဦးဝင်းဗိုလ် [နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်- ၁၂/လမန(နိုင်)၀၇၃၀၂၁]ကိုင်ဆောင်သူ အနေဖြင့် မူလပါမစ်အမည်ပေါက် ပိုင်ဆိုင်သူထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယနေ့တိုင် လက်ဝယ်ထားအကျိုးခံစားလျက်ရှိပါသည်။ အခြားမည်သူတစ်ဦး တစ်ယောက်မျှ ပိုင်ဆိုင်အကျိုးခံစားခွင့်မရှိပါ။ ကျွန်ုပ်မှလွဲ၍ မည်သူမျှ ပိုင်ဆိုင်အကျိုးခံစားခွင့်မရှိကြောင်း ကြေညာအပ်ပါသည်။

**ဦးဝင်းဗိုလ်**
**[၁၂/လမန(နိုင်)၀၇၃၀၂၁]**
**အမှတ်- ၃၇၊ အောင်သိဒ္ဓိလမ်း၊ မုန့်/တောင်ရပ်ကွက်၊**
**စမ်းချောင်းမြို့နယ်။**

## ဦးထွန်းရီ

**လ/ထ ညွှန်ကြားရေးမှူး(ငြိမ်း)၊ စိုက်/မွေး**

### အသက်(၈၈) နှစ်

ဒေးဒရဲမြို့နယ်၊ ချောင်းဖျားကျေးရွာနေ (ဦးကျော်သိန်း-ဒေါ်လှတင်)တို့၏ သား၊ [ဦးသိန်း(ဇဝန)-ဒေါ်ထားအိ]တို့၏ သားသမက်၊ ဒေါ်မိမိခိုင်၏ ခင်ပွန်း၊ ဦးမိုးမြင့်ထွန်း-ဒေါ်ခင်ဝင်းမာ၊ ဦးဇော်မျိုးထွန်း-ဒေါ်ခင်ကျော့ကျော့စိုး၊ ဦးသိန်းနိုင်-ဒေါ်ကျော့ကေခိုင်တို့၏ဖခင်၊ မအင်ကြင်းမွှေး၊ မောင်ထွန်းအောင်ကျော်ဦး၊ Katherine, Klara တို့၏ ဘိုးဘိုးကြီးသည် ၁၁-၁၀-၂၀၂၃ ရက် နံနက် ၃:၄၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးများနှင့် မိတ်ဆွေများအား သိစေအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၇-၁၀-၂၀၂၃ (အင်္ဂါနေ့) နံနက်ပိုင်းတွင် ရက်လည်တရားတော်နာယူမည်ဖြစ်၍ အမှတ် (၂၂၇)၊ ပထမထပ်(ခြေရင်းခန်း)၊ (၁၂)လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် နေအိမ်သို့ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/ရှေ့ ရပ်ကွက်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ အမှတ် (၁၀၄)၊ ၅-ခန်းတွဲ ၂- ထပ်အဆောက်အဦမှ ပထမထပ်မျက်နှာမူလျက် (ဝဲအစွန်)ဟုခေါ်တွင်သည့် တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင် ဝယ်ယူပိုင်ဆိုင်ထားသော ဦးဝင်းမောင် [၁၂/အစန(နိုင် ၀၇၉၅၄၅] (ကွယ်လွန်)၏တူမ ဒေါ်နီနီဝင်း [၁၂/မဂတ(နိုင်)၀၄၃၆၇၆]ထံက တိုက်ခန်းဝယ်ယူစဉ် စာချုပ်မူရင်းမှာ ပျောက်ဆုံးသွားကြောင်းပြောဆို၍ မိမိတစ်ဦးတည်းသာလျှင် ပိုင်ဆိုင်ကြောင်း တရားရုံးကတိသစ္စာပြုလွှာတင်ပြပြီး ရောင်းချရန် ကမ်းလှမ်းချက်အရ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးမှ ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ယနေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော် (စဉ်-၄၀၃၅) LL.B,DBL,DML,DIL,DLP**
**ဒေါ်အေးအေးစိုး (စဉ်-၅၈၂၇) B.Sc,Hon(IC),HGP,R.L,D.B.L.**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးရဲမြင့်ထွန်း(LL.B) (စဉ်- ၅၀၅၂၂) အထက်တန်းရှေ့နေ**
**အမှတ် (၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel: 294766 HP: 09-501 7044**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်- ၁၃၆၊ မြေကွက်အမှတ်- ၄၁၄၊ အကျယ်အဝန်း (၄၀x၆၀) ပေအကျယ်ရှိ ဦးသောင်းညွှန့် (TDI-၀၀၆၀၉၇) အမည်ပေါက် မြေချပါမစ်အမျိုးအစားမြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ကာ လက်ရှိထားအကျိုးခံစားလျက်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ခင်သီတာငြိမ်း [၉/ပမန(နိုင်)၁၇၃၁၃၉] ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ခိုင်လုံသောအထောက်အထား ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| **တရားလွှတ်တော်ရှေ့နေများ** | **အထက်တန်းရှေ့နေများ** |
|---|---|
| **ဦးဝဏ္ဏဇော်(စဉ်-၉၇၈၀)** | **ဦးမင်းမင်း(စဉ်-၂၇၃၂၀)** |
| **ဒေါ်စိုးစိုးနွယ်(စဉ်-၁၄၁၈၃)** | **ဦးဇာနည်အောင်(စဉ်-၄၉၉၆၀)** |
| **ဒေါ်အေးမွန်သိန်း(စဉ်-၁၆၂၆၉)** | **ဒေါ်နွေးနွေးအိ(စဉ်-၄၉၄၇၁)** |

**အမှတ်-(၁၅၆)၊ ရေစက်လမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။**
**ဖုန်း- ၀၉-၄၃၁၃၃၉၉၀၊ ၀၉-၅၁၈၁၁၈၅**

### အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၂/အိုင် မြေကွက်အမှတ် (၃၆)နှင့် ၎င်းမြေကွက်ပေါ်ရှိ အမှတ် (၁၀၉)၊ (၉၁)လမ်း၊ ကန်/ရှေ့ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အဆောက်အဦသည် ဒေါ်ညွန့်ညွန့်သီ(ခ)ဒေါ်သီ [၁၂/မဂတ(နိုင်)၀၄၂၇၉၂] [ဒေါ်ညွန့်ညွန့်ရီ) [၁၂/မဂတ(နိုင်)၀၄၂၈၁၄]တို့ ပူးတွဲအမည်ပေါက်ပိုင်ဆိုင်ပါသည်။ယခုအခါ-ဒေါ်ညွန့်ညွန့်ရီ(ကွယ်လွန်)၏ သား သမီးများ ဖြစ်ကြသော [ဒေါ်စန်းစန်းဦး ၁၂/မဂတ(နိုင်)၀၀၈၀၃၉]၊ [ဦးသက်ထွန်း ၁၂/မဂတ(နိုင်)၀၂၀၆၂၆]၊ ဒေါ်သူဇာစန်း [၁၂/မဂတ(နိုင်)၀၀၉၈၈၂]၊ ဒေါ်သီတာစန်း [၁၂/မဂတ(နိုင်)၀၈၇၄၆၂]၊ ဒေါ်မဉ္ဇူထွေး [၁၂/မဂတ(နိုင်)၀၉၆၂၇၅]တို့သည် ကွယ်လွန်သူ ဒေါ်ညွန့်ညွန့်ရီ၏ အမွေဆိုင်များအဖြစ် ကျန်ရစ်ခဲ့ပါသည်။ အထက်ဖော်ပြပါ မြေ/အိမ်အပါအဝင် (ကွယ်လွန်သူ) ဒေါ်ညွန့်ညွန့်ရီ၏ ကျန်ရစ်သော၊ ရွှေ့ပြောင်း/မရွှေ့ပြောင်းသော ပစ္စည်းများ၏ ဆိုင်ရာဆိုင်ခွင့်အရပ်ရပ်ကို ကျွန်ုပ်၏မိတ်ဆွေများ ဖြစ်ကြသော ဒေါ်စန်းစန်းဦး၊ ဒေါ်သူဇာစန်း၊ ဒေါ်သီတာစန်း၊ ဒေါ်မဉ္ဇူထွေးတို့၏ အတိအလင်း သဘောတူညီမှုမရှိဘဲ အဆိုပါပစ္စည်းများကို ထုခွဲရောင်းချ/ပေါင်နှံခြင်း/ငှားရမ်းခြင်း/အလဲအလှယ်ပြုခြင်း၊ ပေးကမ်းလှူဒါန်းခြင်း၊ အာမခံအဖြစ်တင်သွင်းခြင်း၊ ပြုပြင်ပြောင်းလဲခြင်းစသည့် မည်သည့်နည်းနှင့်မျှမပြုလုပ်ရန် တားမြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| **လွှဲအပ်ညွှန်ကြားသူများ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
|---|---|
| **၁။ ဒေါ်စန်းစန်းဦး** | **ဦးလှမောင် B.A(Phi); H.G.P; R.L** |
| **၂။ ဒေါ်သူဇာစန်း** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၁၀/၈၀)** |
| **၃။ ဒေါ်သီတာစန်း** | **အမှတ်-(၉၅) ၃-လွှာ၊ ညာ (၁၀၁)လမ်း၊** |
| **၄။ ဒေါ်မဉ္ဇူထွေး** | **ဖို့မြေရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊** |
| | **ရန်ကုန်မြို့။ Phone-၀၉ ၉၇၇၃၅၉၅၆၉** |

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **မိသားစုတစ်ခုရဲ့အသက်ဟာ မိသားစုစိတ်ဓာတ်ဖြစ်သလို ပြည်ထောင်စုတစ်ခုရဲ့ အသက်ဟာလည်း ပြည်ထောင်စုစိတ်ဓာတ်ပဲဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံး မှီခိုရှင်သန်ရာ ပြည်ထောင်စုရဲ့အရိပ်အာဝါသကို အသက်သဖွယ်မြတ်နိုးတန်ဖိုးထားပြီး စုပေါင်းဆောင်ရွက်ကြရင် နိုင်ငံ့တိုးတက်မှု အရှိန်အဟုန်ကောင်းတွေဟာ ရပ်တန့်နေမှာ မဟုတ်ပါဘူး။ ကျွန်တော်တို့သွားလိုတဲ့ပန်းတိုင်ကို မဖြစ်မနေ ရောက်ရှိမယ်လို့ ယုံကြည်ပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့တွင်ကျရောက်သော မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ နှစ်သစ်ကူးအခါသမယတွင် ပြောကြားသည့် မြန်မာနှစ်သစ်ကူး နှုတ်ခွန်းဆက်မင်္ဂလာစကားမှ ကောက်နုတ်ချက်)


ယနေ့ ဖတ်စရာ

**ဆက်လက်လျှောက်လှမ်းရဦးမည့် ငြိမ်းချမ်းရေးခရီး**

ဆောင်းပါး စာမျက်နှာ » ၆

**ထိုင်းနိုင်ငံ၌ မိုဘိုင်းဖုန်းများတွင် အရေးပေါ်အခြေအနေဆိုင်ရာ စာတိုပေးပို့သည့်စနစ် ဆောင်ရွက်မည်**

စာမျက်နှာ » ၁၃

**သာစည်မြို့နယ်၌ ငွေကျပ် ၁ ဒသမ ၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများသိမ်းဆည်းရမိ**

စာမျက်နှာ » ၁၄

**၂၀၂၃ ခုနှစ် စက်တင်ဘာလအတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ချက်**

စာမျက်နှာ » ၁၈


## ရူပဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာပါရှိ

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူပြုစေရန် ရူပဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၆နှင့် ၁၇ တွင် ဖော်ပြထားပါသည်။

# ကျန်းမာရေးဝန်ကြီးဌာနမှ သွားနှင့်ခံတွင်း အထူးကုဆရာဝန်ကြီးများ မိုင်းလားဒေသတွင် သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းဆေးကုသ



ကျန်းမာရေးဝန်ကြီးဌာနမှ သွားနှင့်ခံတွင်း အထူးကုဆရာဝန်ကြီးများ ဆီလူးဒေသတွင် နေထိုင်ကြသော ဒေသခံတိုင်းရင်းသားများကို သွားနှင့် ခံတွင်းကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းဆေးကုသစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၂**

ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနမှ ပါမောက္ခ ဒေါက်တာခင်မောင် ဦးစီး၍ သွားနှင့်ခံတွင်းအထူးကုဆရာဝန်များ၊ သွားတုကျွမ်းကျင်သူများ၊ သွားဘက်ဆိုင်ရာ သူနာပြုများနှင့် စေတနာ့ဝန်ထမ်းများ အပါအဝင် စုစုပေါင်း ၃၂ ဦးပါဝင်သည့် ဆေးကုသရေးအဖွဲ့နှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းလားဒေသအတွင်းရှိ မိုင်းလား၊ မိုင်းဆော၊ ဆမ်တောက်၊ ဆီလူး ဒေသတို့တွင်နေထိုင်ကြသော ဒေသခံတိုင်းရင်းသားများကို သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာများ သွားရောက်ဆောင်ရွက်ပေးခဲ့သည်။

စာမျက်နှာ ၁၇ ကော်လံ ၅ သို့ ❂


## ကမ္ဘာ့ဖလား ပထမအဆင့်ခြေစစ်ပွဲတွင် မြန်မာအသင်း အိမ်ကွင်း၌ ဂိုးပြတ်အနိုင်ရ

**ရန်ကုန် အောက်တိုဘာ ၁၂**

၂၀၂၆ ကမ္ဘာ့ဖလား အာရှဇုန် ပထမအဆင့်ခြေစစ်ပွဲ ပထမအကျော့အဖြစ် မြန်မာ့လက်ရွေးစင်အသင်းနှင့် မကာအိုလက်ရွေးစင်အသင်းတို့ အောက်တိုဘာ ၁၂ ရက်က ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ မြန်မာအသင်းက ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

**ဂိုးပြတ် အနိုင်ရ**

မြန်မာအသင်းသည် အိမ်ကွင်းပွဲတွင် ဂိုးပြတ်အနိုင်ရသဖြင့် နောက်တစ်ဆင့်တက်ရောက်ရန် အခြေအနေကောင်းသွားပြီဖြစ်သည်။ မြန်မာအသင်းသည် မိနစ် ၈၀ အထိ နှစ်ဂိုး-တစ်ဂိုးဖြင့်သာ အနိုင်ရနေသော်လည်း ပွဲပြီးခါနီးသွင်းဂိုးများကြောင့် ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ❖



မြန်မာအသင်း ကွင်းလယ်ကစားသမား လွင်မိုးအောင်၏ထိုးဖောက်မှုကို မကာအိုနောက်ခံလူ ဖျက်ထုတ်နေစဉ်။